မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက် | ၂၀၁၉ ခုနှစ်၊ ဧပြီ ၁ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ် (၁၈၃)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို မိသားစု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်တင်မြှောက်ပွဲအတွက် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်ရှိ အမှတ်(၃)မဲရုံ၌ ဆန္ဒမဲပေးရန် မဲလက်မှတ်များ ထုတ်ယူနေစဉ်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို မိသားစု

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်တင်မြှောက်ပွဲသို့ လာရောက်ဆန္ဒမဲပေး

ရန်ကုန် မတ် ၃၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်ပြီး သက်ဆိုင်ရာမဲဆန္ဒနယ် အသီးသီး၌ ကျင်းပလျက်ရှိရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချို မိသားစုတို့သည် ယနေ့နံနက် ၈ နာရီတွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်ရှိ အမှတ် (၃) မဲရုံ၌ လာရောက်ဆန္ဒမဲပေးကြသည်။

ထိုသို့ ဆန္ဒမဲပေးရာတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ကျော်၊ တာမွေမြို့နယ် စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

သတင်းစဉ်

ထူးခြားသည့်နေ့အပူချိန်များ

၃၁-၃-၂၀၁၉

ချောက်မြို့	၄၂	ဒီဂရီစင်တီဂရိတ်	မန္တလေးမြို့	၄၀	ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၁	ဒီဂရီစင်တီဂရိတ်	မြင်းခြံမြို့	၄၀	ဒီဂရီစင်တီဂရိတ်
တောင်ငူမြို့	၄၁	ဒီဂရီစင်တီဂရိတ်	ညောင်ဦးမြို့	၄၀	ဒီဂရီစင်တီဂရိတ်
မုံရွာမြို့	၄၀	ဒီဂရီစင်တီဂရိတ်	ရမည်းသင်းမြို့	၄၀	ဒီဂရီစင်တီဂရိတ်
ကျောက်ဆည်မြို့	၄၀	ဒီဂရီစင်တီဂရိတ်	အောင်လံမြို့	၄၀	ဒီဂရီစင်တီဂရိတ်
တံတားဦးမြို့	၄၀	ဒီဂရီစင်တီဂရိတ်	တောင်တွင်းကြီးမြို့	၄၀	ဒီဂရီစင်တီဂရိတ်
နေပြည်တော် (ဇေယျာသီရိမြို့နယ်)	၄၀	ဒီဂရီစင်တီဂရိတ်	ဂန့်ဂေါမြို့	၄၀	ဒီဂရီစင်တီဂရိတ်
ပျဉ်းမနားမြို့	၄၀	ဒီဂရီစင်တီဂရိတ်	ဆင်ဖြူကျွန်းမြို့	၄၀	ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၀	ဒီဂရီစင်တီဂရိတ်	ဘော်လခဲမြို့	၄၀	ဒီဂရီစင်တီဂရိတ်

မိုး/ဇလ

မြန်မာ့အလင်း

ပြည်သူလူထုနှင့် ဒီမိုကရေစီခရီး

မြန်မာနိုင်ငံသူ နိုင်ငံသားများသည် မျိုးချစ်စိတ်ရှိသည့်နေရာတွင်မူ စံတင်လောက်သည်ဟု ထင်၏။ နိုင်ငံအရေးကို စိတ်ဝင်တစားရှိကြသကဲ့သို့ နိုင်ငံ့အရေးနှင့် ပတ်သက်လာလျှင်လည်း ပါဝင်လိုကြသူများဖြစ်၏။

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ ဒီမိုကရေစီအရေးတော်ပုံအစရှိသည့် နိုင်ငံအတွက် အရေးကြုံကြသည့်အခါတိုင်း အသက်စွန့်၊ စည်းစိမ်ဥစ္စာစွန့်၊ ချွေးသွေးကိုရင်းကာ ရင်ဆိုင်ခဲ့ကြသည်ချည်း။

ယင်းသို့သော တိုက်ပွဲမျိုးသာမက ဥပဒေဘောင်တွင်းက ရင်ဆိုင်ရသည့် ဒီမိုကရေစီရေးတိုက်ပွဲများတွင်လည်း ကျန်ရစ်နေသည်မရှိ။ ၁၉၉၀ အထွေထွေရွေးကောက်ပွဲကို ဖြစ်စေ၊ ၂၀၁၂၊ ၂၀၁၅ ရွေးကောက်ပွဲကို ဖြစ်စေ နိုင်ငံအတွက် အရေးကြီးသည့် လိုအပ်မှုအဖြစ် သဘောထားကာ အင်တိုက်အားတိုက် မဲပေးကြ၏။

အတိုချုပ်ဆိုရပါမူ နိုင်ငံ၏အရေးကိစ္စဟု ယူဆရမည့် နေရာတိုင်းတွင် မြန်မာပြည်သူတို့သည် ပါဝင်ပတ်သက်ကြသည်၊ ပါးပါး နပ်နပ်လည်းရှိသည်၊ မည်သည့်အခြေအနေတွင် မည်သို့ရင်ဆိုင် ရုန်းကန်ရမည်ကို နားလည်ကာ ပါဝင်ခဲ့ကြသည်သာဖြစ်၏။

တွန်းလှန် ရုန်းကန်ခဲ့ကြရသော တိုက်ပွဲတိုင်းမှာ ရှေ့တန်းကပါဝင်ဆင်နွှဲခဲ့ကြကာ အောင်ပွဲများလည်း တစ်ဆင့်ပြီးတစ်ဆင့် ရရှိခဲ့သည်ချည်း ဖြစ်ပါ၏။ သည်လိုနှင့် ပြည်သူတို့က ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်အများစုဖြင့် ဖွဲ့စည်းသည့် လွှတ်တော်များ၊ အစိုးရများဟူ၍ ပေါ်ပေါက်လာခဲ့သည်။

နှစ်ပေါင်းများစွာ ဒုက္ခအမျိုးမျိုးခံ၊ အနစ်နာအမျိုးမျိုးခံကာ ရုန်းကန်ခဲ့ကြရသော ပြည်သူလူထုသည် မိမိတို့တင်မြှောက်လိုက်သော အစိုးရနှင့် လွှတ်တော်အသီးသီးတို့ကို များစွာမျှော်လင့်ခဲ့ကြ၏။ နှစ်ပေါင်းများစွာ ရုန်းကန်ခဲ့ရသည်တို့အတွက် နိုင်ငံ၏တိုးတက်ပြောင်းလဲမှုများနှင့်အတူ မိမိတို့၏ ဘဝများသည်လည်း တိုးတက်ပြောင်းလဲလာကြရေးကို အမျှော်ကြီးမျှော်ကြ၏။

သို့သော်လည်း မျှော်သလောက် အားရစရာမဖြစ်သေး။

လက်တွေ့ဘဝများက ရင်ဆိုင်စရာပြဿနာတို့က ဒုနဲ့ဒေးဖြစ်သကဲ့သို့ နှစ်ရှည်ကြာ ပုံထားခဲ့သည့် အမှိုက်ပုံကြီးက ဟည်းထနေဆဲဖြစ်၏။ ပြည်သူလူထု၏ မျှော်လင့်ချက်နှင့် ပေါ်ထွန်းလာမှုတို့က ဝေးကွာနေဆဲဖြစ်သည့်အခါ နိုင်ငံ၏အကျပ်အတည်းကို လွှမ်းမိုးသြဇာ သက်ရောက်နေသည့် ခုခံမှုများကို ဝေဖန်ပြောဆိုလာကြ၏။ ထိုအခုအခံ များက ပြည်သူ့အစိုးရနှင့် ဆက်စပ်ရောထွေးမှုများ များပြားနေသည့်အခါ အခြေခံအကျဆုံးသော ပြဿနာတစ်ခုဖြစ်သည့် လက်ရှိအခြေခံဥပဒေကို ပြင်ဆင်နိုင်ရေး ဆန္ဒပြပွဲများ ပေါ်ပေါက်လာ၏။

အလွန်အင်မတန် ခက်ခဲကြမ်းတမ်းလှသော အချိန်၊ ပြင်းထန်သည့် ဖိနှိပ်မှုများအောက်တွင် ရပ်တည်ခဲ့ကြရသော အချိန်များမှာပင် လက်ဖက်ရည် ဆိုင်မှာဖြစ်စေ၊ နီးစပ်ရာတစ်နေရာမှာဖြစ်စေ ကျိတ်ဝိုင်းလေးများဖွဲ့ကာ တီးတိုးတိုင်ပင်ကြ၊ အချိုးမကျနမှုများကို ရယ်ပွဲဖွဲ့ကြ၊ ဝေဖန်ကြ၊ တောက်ခေါက်ကြဖြင့် နေခဲ့ကြသည့် ပြည်သူလူထုသည် ယနေ့တွင် မိမိတို့၏ ဒီမိုကရေစီအခွင့်အရေးကို ဆွဲကိုင်ကာ သဘောထားများကို ရဲရဲထုတ်ဖော်လာကြ၏။

သည်ကနေ့ ကာလများတွင် တယ်လီဖုန်းကိုယ်စီကိုင်ရင်း ဆိုရှယ်မီဒီယာများပေါ်မှာ ပြောကြဆိုကြ ဝေဖန်ကြလာသည်။ တိုးတိုး တိတ်တိတ်ခေတ်ကို ကျော်ခဲ့ကြပြီ ဖြစ်သည့်အတွက် အသံများက ပိုမိုကျယ်လောင်လာနေ၏။

ထို့ပြင် ဒီမိုကရေစီအပြောင်းအလဲများကို မျှော်လင့်ရင်း၊ ဝန်းရံကြရင်းက ခုခံမှုအားများ၏ အတွန်းအတိုက်များ၊ ပွတ်မှုပွန်းမှုများကြားတွင် ခေတ်ဟောင်းစနစ်ဟောင်းကို ဖက်တွယ်ထားလိုသူများ၏ အသံများ၊ လက်ရှိအနေအထားကို အားမလိုအားမရဖြစ်နေကြသည့် အသံများနှင့် ဆက်လက်လျှောက်လှမ်းရေးကို ထောက်ခံအားပေးကြသည့်အသံများ စသည်တို့က ကွဲလွဲမှုများအတွင်း ဆူညံလာနေသည်မှာ မဆန်းဟု ဆိုရပါမည်။ မည်သို့ပင်ဖြစ်စေ ထိုသို့သော ကျယ်လောင်လာနေသည့် အငြင်းအခုန်များသည်ပင် ဒီမိုကရေစီ၏ အမှတ်လက္ခဏာများအဖြစ် သဘောထားရမည်ဟု ယူဆပါသည်။

ထို့ပြင် ဤသည်တို့ အားလုံးသည် ပြည်သူလူထု၏ နိုင်ငံရေးစိတ်ဝင်စားမှု ရေချိန်မြင့်မားလျက်ရှိနေဆဲဖြစ်သည်ကို ဖော်ပြနေခြင်းဟု မှတ်ယူထိုက်ပါ၏။ အဆိုပါ နိုးကြားနေမှုများသည် အပေါင်းလက္ခဏာ ဖြစ်ပါ၏။ ထိုသို့သော ရှစ်လေးလုံးအရေးတော်ပုံက စတင်ခဲ့သည့် ဒီမိုကရေစီစိတ်ဓာတ်သည် နိုင်ငံအကျိုးအတွက် အားကိုးအားထားပြုရမည့် စိတ်ဓာတ်ဖြစ်ပါ၏။

ယင်းတို့နှင့်အတူ ရှေ့ဆက်လှမ်းရမည့် ပန်းတိုင်က ခရီးရှည်ဆဲဖြစ်သည့်အတွက် ပညာဉာဏ်နှင့်ယှဉ်တွဲသည့် နိုးကြားမှု၊ ရင့်ကျက်သည့် ရုန်းကန်မှုတို့ကို ဇွဲမလျှော့ဘဲ ဆုပ်ကိုင်ထားကြရဦးမည်ဟု တင်ပြလိုက်ရပါကြောင်း။ ။

ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ကို ပြည်သူ့ရင်ပြင်၌ ငါးရက်တိုင်ကျင်းပမည်

နေပြည်တော် မတ် ၃၁

ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ကို ရွှေတိဂုံစေတီတော်ခြေရင်း ပြည်သူ့ရင်ပြင်၌ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှ ၅ ရက်အထိ(၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁၂ ရက်မှ တန်ခူးလဆန်း ၁ ရက်အထိ) ငါးရက်တိုင် ကျင်းပမည်ဖြစ်ပြီး ဓမ္မသဘင်ကျင်းပသည့် ရက်များအတွင်း နေ့စဉ် ည ၇ နာရီ၌ ဆရာတော်ကြီးများက တရားအလှူ ပေးသွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်တွင် အရှင်ဇနကာဘိဝံသ(ချမ်းမြေ့ဆရာတော်)၊ ဧပြီ ၂ ရက်တွင် အရှင်သိရိန္ဒာဘိဝံသ(ယောဆရာတော်)၊ ဧပြီ ၃ ရက်တွင် ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်းဆရာတော်)၊ ဧပြီ ၄ ရက်တွင် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရဆရာတော်)နှင့် ဧပြီ ၅ ရက်တွင် ဒေါက်တာအရှင်ဓမ္မသာမိ (အောက်စဖို့ဒ်ဆရာတော်)တို့က တရားအလှူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အနုပညာအထက်တန်းကျောင်း(မန္တလေး)၏ အောင်လက်မှတ်အပ်နှင်းပွဲ၊ ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် စွမ်းရည်ပြတင်ဆက်ကပြပွဲများ ကျင်းပ

မန္တလေး မတ် ၃၁

အနုပညာ အထက်တန်းကျောင်း (မန္တလေး) ၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်သင်တန်းဆင်းအောင်လက်မှတ်အပ်နှင်းပွဲ၊ ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် စွမ်းရည်ပြတင်ဆက်ပွဲအခမ်းအနားကို ယမန်နေ့က အမျိုးသားဇာတ်ရုံ(မန္တလေး)၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြတ်သူ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် အနုပညာဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော ပန်းချီကားများ၊ ပန်းပုရုပ်တုများကို လှည့်လည်ကြည့်ရှုပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပန်းတျာဌာန ထူးချွန်ဆုရရှိသူ ခုနစ်ဦးအား လည်းကောင်း၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပန်းချီ၊ ပန်းပုဌာန ထူးချွန်ဆုရရှိသူ ခြောက်ဦးနှင့် စံပြကျောင်းသားဆုရရှိသူ တစ်ဦးအား လည်းကောင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် အနုပညာဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ်က ပန်တျာဌာန သင်တန်းဆင်းကျောင်းသား ကျောင်းသူ ၁၃ ဦး၊ လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်မိုးက ပန်းချီ ပန်းပုသင်တန်းဆင်း ကျောင်းသား ကျောင်းသူ ကိုးဦးအား လည်းကောင်း သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ၏ သင်တန်းဆင်း စွမ်းရည်ပြတင်ဆက်ကပြပွဲနှင့် ဇာတ်တော်ကြီး ဖျော်ဖြေတင်ဆက် ကပြမှုများကို ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

သတင်းစဉ်

ဧရာတ်ကောင်းမြို့နယ်၌ အဝေးပြေးယာဉ်ရပ်နားစခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

ဧရာတ်ကောင်း မတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဧရာတ်ကောင်းမြို့တွင် အဝေးပြေးယာဉ်ရပ်နား

ဧရာတ်ကောင်းမြို့နယ် အဝေးပြေးယာဉ်ရပ်နားစခန်း ဖွင့်ပွဲကျင်းပစဉ်။

စခန်းဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ ရက်က အဆိုပါအဝေးပြေးယာဉ်ရပ်နားစခန်း၌ ကျင်းပသည်။ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ငပုတောမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဒေါက်တာစိုးသိန်း၊ တိုင်းဒေသကြီး မော်တော်ယာဉ်စစ်ဆေးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ငပုတောမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ဒေါက်တာစိုးသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မော်တော်ယာဉ်စစ်ဆေးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်က အဝေးပြေးယာဉ်ရပ်နားစခန်း၏ စံရည်စံညွှန်းများနှင့် ဥပဒေစည်းမျဉ်း၊ စည်းကမ်းများ၊ အဝေးပြေးယာဉ်ရပ်နားစခန်းဖြစ်မြောက်ရေးကော်မတီဝင် ဦးသန်းညွန့်က အဝေးပြေးယာဉ်ရပ်နားစခန်းဖြစ်ပေါ်လာပုံကို ပြောကြားသည်။

ယင်းအထိမ်းအမှတ် အခမ်းအနားကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ငပုတောမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ဒေါက်တာစိုးသိန်း၊ တိုင်းဒေသကြီး မော်တော်ယာဉ်စစ်ဆေးကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဝေးပြေးယာဉ်ရပ်နားစခန်းဝင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ပြုံးမောင်မောင် (ပြန်/ဆက်)

ငါန်းဇွန်မြို့၌ မိုးရွာသွန်းမှုကြောင့် သီးနှံပျက်စီးမှုများအပေါ် ထောက်ပံ့ငွေပေးအပ်

ငါန်းဇွန် မတ် ၃၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၂၉ ရက်က ၂၀၁၈-၂၀၁၉ ခုနှစ် မိုးရွာသွန်းမှုကြောင့် သီးနှံပျက်စီးမှုများအပေါ် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း က သီးနှံပျက်စီးမှုအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်က သီးနှံများ စိုက်ပျိုးသည့် တောင်သူများအတွက် ပျက်စီးဆုံးရှုံးမှုများအပေါ် ထောက်ပံ့ငွေပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မိုးမြင့်က ထောက်ပံ့ငွေပေးအပ်မည့် နှမ်းမဲ ၂၃၂ ဧက၊ မိုးနှမ်း ၅၃ ဧကနှင့် အစေ့ထုတ်ပြောင်း တစ်ဧက၊ စုစုပေါင်း ၂၈၆ ဧကအတွက် ထောက်ပံ့ငွေကျပ် ၁၁၈ သိန်းကျော်ကို ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီများမှတစ်ဆင့် တောင်သူများအား ပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီး မှူးတို့က ၂၀၁၈-၂၀၁၉ ခုနှစ် မိုးရွာသွန်းမှုကြောင့် သီးနှံပျက်စီးမှုများဖြစ်ပေါ်ခဲ့သော ကျေးရွာအုပ်စု ကိုးအုပ်စုမှ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီများထံ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်နောင်ဦး (ငါန်းဇွန်)

သီးနှံပျက်စီးမှုများအတွက် ထောက်ပံ့ငွေပေးအပ်စဉ်။

ဥပဒေကို လေးစားရမှာဖြစ်

“ယခုဆိုရင် မိမိတို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းအစပေါ်မှာ စတင်ခြေချ လျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလို ဒီမိုကရေစီ လမ်းမပေါ်မှာ ခြေချခါစ အခြေအနေ အချိန်အခါဟာ အင်မတန်အရေးကြီးလှပြီး လမ်းလျှောက်တတ်ခါစ ကလေးကို ဂရုစိုက်သလို ပြိုလဲမသွားအောင်၊ လဲပြိုကျမသွားအောင် ဟန်ချက်ညီညီနဲ့ သတိတရား ဆင်ခြင်ပြီးတော့ ထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။ မိမိတို့အနေနဲ့ ဒီမိုကရေစီကို ရှင်သန်စေလိုတယ်ဆိုရင် ဥပဒေကို လေးစားရမှာဖြစ်သလို သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမှာ ဖြစ်ပါတယ်”

[၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားသို့ ပေးပို့သည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ သဝဏ်လွှာမှ ကောက်နုတ်ချက်]

စုပေါင်းအင်အားနဲ့လုပ်ဆောင်ကြပါစို့

“လွတ်လပ်ရေးဖခင်ကြီးများ မျှော်မှန်းခဲ့တဲ့ တရားမျှတမှုနဲ့ လွတ်လပ်တဲ့နိုင်ငံ၊ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ အာမခံမယ့် ဖြူစင်တဲ့ဝါဒ ကျင့်သုံးတဲ့နိုင်ငံ အမှန်တကယ် ဖြစ်စေဖို့ စုပေါင်းအင်အားနဲ့လုပ်ဆောင်ကြပါစို့”

[၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ၂၀၁၇ ခုနှစ်အတွက် နိုင်ငံတော် အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းမှ ကောက်နုတ်ချက်]

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ “နီပေါရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ၂၀၁၉” သို့ တက်ရောက်

နေပြည်တော် မတ် ၃၁

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းသည် နီပေါနိုင်ငံ ကတ္တမန္ဒူးမြို့တွင် မတ် ၂၉ ရက် မှ ၃၀ ရက်အထိ ကျင်းပခဲ့သော “နီပေါရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ၂၀၁၉” သို့ တက်ရောက်ခဲ့သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးကို နီပေါနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ စက်မှု၊ စီးပွားရေးနှင့် ထောက်ပံ့ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ရန် ပူးတွဲကျင်းပခြင်း ဖြစ်သည်။ အဆိုပါ ထိပ်သီးအစည်းအဝေးသို့ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ဒုတိယဥက္ကဋ္ဌများ၊ ပြည်ပကိုယ်စားလှယ်များအပါအဝင် နိုင်ငံပေါင်း ၄၀ တို့မှ စုစုပေါင်းကိုယ်စားလှယ် ၁၃၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် နီပေါနိုင်ငံ၊ ဝန်ကြီးချုပ် Mr. K.P. Sharma Oli၊ နီပေါ ဘဏ္ဍာရေးဝန်ကြီး Dr. Yuba Raj Khatiwada နှင့် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းတို့က အမှာစကားပြောကြားသည်။ နီပေါဝန်ကြီးချုပ်က ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရာတွင် နိုင်ငံရေးတည်ငြိမ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးရေးတို့သည် အရေးပါကြောင်း ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့ကဲ့သို့ နိုင်ငံများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးမှာ အရေးကြီးသဖြင့် စိုက်ပျိုးရေးကို အခြေခံသောစက်မှုကဏ္ဍကို အားပေးမြှင့်တင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် လိုအပ်ကြောင်း အကြံပြုပြောကြားသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် နီပေါနိုင်ငံသမ္မတ H.E. Mrs. Bidya Devi Bhandari အား နီပေါသမ္မတအိမ်တော်သို့ သွားရောက်ဂါရဝပြုတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် နီပေါဝန်ကြီးချုပ် H.E. Mr. K.P. Sharma Oli နှင့် လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pradeep Kumar Gyawali၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Yuba Raj Khatiwada နှင့် လည်းကောင်း၊ စွမ်းအင်၊ ရေအရင်းအမြစ်နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Barsaman Pun Ananta နှင့် လည်းကောင်း၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Raghubir Mahaseth နှင့် လည်းကောင်း တွေ့ဆုံခဲ့ပြီး ခရီးသွားလာရေးဆိုင်ရာ ကိစ္စရပ်များ၊ လေကြောင်းဆက်သွယ်ရေး အပါအဝင် ဒေသတွင်းနိုင်ငံများအကြား ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အဆိုပါထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့မှ တက်ရောက်လာကြသော လုပ်ငန်းရှင်များအချင်းချင်းတွေ့ဆုံပွဲသို့ တက်ရောက်၍ မြန်မာနှင့် နီပေါ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားပြီး ဒေသခံ ရုပ်/သံမီဒီယာအချို့နှင့် တွေ့ဆုံခဲ့သည်။

ထိပ်သီးအစည်းအဝေးကာလအတွင်း နီပေါနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာပေါင်း ၁၅ ခု တို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုချက် ၁၇ ခု တို့ကို လက်ခံရရှိကြောင်းလည်း သိရှိရသည်။ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းနှင့် နီပေါနိုင်ငံ ကန်ထရိုက်တာများ အသင်းချုပ် (Federation of Contractors’ Associations of Nepal) တို့သည်လည်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း နီပေါနိုင်ငံသမ္မတ H.E. Mrs. Bidya Devi Bhandari အား နီပေါသမ္မတ အိမ်တော်၌ သွားရောက်ဂါရဝပြုတွေ့ဆုံစဉ်။ သတင်းစဉ်

ထိပ်သီးအစည်းဝေးသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဗန္ဓုသေလာဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ကွန်ကရစ်တောင်တက်ကားလမ်းဖွင့်ပွဲ ကျင်းပ

ပေါင် မတ် ၃၁

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဘိလပ်မြေပံ့ပိုး ကူညီမှုဖြင့် ပေါင်မြို့နယ် ကျုံကကျေးရွာ အုပ်စုတွင် တည်ထားကိုးကွယ်သော ဗန္ဓုသေလာဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ကွန်ကရစ်တောင်တက်ကားလမ်း ဖွင့်ပွဲကို မတ် ၃၁ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်၊ ပေါင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမင်းအောင်တို့က တောင်တက်ကားလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ပြည်နယ်ဝန်ကြီး ဦးမင်းကျော်လွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမင်းအောင်တို့ တောင်တက်ကားလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အစိုးရအဖွဲ့အနေဖြင့် တံတား၊ လမ်း၊ လျှပ်စစ်မီး၊ သောက်သုံးရေရရှိရေး အစရှိသည့်ကိစ္စများ တာဝန်ယူဆောင်ရွက်ပေးနေမှုများ ရှိသလို ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးနေမှုများလည်းရှိကြောင်း၊ ပေါင်မြို့နယ်တွင် ရေတူးဖော်မရသည့် ကွင်းရွာများတွင် အဆင့်မြင့် သောက်ရေးကန်တစ်ကန်လျှင် ကျပ်သိန်း ၁၃၀၀ ကျော်တန်ဖိုးရှိ ကန်သုံးကန်ကို တူးဖော်ပေးသွားမည်ဖြစ်ကြောင်း၊ နွေစပါးစိုက်ပျိုးရေးအတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်သော ရေပေးစနစ်များဖြင့် ရေလုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် ပြည်နယ်အစိုးရမှရရှိသည့် ဘတ်ဂျက်အပေါ် မူတည်၍ အဂတိလိုက်စားမှုမဖြစ်အောင် ပွင့်လင်းမြင်သာစွာ ချပြပေးလျက်ရှိသည့်အပြင် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်က ပြည်နယ်အတွင်းရှိ ကျေးရွာများအတွက် ဘိလပ်မြေအိတ်များကို နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ပေါင်မြို့နယ်တွင် အိတ်ပေါင်း သုံးသောင်းကျော်ခန့် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ တောင်တက်ကားလမ်းအဆင့်မြှင့်တင်ပေးခြင်းအားဖြင့် လမ်းခရီးကောင်းမွန်လာသည့်အတွက် နိုင်ငံခြားသားခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာပြီး ဒေသခံများလည်း အလုပ်အကိုင်အခွင့်အလမ်း ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း ပြောသည်။

အဆိုပါ တောင်တက်ကားလမ်းမှာ ၁၄ ပေအကျယ်၊ ၆ လက်မထု၊ အရှည် ၃၂၈၃ ပေကို ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးထားသောဘိလပ်မြေအိတ် ၄၄၀၀ အိတ်ဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ကွန်ကရစ်လမ်းခင်းခြင်းဖြစ်ပြီး ဘုရားရင်ပြင်ပေါ်အထိ ရောက်ရှိအောင် ကွန်ကရစ်လမ်းခင်းနိုင်ရန် မွန်ပြည်နယ်အစိုးရအဖွဲ့ထံသို့ ထပ်မံအကူအညီတောင်းခံသွားမည် ဖြစ်ကြောင်း ဦးထွန်းမင်းအောင်က ဆက်လက်ပြောသည်။

ကိုဟိန်း(ပေါင်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် မတ် ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ လေ့လာရေးခရီးစဉ်အဖြစ် ယနေ့ ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာသွားရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်တို့ လိုက်ပါသွားကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲကျင်းပ

ရန်ကုန် မတ် ၃၁

ရန်ကုန်မြို့နေပြည်သူများ မျှော်လင့်နေသည့် သန့်ရှင်းသာယာလှပပြီး စည်းကမ်းရှိသည့်မြို့တော်ကြီးအဖြစ် အကောင်အထည်ဖော်ဆောင်ပေးနိုင်မည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှစတင်၍ ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်တွင် တစ်ပြိုင်နက်တည်းကျင်းပရာ မဲဆန္ဒရှင်ပြည်သူများသည် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးသို့ လာရောက်ဆန္ဒမဲပေးကြသည်။

မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်မှ မဖြူဖြူထွန်းက "ကိုယ့်ရပ်ကွက်ကို ဘာတွေအထောက်အကူပြုနိုင်မလဲ၊ ဘာတွေ လုပ်ပေးနိုင်မလဲဆိုတဲ့အပေါ်မှာ ကိုယ်ယုံကြည်တဲ့ ကိုယ်စားလှယ်လောင်းကို မဲထည့်ခဲ့တယ်။ အနိုင်ရတဲ့ ကိုယ်စားလှယ်အနေနဲ့ လမ်းတွေ၊ ရေမြောင်းတွေကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးစေချင်တယ်။ ရန်ကုန်မြို့ကြီးကို ပြုပြင်ပြောင်းလဲဖို့ အများကြီး လုပ်ရပါဦးမယ်။ အဲဒီလိုအပ်ချက်တွေကို နောက်ထပ် တင်မြှောက်ခံရမယ့် ကိုယ်စားလှယ်တွေအနေနဲ့ လုပ်ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲတွင် ဝင်ရောက်အရွေးခံကြသည့် ကိုယ်စားလှယ်လောင်းများသည်လည်း ရွေးကောက်ပွဲမဲဆွယ်ကာလတွင် ရန်ကုန်မြို့နေပြည်သူများ၏ မျှော်လင့်ချက်အတိုင်း သန့်ရှင်းသာယာလှပပြီး စည်းကမ်းရှိသည့် မြို့တော်ကြီးအဖြစ် ပြောင်းလဲပေးနိုင်မည့် အစီအစဉ်များကို ရန်ကုန်မြို့နေ မဲဆန္ဒရှင်ပြည်သူများထံ ကတိကဝတ်များ ပြုခဲ့ကြသည်။

မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ကိုယ်စားလှယ်လောင်း ဦးစိန်ထွန်းက "စည်ပင်နဲ့ပတ်သက်လို့ ပြည်သူတွေ အလေးအနက်ထားတဲ့ ကိစ္စတွေ၊ လိုအပ်ချက်တွေကို ဥပဒေဘောင်အတွင်းက ဥပဒေနဲ့အညီ ဖြည့်ဆည်းပေးသွားမယ်။ အကျင့်ပျက်ခြစားမှုတွေကို တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့အတူ ကိုယ်နိုင်သလောက် တိုက်ဖျက်သွားမယ်။ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကိုနားထောင်ပြီး ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးသွားမယ်။ ရန်ကုန်မြို့ကြီး စည်းကမ်းတကျ ဖွံ့ဖြိုးတိုးတက်ဖို့ တစ်ထောင့်တစ်နေရာကနေ လုပ်ဆောင်ပေးသွားမယ်" ဟု ပြောသည်။

ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း ၃၃ မြို့နယ်တွင် ကျင်းပသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၃ ဒသမ ၄ သန်းရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲတွင် မြို့တော်ကော်မတီဝင်နေရာအတွက် ၂၇ ဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနေရာအတွက် ၉၉ ဦး၊ မြို့နယ်အဖွဲ့ဝင် (၁) နေရာအတွက် ၇၄ ဦးနှင့် မြို့နယ်အဖွဲ့ဝင် (၂) နေရာအတွက် ၇၂ ဦး စုစုပေါင်း ကိုယ်စားလှယ်လောင်း ၂၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကိုယ်စားလှယ်လောင်းများအား မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရာတွင် မဲလက်မှတ် လေးစောင်ထုတ်ယူရပြီး မြို့တော်ကော်မတီဝင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အဖွဲ့ဝင် (၁) နှင့် မြို့နယ်အဖွဲ့ဝင် (၂) နေရာများအတွက် မဲဆန္ဒပေးရကြောင်း သိရသည်။

မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးသည့် မဲဆန္ဒရှင်ပြည်သူများ စနစ်တကျ လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်အလိုက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ကျောက်တံတားမြို့နယ် အမှတ် (၇) ရပ်ကွက် ရပ်ကွက်ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းနိုင်ဦးက "အမှတ် (၇) ရပ်ကွက်မှာ မဲရုံ (၁)၊ (၂)၊ (၃) ဆိုပြီး စုစုပေါင်း မဲရုံ သုံးရုံ ရှိတယ်။ အားလုံးပေါင်း မဲပေးပိုင်ခွင့်ရှိသူဦးရေ ၂၄၀၀ ကျော် ရှိပါတယ်။ မဲလာထည့်တဲ့အပေါ် စနစ်တကျဖြစ်အောင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးတွေကို ဆရာ၊ ဆရာမတွေက တာဝန်ယူထားပါတယ်။ အတွေ့အကြုံရှိတဲ့သူတွေပါပဲ။ အခက်အခဲတော့မရှိပါဘူး။ မြို့နယ်ကလည်း စနစ်တကျ သင်တန်းတွေပေးထားပါတယ်" ဟု ပြောသည်။

စည်ပင်ရွေးကောက်ပွဲကို ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်တွင် မဲဆန္ဒနယ် ခြောက်ခု သတ်မှတ်ကာ မဲရုံပေါင်း ၂၈၇၉ ရုံရှိကြောင်း မဲဆန္ဒနယ် (၁) တွင် တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သဃ်န်းကျွန်း၊ မဲဆန္ဒနယ် (၂)တွင် ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ မဲဆန္ဒနယ် (၃) တွင် ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ ဗဟန်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ တာမွေ၊ ကမာရွတ်၊ ရန်ကင်း၊ မဲဆန္ဒနယ် (၄)တွင် ကျောက်တံတား၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ မဲဆန္ဒနယ် (၅)တွင် လှိုင်သာယာ၊ အင်းစိန်၊ မဲဆန္ဒနယ် (၆)တွင် မရမ်းကုန်း၊ လှိုင်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာမြို့နယ်တို့ ပါဝင်ကြောင်း သိရသည်။

ကျောက်တံတားမြို့နယ် (၇)ရပ်ကွက်မှ ဦးမှတ်ကြီးက "လူမှန်နေရာမှန် အများအကျိုးသယ်ပိုးမယ့်သူကိုပဲ မဲပေးခဲ့ပါတယ်။ အရင်အစိုးရလက်ထက်တုန်းကလည်း စည်ပင်ရွေးကောက်ပွဲ လုပ်ခဲ့တယ်။ အခုရွေးကောက်ပွဲကတော့ ပိုပြီး ပွင့်လင်းမြင်သာမှုရှိပါတယ်။ စည်ပင်နဲ့ပတ်သက်ပြီးပြောရရင် နောက်ဖေးလမ်းကြား သန့်ရှင်းစေချင်တယ်။ အိမ်ရှေ့တွေမှာ လမ်းလျှောက်လို့မရအောင် ပန်းအိုးတွေ ချထားတယ်။ ဒါကိုလည်း တက်လာမယ့်ကိုယ်စားလှယ်တွေ ရှင်းပေးစေချင်ပါတယ်" ဟု ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲကို ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သန့်ရှင်းလွတ်လပ်ပြီး တရားမျှတစွာဖြင့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်လွယ်ကူစွာ မဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျစီမံဆောင်ရွက်ပေးခဲ့ကြသည့်နည်းတူ အရပ်ဘက်လေ့လာစောင့်ကြည့်ရေးအဖွဲ့များကလည်း သက်ဆိုင်ရာမဲရုံများအလိုက် လာရောက်ကြည့်ရှုလျက်ရှိသည်။

အလားတူ မဲရုံသို့ လာရောက်ဆန္ဒမဲပေးကြသည့် ကျန်းမာရေးမကောင်းသော မဲဆန္ဒရှင်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းမဲဆန္ဒရှင်များအတွက် လူမှုရေးအဖွဲ့အစည်းများကလည်း ကူညီဆောင်ရွက်ပေးကြသည်။

မြတ်ကုသိုလ် လူမှုကယ်ဆယ်ရေးအသင်းဥက္ကဋ္ဌ ဦးသန်းဝင်းက "လာရောက် မဲထည့်ကြတဲ့ မဲဆန္ဒရှင်ပြည်သူတွေ၊ သက်ကြီးရွယ်အိုတွေအတွက် လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ကူညီပေးနေတာပါ။ ချော်လဲပြီး ခြေခေါက်သွားတာ တစ်ယောက်ပဲ ရှိပါတယ်။ ဆေးလိမ်း၊ ပတ်တီးစည်းပေးပြီး အိမ်ပြန်ပို့ပေးခဲ့ပါတယ်။ ကျန်တဲ့ ကျန်းမာရေးဖောက်ပြန်မှုမျိုးတော့ မရှိပါဘူး။ မဲဆန္ဒရှင်ပြည်သူတွေ စိတ်အေးချမ်းသာစွာနဲ့ မဲပေးနိုင်အောင် တစ်ဖက်တစ်လမ်းက ပါဝင်ကူညီ စောင့်ရှောက်ခွင့်ရတဲ့အတွက် အသင်းအနေနဲ့ ဂုဏ်ယူဝမ်းမြောက်မိပါတယ်" ဟု ပြောသည်။

ယနေ့ကျင်းပသည့် စည်ပင်ရွေးကောက်ပွဲတွင် ညနေ ၄ နာရီနောက်ပိုင်း မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များက မဲပုံးများကို ဖွင့်ဖောက်၍ ခိုင်လုံမဲနှင့်ပယ်မဲတို့ကို စနစ်တကျရေတွက်ပြီး သက်ဆိုင်ရာမှတ်တမ်းစာအုပ်များ မှတ်တမ်းရေးသွင်းကာ ရရှိလာသည့်မဲများအပေါ် အနိုင်အရှုံးရလဒ်ကို ယနေ့ညပိုင်းမှစတင်ကာ ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-မင်းသစ်(MNA)၊ ဇော်ကြီး

မတ် ၃၁ ရက်က ပြုလုပ်သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်တင်မြှောက်ပွဲတွင် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်(မြတ်ဝတ်ရည်ခန်းမ) မဲရုံ၌ လာရောက်ဆန္ဒမဲပေးသူများကို တွေ့ရစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဒလမြို့နယ်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲ၌ မဲဆန္ဒရှင်ပြည်သူများ လာရောက်ဆန္ဒမဲပေး

ရန်ကုန် မတ် ၃၁

မတ် ၃၁ ရက်တွင်ကျင်းပသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်တင်မြှောက်ပွဲကို ယနေ့ နံနက် ၆ နာရီ မှစတင်၍ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်ပေါင်း ၃၃ မြို့နယ်၌ တစ်ပြိုင်နက်ကျင်းပလျက်ရှိရာ ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ မဲရုံပေါင်း ၁၈၀ တွင် မဲဆန္ဒရှင်ပြည်သူများ သက်ဆိုင်ရာ မဲရုံအသီးသီးသို့ လာရောက်ဆန္ဒမဲပေးကြကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲတွင် ဒလမြို့နယ်၌ ကိုယ်စားလှယ် ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မဲပေးပိုင်ခွင့်ရှိသူ ၈၇၀၀၂ ဦး ရှိပြီး မဲရုံပေါင်း ၁၈၀ ရုံ ထားရှိကြောင်း မြို့နယ်စည်ပင်သာယာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးသူများ စနစ်တကျ လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့် ဒုတိယမဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ညနေ ၄ နာရီတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် မဲပုံးများကိုဖွင့်ဖောက်၍ ခိုင်လုံမဲနှင့် ပယ်မဲတို့ကို စနစ်တကျရေတွက်ကြပြီး သက်ဆိုင်ရာ မှတ်တမ်းစာအုပ်များ၌ မှတ်တမ်းရေးသွင်းကြသည်။ မြို့နယ်စည်ပင်သာယာ ရွေးကောက်ပွဲတွင် လေ့လာစောင့်ကြည့်သူများမှ သက်ဆိုင်ရာ မဲရုံများအလိုက် လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

နိုင်လင်းကျော်(ဒလ)

ပါမောက္ခချုပ်များကော်မတီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၃၁

ပါမောက္ခချုပ်များကော်မတီ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး(၁/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပါမောက္ခချုပ်များကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ပါမောက္ခချုပ်များ ကော်မတီအနေဖြင့် ဖွဲ့စည်းပြီးစီးသည့် အချိန်မှစ၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များကို ဇုန်ခုနစ်ဇုန် ခွဲပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့ပြီး ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်း ထိရောက်ပွင့်လင်းမြင်သာစွာချပြ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းတွင် ပထမအကြိမ် ပါမောက္ခချုပ်များ နှစ်ပတ်လည်ညီလာခံကိုလည်း ကျင်းပခဲ့ရာ အဆင့်မြင့်ပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲနှင့်အတူ ပါမောက္ခချုပ်များကော်မတီအနေဖြင့် လုပ်ငန်းကော်မတီကိုးခု ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ယင်းကော်မတီကိုးခုအနေဖြင့် တက္ကသိုလ်များ၏ အရည်အသွေးဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် ပူးပေါင်းဆောင်ရွက်ရာတွင် ယခုအချိန်တွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်အားကောင်းစွာ ရှိလာပြီဖြစ်ပါကြောင်း။

တက္ကသိုလ်ဝင်ခွင့်များ၊ ဘွဲ့သင်တန်းများနှင့်ပတ်သက်သည့် အစီအစဉ်များ၊ သင်ကြားသင်ယူမှု အရည်အသွေးကောင်းမွန်လာစေရေး ဆောင်ရွက်သည့် အစီအစဉ်များ၊ အိုင်စီတီလိုအပ်ချက်များ ဖြည့်ဆည်းရေး၊ အင်္ဂလိပ်စာအရည်အသွေး ကောင်းမွန်မြင့်မားလာစေရေး ဆောင်ရွက်ပေးရန်နှင့် သုတေသန ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် အရေးကြီးပါကြောင်း၊ သုတေသနလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ကမ္ဘာ့နိုင်ငံများက အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တက္ကသိုလ်များ၏ အသက်သွေးကြောသည် သုတေသနလုပ်ငန်းများပင် ဖြစ်ပါကြောင်း၊ တက္ကသိုလ်များအနေဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာကြီး၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိထိရောက်မည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ပြီး တီထွင်ဆန်းသစ်မှုများကိုလည်း ဆောင်ရွက်ရန် တက္ကသိုလ်များသည် အရေးကြီးပါကြောင်း။

ယခုကာလများကို ပြန်လည်ကြည့်ပါက သုတေသနစာတမ်းများ ပိုမိုရေးသားလာနိုင်သည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ သို့သော် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မိမိတို့တက္ကသိုလ်များသည် မူဝါဒပိုင်းမှစ၍ ဘွဲ့ရလူငယ်မောင်မယ်များကို ပြုစုပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် လုပ်ငန်းခွင်တွင် အထောက်အကူပြုသည့် သင်တန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တက္ကသိုလ်ဝင်ခွင့်မှ ဘွဲ့ရလူငယ်များ ပြုစုပျိုးထောင်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် အရေးကြီးပါကြောင်း၊ မိမိတို့၏ကြိုးပမ်းအားထုတ်ဆောင်ရွက်မှုများကို ညီညီညွတ်ညွတ် ပူးပေါင်းပြီး မလျှော့သောဇွဲလုံ့လဖြင့် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားပညာရေး မူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ မျိုးကြွယ်က အမှာစကားပြောကြားပြီး ပါမောက္ခချုပ်များ၊ ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဇော်ဝေစိုးက ပါမောက္ခချုပ်များကော်မတီ၏ ဒုတိယအကြိမ် နှစ်ပတ်လည် ညီလာခံကျင်းပရန် ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများနှင့် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအား ဆွေးနွေးတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီကိုးခုမှ ဥက္ကဋ္ဌများက လုပ်ငန်းကော်မတီအလိုက် ဒုတိယအကြိမ် နှစ်ပတ်လည်ညီလာခံအတွက် ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ အထူးပြုပညာရပ်အဖွဲ့ ရှစ်ဖွဲ့မှ အဖွဲ့ခေါင်းဆောင်များက ဒုတိယအကြိမ် နှစ်ပတ်လည်ညီလာခံအတွက် ဆွေးနွေးဆောင်ရွက်မည့် ကြိုတင်ပြင်ဆင်မှုများအား ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဇော်ဝေစိုးတို့က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်ထူထောင်ရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဖားကန့်မြို့သို့ရောက်ရှိပြီး ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကျောက်မျက်ကုမ္ပဏီများ၏ ပျိုးဥယျာဉ်တွင် မန်ဂျန်ရှားပျိုးပင်များ စိုက်ပျိုးထားရှိမှုနှင့် ပိတ်သိမ်းပြီး သက်တမ်းကုန်လုပ်ကွက် မြေနေရာများတွင် မြေများပြန်ဖို့၍ မန်ဂျန်ရှားပြန်လည်စိုက်ပျိုးပြီး ဖြစ်ထွန်းအောင်မြင်မှုများကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လက်ရှိတူးဖော်ခွင့်ရလုပ်ကွက်တွင် ဘေးအန္တရာယ်ကင်းရှင်းစွာ တူးဖော်နိုင်ရေးအတွက် လစ်လပ်၊ မက်လင်ချောင်း အကျိုးတူ (၂) လုပ်ကွက်အတွင်း ခေါင်းပေါင်းမြေဖယ်ရှားနေခြင်းကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဖားကန့်မြို့နယ်ရှိ စုပေါင်းရုံးတွင်ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အဖွဲ့ ဖားကန့်ဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကျောက်မျက်ကုမ္ပဏီများ ပိတ်သိမ်းပြီး သက်တမ်းကုန်လုပ်ကွက်မြေနေရာများတွင် မြေများပြန်ဖို့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

မူးယစ်ဆေးပြဿနာ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ပြည်နယ်သည် ငြိမ်းချမ်းမှုမရှိသဖြင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ကြောင်း၊ အထူးသဖြင့် ဖားကန့်ဒေသတွင် တရားဥပဒေစိုးမိုးမှု အားနည်းခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ပြည်သူများအပေါ် စေတနာထား၍ အကောင်းဆုံးဝန်ဆောင်မှုပေးကြစေလိုကြောင်း၊ မူးယစ်ဆေးပြဿနာကို ပြည်သူများနှင့်ပူးပေါင်း၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ဖားကန့်ဒေသ ရွှေ့ပြောင်းလုပ်သားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်များ ဆောင်ရွက်ထားရှိမှုများ တင်ပြဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက ဝေ့ခါကျေးရွာ တိုက်နယ်ဆေးရုံမြေရရှိရေး ကြန့်ကြာနေမှု၊ ခက်ကျန်ရွာတွင် အိမ် ၂၂ လုံးပြိုကျနိုင်မှု၊ မြေအက်ကွဲကြောင်းများဖြစ်ပွားမှု၊ မြေပြိုကျနိုင်မှု၊ ဟောင်ပါးကျေးရွာ အုပ်ချုပ်ရေးမှူး ပြန်လည်ခန့်ထားပေးနိုင်ရေး၊ ဒေသခံတိုင်းရင်းသားများအတွက် အလုပ်အကိုင်ရရှိရေး၊ မြေဂရန်ရရှိရေးနှင့် အသေးစားချေးငွေရရှိရေး၊ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး၊ မြေစာပြိုကျ၍ အိမ်များပြိုကျမှုအခြေအနေများကိုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေး၊ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းနှင့် အိမ်တွင်းမှုလျှပ်စစ်သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာ၌ ဖားကန့်ဒေသတွင် မူးယစ်ဆေးဖြတ်သူများ ပြန်လည်ထူထောင်ရေးသင်တန်းကို ပထမဆုံးအကြိမ် ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့သော ရပ်ရွာအခြေပြုသင်တန်းများကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား ၃၀ သာ လက်ခံနိုင်ရာ စိတ်ပါဝင်စားသူ များပြားသည်ဟု သိရှိရကြောင်း၊ ပြန်လည်ထူထောင်လိုသူများကို ရပ်ရွာ၊ ရပ်မိရပ်ဖများ၊ လူမှုအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်ကိုတွေ့ရ၍ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ ပြည်နယ်အစိုးရ၏ ပူးပေါင်းပါဝင်မှုကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဖားကန့်မြို့နယ် ဒေသခံသင်းအုပ်ဆရာက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး သင်တန်းဆင်းသင်တန်းသားများကို ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။ ဆက်လက်၍ သင်တန်းသားများက "အမွေခံဆိုးရဲ့နောင်တ" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်း

ယမန်နေ့ညနေပိုင်းကလည်း ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမတွင် ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်း ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဖားကန့်ဒေသရှိ ရွှေ့ပြောင်းလုပ်သားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ခွဲ ခြောက်ခုတို့ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဖားကန့်ဒေသတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးသင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ရေရှည်တည်တံ့စေရန် အရပ်ဘက်အဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဖားကန့်ဒေသ တရားဥပဒေစိုးမိုးရေးလုပ်ငန်းအဖွဲ့ခွဲ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခွဲ၊ မြေယာစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ခွဲ၊ အသက်မွေးဝမ်းကျောင်းသင်တန်းပေးရေးနှင့် အလုပ်အကိုင်ရှာဖွေပေးရေးလုပ်ငန်းအဖွဲ့ခွဲ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့ခွဲတို့၏ ဥက္ကဋ္ဌများဖြစ်ကြသော ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ဘေးကင်းလုံခြုံမှုရှိသော ပတ်ဝန်းကျင်ဖော်ဆောင်

ဖားကန့်ဒေသ ကျောက်စိမ်းရတနာမြေသည် နိုင်ငံတော်၏ ကျောက်မျက်သယံဇာတထွက်ရှိရာ အဓိကနေရာဖြစ်ရာ ဒေသခံများအတွက်သာမက နိုင်ငံအနှံ့အပြားမှ ရွှေ့ပြောင်းအလုပ်သမားအများစု အလုပ်အကိုင်အခွင့်အလမ်းရရှိနေသော ဒေသဖြစ်ပါသည်။ ဤဒေသတွင် တရားဥပဒေစိုးမိုးရေးနှင့် အလုပ်သမားများ ဘေးကင်းလုံခြုံမှုရှိသော ပတ်ဝန်းကျင်ဖော်ဆောင်ပေးနိုင်ရေး၊ ကျောက်မျက်နှင့် ဆက်စပ်သောအလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ပြန်လည်ဦးစားပေးဆောင်ရွက်နိုင်ရေး၊ ရွှေ့ပြောင်းလုပ်သားများ များပြားလာခြင်းကြောင့် ရပ်ရွာတိုးချဲ့ထူထောင်ရာတွင် ဥပဒေနှင့်အညီ မြေယာစီမံခန့်ခွဲမှုစနစ်တကျဆောင်ရွက်ရေးတို့ကို ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များနှင့် လူမှုအဖွဲ့အစည်းများ၊ ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ဆန်စပါးအစိုဓာတ်တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန်ခြေရာခံစနစ်တည်ထောင်ခြင်းဆိုင်ရာ အသိပညာပေး

တောင်ငူ မတ် ၃၁

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ အကူအညီဖြင့် ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် (Kett Electric Laboratory) တို့ ကြီးမှူးကျင်းပသော ဆန်စပါးအစိုဓာတ်တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန်ခြေရာခံစနစ်တည်ထောင်ခြင်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မတ် ၃၀ ရက်က တောင်ငူမြို့ ကေတုမတီဘိုးဘွား ရိပ်သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အရှေ့ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကိုကိုကြီးက အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဝေက စီမံကိန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ ချမှတ်ထားသော နောက်ကြောင်းပြန်ခြေရာခံစနစ်အောက်တွင် အစိုဓာတ်ပါဝင်မှုကို သင့်လျော်စွာ တိုင်းတာစစ်ဆေးခြင်းမှတစ်ဆင့် မျှတမှုမရှိသော ဆန်စပါးကုန်သွယ်ရောင်းဝယ်မှုကို လျှော့ချရန်အတွက် ရလဒ်ကောင်းများရရှိလာရေး ဆောင်ရွက်သွားရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်ကျော်က ဆန်စပါးအစိုဓာတ်တိုင်းတာခြင်းအပေါ် နောက်ကြောင်းပြန်ခြေရာခံစနစ် သိကောင်းစရာများကို ပြောကြားပြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းတင့်က ဆန်စပါးတွင်ပါဝင်သော အစိုဓာတ်တိုင်းတာခြင်းဆိုင်ရာ ကွင်းဆက်မပြတ်စံဖြင့် တိုက်ကြည့်စစ်ဆေးခြင်းစနစ်အား ရှင်းလင်းပြောကြားသည်။ စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဝေရီလင်းက မြန်မာနိုင်ငံ ဆန်စပါးအစိုဓာတ် တိုင်းတာခြင်းဆိုင်ရာ နောက်ကြောင်းပြန်ခြေရာခံစနစ် တည်ထောင်ခြင်းစီမံကိန်းနှင့်ပတ်သက်၍ ပြောကြားပြီး သီးနှံအစိုဓာတ်တိုင်း ကိရိယာများထုတ်လုပ်သော Kett Electric Laboratory, Japan အကြောင်းနှင့် တိုင်းတာရေးကိရိယာများအကြောင်းကို ရှင်းလင်းတင်ပြပြီး Japan Development Service မှ Consultent Mr. Takamichi Ide က စပါးအစိုဓာတ်တိုင်းကိရိယာများအား စံဖြင့်တိုက်ကြည့် စစ်ဆေးခြင်းစီမံချက်မှ ကွင်းဆင်းစစ်ဆေးခြင်း၏ ရလဒ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

ဆန္ဒနှင့်ဘဝ ပညာရေး

သိန်းထွန်း (IR)

တက္ကသိုလ်ဝင်စာမေးပွဲများ မတ် ၁၅ ရက်က ပြီးဆုံးပြီဖြစ်သည်။ ကောင်းစွာဖြေဆိုနိုင်သော ကျောင်းသားများရှိသကဲ့သို့ အသင့်အတင့်ဖြေဆိုနိုင်သူများ ရှိကြသော်လည်း စာမေးပွဲဖြေဆိုပြီးသည့်အခါတွင်မူ တစ်နှစ်စာ ရင်တွင်းမှ အပူလုံးကြီးတစ်ခု ကျသွားသဖြင့် ပေါ့ပါးသွားသည်ကတော့ အမှန်ပင်။

စာမေးပွဲကို ကိုယ်တိုင်ဖြေဆိုကြရသည့် ကျောင်းသားများနည်းတူ တစ်နှစ်ပတ်လုံး စိတ်ရော၊ ကိုယ်ရော ပင်ပန်းနေကြရသူများမှာ မိဘများပဲဖြစ်သည်။ ကိုယ်တိုင်မဖြေကြရသော်လည်း သားသမီးများ တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာ ဖြေဆိုနိုင်ရေး၊ လိုအပ်သည်များ ပံ့ပိုးပေးနိုင်ရေးအတွက် ငွေရှာရသည်၊ ကျောင်းရှာရသည်၊ ဆရာရှာရသည်၊ ကျူရှင်ရှာရပါသည်။ ကာယကံရှင် ကျောင်းသား ကျောင်းသူများအပါအဝင် မိဘများသည် တက္ကသိုလ်ဝင်တန်း ထူးချွန်စွာ အောင်မြင်ရေး ကြိုးပမ်းရသည့် အကြောင်းရင်းကို အားလုံးသိပြီး ဖြစ်ပါသည်။ တက္ကသိုလ်ဝင်တန်းသည် ကျောင်းသားများအတွက် ဘဝအဆုံးအဖြတ် စာမေးပွဲ ဖြစ်နေသေးခြင်းကြောင့်ပင် ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲအတွက် မိဘများနှင့် ကျောင်းသားများ ကိုယ်စိတ်ပင်ပန်းစွာ ကြိုးပမ်းနေသည်ကို မြင်သည့် မိတ်ဆွေတစ်ဦးက ပြောပါသည်။ “ဘာလို့များ ဒီလောက်ကြိုးစားနေကြတာလဲဗျာ၊ ၁၀ တန်းကို ထူးထူးချွန်ချွန် မအောင်လည်း ဘာဖြစ်သလဲ၊ သူတို့စိတ်ဝင်စားတဲ့ အခြားနေရာတွေမှာ ထူးချွန်အောင် ကြိုးစားလို့ရတာပဲ” ဟု ပြောပါသည်။ မိတ်ဆွေ၏ စကားကို အပြည့်အဝ ထောက်ခံပါသည်။ သို့သော် ခြွင်းချက်ရှိပါသည်။

ဝါသနာနှင့် ဘဝရပ်တည်မှု

လက်ရှိ မိမိတို့နိုင်ငံ၏အခြေအနေသည် ပရော်ဖက်ရှင်နယ် အသက်မွေးဝမ်းကျောင်း ပညာရပ်မှလွဲ၍ ကျန်သော ပညာရပ် သို့မဟုတ် ဘာသာရပ်များသည် ဘဝရပ်တည်ရေးအတွက် အထောက်အပံ့ဖြစ်နိုင်ပါသလား။ လက်တွေ့ကျကျ စစ်တမ်းကောက်ယူကြည့်စေလိုပါသည်။ နည်းပါးလှစွာသော ရာခိုင်နှုန်းမှလွဲ၍ ကျန်သောသူများအတွက် မိမိရရှိထားသော အထူးပြုဘာသာရပ်ဖြင့် ဘဝရပ်တည်ရန် ခက်ခဲသည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ထိုသို့ဆိုခြင်းမှာ အထူးပြုဘာသာရပ်များကို အထင်သေးစွာ ပြောလိုခြင်းမဟုတ်။ ရရှိထားသောပညာနှင့် အသက်မွေးဝမ်းကျောင်းနိုင်မှုအကြား ကွာဟချက်ဖြစ်နေခြင်းကို ဖော်ပြလိုရင်းပင် ဖြစ်သည်။ ပြီးခဲ့သောနှစ်က သမိုင်းဘာသာရပ်ယူမည့် ကျောင်းသားမရှိဆိုသည့် သတင်းဖတ်ရသည့်အခါ များစွာစိတ်မကောင်းမိ။ သမိုင်းဘာသာရပ်ကို စိတ်မဝင်စားခြင်းလား၊ သမိုင်းဘာသာရပ်ဖြင့် ဘဝအသက်မွေးဝမ်းကျောင်း မရပ်တည်နိုင်ခြင်းကြောင့်လား ဆန်းစစ်ကြည့်မိပါသည်။

ယနေ့ကျောင်းသားများနှင့် မိဘများအတွက် ဝါသနာနှင့် ဘဝရပ်တည်မှု တစ်ထပ်တည်းကျရန် သို့မဟုတ် ရွေးချယ်ကြရန် အခက်အခဲများစွာ ရှိနေသည်မှာ လက်တွေ့အခြေအနေပင် ဖြစ်ပါသည်။ မည်သည့်မိဘမဆို သားသမီးများ ပညာရပ်အားဖြင့်ဖြစ်စေ၊ ဘဝရပ်တည်မှုအားဖြင့်ဖြစ်စေ အဆင်ပြေပြေ ရပ်တည်စေလိုသည်မှာ မိဘတိုင်း၏ ဆန္ဒဖြစ်မည်မှာ သေချာပါသည်။ ဆန္ဒနှင့်ဘဝဟုလည်း ဆိုနိုင်ပါသည်။

အသက်မွေးပညာရပ်ဖြင့် ကျောင်းပြီးသော ကျောင်းသားများအတွက် ဘဝအသက်မွေးမှုအတွက် ရုန်းကန်ရမှု နည်းသော်လည်း အခြားဘာသာရပ်အားဖြင့် ကျောင်းပြီးသော ကျောင်းသား ကျောင်းသူများအတွက်မူ ဘဝရပ်တည်ရေးအတွက် ထပ်မံရုန်းကန်ကြိုးစားကြရပါသည်။ ထို့အတွက် တက္ကသိုလ်ဝင်တန်းတွင် အမှတ်ကောင်းကောင်းရ၍ အသက်မွေးဝမ်းကျောင်းသို့ တက်ခွင့်ရရန် ကြိုးစားကြခြင်းပင် ဖြစ်သည်။ ဤနေရာတွင် ကျောထောက်နောက်ခံကောင်းသော မိဘများအတွက် သားသမီးများအား အသက်မွေးဝမ်းကျောင်းရန် စီးပွားရေး လက်ငုတ်လက်ရင်းအားဖြင့် ဖြစ်စေ၊ ငွေကြေးအရင်းအနှီးအားဖြင့်ဖြစ်စေ ပံ့ပိုးထောက်ကူပေးနိုင်သော်လည်း သာမန်လက်လုပ်လက်စားများ၊ ဝန်ထမ်းများအတွက်မူ ပညာသည်သာ အရင်းအနှီး၊ ပညာသည်သာ ဘဝအသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် ရည်မှန်းကြိုးစားကြရသည်။ တစ်နည်းအားဖြင့် ဘဝအသက်မွေးဝမ်းကျောင်းအတွက် ပညာကို အရင်းအနှီးအဖြစ် သားသမီးများကို အမွေပေးသည်ဟု သဘောထားကြိုးစားကြရသည်။ သို့ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲသည် ယနေ့ထက်တိုင် ဘဝအဆုံးအဖြတ်အဖြစ် ရှိနေဆဲပင်ဖြစ်သည်။

> **“ကျောထောက်နောက်ခံကောင်းသော မိဘများအတွက် သားသမီးများအား အသက် မွေးဝမ်းကျောင်းရန် စီးပွားရေး လက်ငုတ်လက်ရင်းအားဖြင့်ဖြစ်စေ၊ ငွေကြေးအရင်းအနှီးအားဖြင့်ဖြစ်စေ ပံ့ပိုးထောက်ကူပေးနိုင်သော်လည်း သာမန်လက်လုပ်လက်စားများ၊ ဝန်ထမ်းများအတွက်မူ ပညာသည်သာ အရင်းအနှီး၊ ပညာသည်သာ ဘဝအသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် ရည်မှန်းကြိုးစားကြရသည်။ တစ်နည်းအားဖြင့် ဘဝအသက်မွေးဝမ်းကျောင်းအတွက် ပညာကို အရင်းအနှီးအဖြစ် သားသမီးများကို အမွေပေးသည်ဟု သဘောထားကြိုးစားကြရသည်။ သို့ဖြစ်ရာ တက္ကသိုလ်ဝင် စာမေးပွဲသည် ယနေ့ထက်တိုင် ဘဝအဆုံးအဖြတ်အဖြစ် ရှိနေဆဲပင်ဖြစ်”**

မူဝါဒအကောင်အထည်ဖော်မှု

အမျိုးသားပညာရေးမူဝါဒ ၁၆ ချက်တွင် တက္ကသိုလ်ဝင်ခွင့် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကို သင်ယူသူကိုယ်တိုင်ရွေးချယ် လျှောက်ထားခွင့်ရှိပြီး တက္ကသိုလ်ဝင်ခွင့်ကို အခြေခံပညာအထက်တန်းစာမေးပွဲ ရမှတ်ဖြင့်သာ စိစစ်ဆုံးဖြတ်ရွေးချယ်ခြင်းမဟုတ်ဘဲ တက်ရောက်လိုသည့် တက္ကသိုလ် ပဋိညာဉ်စာတမ်းနှင့်အညီ စိစစ်ရွေးချယ်သည့်စနစ်ထားရှိရေးဆိုသည့် အချက်တစ်ချက်လည်း ပါဝင်ပါသည်။

သို့ဖြစ်ရာ တက္ကသိုလ်ဝင်ခွင့်အတွက် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရမှတ်သည် ယခုကဲ့သို့ အရေးမကြီးတော့ဘဲ မိမိတက်ရောက်လိုသည့် တက္ကသိုလ်သို့ ဝင်ခွင့်ရရေးသည်သာ အဓိကဖြစ်လာမည်ဖြစ်သည်။ ထိုအခါတွင်လည်း ကျောင်းသားများအနေဖြင့် စိတ်ဝင်စားရာ ဘာသာရပ်များသို့ တက်ရောက်ခွင့်ရရှိရေးကြိုးစားကြမည်လား၊ ဘဝအသက်မွေးမှုနှင့် ယှဉ်သည့်အသက်မွေးတက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိရေး ကြိုးစားကြမည်လားဆိုသည်မှာ သင်ကြားမှုနှင့် အလုပ်အကိုင်ရရှိမှုအခြေအနေပေါ်တွင် မူတည်နေဦးမည်ဟု ယူဆမိပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍစုံပြုပြင်ပြောင်းလဲနေဆဲကာလတွင် အရေးကြီးလိုအပ်ချက်တစ်ရပ်မှာ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်ပင်ဖြစ်ပါသည်။ ယင်းလိုအပ်ချက်အတွက် အမျိုးသားပညာရေးမူဝါဒတွင်လည်း ထည့်သွင်းဖော်ပြထားသည်ကို အောက်ပါအတိုင်း တွေ့ရပါသည် -

- အမျိုးသားပညာရေးမူဝါဒတွင် လူမှုစီးပွားရေးဘဝတွင် လက်တွေ့အသုံးချနိုင်သည့် ပညာရေးဖြစ်စေရေး၊
- ပညာရပ်နယ်ပယ်အားလုံးကို တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာကျွမ်းကျင်သူများကို အဆင့်အလိုက် မွေးထုတ်ရေး။

ပညာရေးမူဝါဒအရ နိုင်ငံတော်အတွက် လိုအပ်သော လူသားအရင်းအမြစ်များကို မွေးထုတ်ပေးရန် ဖြစ်ပါသည်။ ယခုလည်း လူသားရင်းမြစ်များ မွေးထုတ်ပေးနေဆဲဖြစ်ပါသည်။

သို့သော် ထွက်ရှိလာသော လူသားရင်းမြစ်များနှင့် အသုံးချနိုင်မှုကွာဟနေခြင်းသည် မိဘများနှင့် ကျောင်းသားများ၏ ပညာရေးမျှော်မှန်းချက်များအပေါ် ဦးတည်ချက် ပြောင်းလဲစေသည်ကို တွေ့ရပါသည်။

ထို့အတူ မြန်မာ့ပညာရေးကဏ္ဍကို မြှင့်တင်ခြင်းဖြင့် လူသားရင်းမြစ်များကို မွေးထုတ်ပေးနေသော်လည်း တစ်ဖက်တွင် Human capacity flight ဖြစ်နေခြင်း၊ learning and employment ကွာဟချက် ကြီးမားနေခြင်းများကြောင့် လက်ရှိအခြေအနေတွင် လူသားရင်းမြစ် ရှားပါးခြင်းများနှင့် ရင်ဆိုင်နေရဆဲအခြေအနေ ဖြစ်ပါသည်။ ယင်းသည် အမျိုးသားပညာရေးမူဝါဒအရ ပညာရေးဝန်ကြီးဌာနမှ လူသားရင်းမြစ်များ မွေးထုတ်နေသော်လည်း ယင်းလူသားရင်းမြစ်များအား အသုံးချနိုင်မှု သို့မဟုတ် အလုပ်ခန့်ထားနိုင်မှု လိုအပ်နေဆဲအခြေအနေများကြောင့် ကျောင်းသား ကျောင်းသူများ ဘွဲ့ရအလုပ်လက်မဲ့ဖြစ်နေခြင်း၊ ပြည်တွင်း ပြည်ပ ဦးနှောက်ယိုစီးမှုများကြောင့် လူသားရင်းမြစ်ရှားပါးနေခြင်း ဖြစ်ပေါ်နေသည်ကို တွေ့ရပါသည်။

ဆန္ဒနှင့် ဘဝ

မြန်မာနိုင်ငံ၏ ပညာရေးသည် ပြောင်းလဲဆဲအခြေအနေဖြစ်ပါသည်။ သို့ဖြစ်သည့်အတွက် ပြုပြင်ရန်လိုအပ်ချက်များ၊ ဖြည့်ဆည်းရန် လိုအပ်ချက်များ၊ အချိန်ယူပြောင်းလဲရန်များ ရှိနေဆဲဖြစ်ပါသည်။ ဆောင်ရွက်ဆဲကာလ ဖြစ်သဖြင့် လိုအပ်ချက်များရှိနေမည်ကိုလည်း နားလည်လက်ခံရပါမည်။ မြန်မာနိုင်ငံ၏ အလုံးစုံ စီးပွားရေးကဏ္ဍများ လျင်မြန်စွာနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် လူသားရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသောလုပ်ငန်းစဉ် တစ်ရပ်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးတိုးတက်ရေးအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ပညာရေးကဏ္ဍသည် လူသားရင်းမြစ် မွေးထုတ်ပေးနေရုံသာမက ပညာရေး၏ အနှစ်သာရဖြစ်သော တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရန် ရည်မှန်းထားသည်ကို အမျိုးသားပညာရေး ရည်မှန်းချက်များတွင် တွေ့ရပါသည်။ တစ်နည်းအားဖြင့် အရည်အသွေးမြင့် လူသားရင်းမြစ်များ မွေးထုတ်ပေးရေး ဖြစ်ပါသည်။

ယင်းသို့သော အခြေအနေတွင် လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အရည်အသွေးမြင့်ပညာရေးသာမက အရည်အသွေးမြင့် လူသားရင်းမြစ်များကို လုပ်ငန်းများနှင့် ချိတ်ဆက်ပေးရေးကို တွန်းအားပေးရန် လိုအပ်ကြောင်း ADB ၏ Myanmar Human Capital Development၊ Employment and Labour Markets တွင် ဖော်ပြထားပါသည်။

ထိုသို့သောအခြေအနေတွင် ကာယကံရှင် ကျောင်းသားများနှင့် ကျောင်းသားမိဘများသည်လည်း ဘဝအာမခံချက်နှင့် ဝါသနာအကြား ရွေးချယ်ဆုံးဖြတ်နေကြရသည်မှာ လက်တွေ့ဘဝများပင်ဖြစ်၏။ နိုင်ငံ၏ အများစုဖြစ်သော ဝန်ထမ်းများ၊ လူလတ်တန်းစား၊ လက်လုပ်လက်စား မိဘများအတွက် သားသမီးများ၏ ပညာရေးသည် ဘဝရပ်တည်ရေးအတွက် မျှော်လင့်ချက်တစ်ခုအဖြစ် ရှိနေဆဲအခြေအနေဖြစ်သဖြင့် ဝါသနာဆိုသည်မှာ စိတ်ကူးရန်ခက်ခဲလှပါသည်။ တစ်နည်းအားဖြင့် မိမိတို့ သားသမီးများ၏ ဘဝကို ဝါသနာအရ စွန့်စားရန်ဆိုသည်မှာ လက်ရှိအခြေအနေများနှင့် အံဝင်ခွင်ကျဖြစ်ရန် ခက်ခဲနေပါသည်။ ကမ္ဘာတွင် ဝါသနာအရ စွန့်စားမှုများ ရှိပါသည်။ ကမ္ဘာကျော်အောင်မြင်သူများလည်း ရှိသကဲ့သို့ လူမသိ သူမသိ ပျောက်ကွယ်သွားသူများလည်း ရှိပါသည်။ တင်ပြလိုသည်မှာ နောက်ခံအခြေအနေ၊ လူမှုဝန်းကျင် အခြေအနေ မတူညီကြသည်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဟု ယူဆမိပါသည်။

သေချာသည်မှာ မိဘတိုင်းသည် မိမိတို့သားသမီးအား ထူးချွန်စေချင်သည်မှာ သဘာဝပင် ဖြစ်ပါသည်။ ထူးချွန်ရန်လည်း အကောင်းဆုံးနည်းလမ်းကို မိမိတို့ တတ်နိုင်သမျှ ရွေးချယ်တတ်ကြပါသည်။ တက္ကသိုလ်ဝင်တန်းကို အမှတ်ကောင်းစွာ အောင်မြင်သော ကျောင်းသားတစ်ဦးအား ဆေးပညာရပ်ကို ဝါသနာမပါသော်လည်း မည်သည့်အတွက်ကြောင့် ဆေးကျောင်းတက်စေပါသနည်း။ အချို့ကျောင်းသားများသည် ဆေးကျောင်းပြီး၍ ဆရာဝန်အလုပ်မလုပ်ဘဲ အခြားအသက်မွေးဝမ်းကျောင်းအလုပ် လုပ်ကြပါသနည်း။ ယင်းမေးခွန်းများ၏ နောက်ကွယ်တွင် လက်ရှိအခြေအနေကို ဖော်ညွှန်းနိုင်သော အဓိပ္ပာယ်များ၊ အဖြေများရှိနေမည်မှာ သေချာပါသည်။

မျှော်မှန်းချက်

ကျောင်းသားမိဘများ၊ ကျောင်းသားများတွင် ယခင်က တွေ့ကြုံခဲ့ရသော အခြေအနေများအရဖြစ်စေ၊ လက်ရှိ အတွေ့အကြုံများအရဖြစ်စေ ကျောင်းသားများ ပညာသင်ကြားရခြင်း ရည်ရွယ်ချက်များတွင် ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်စွမ်းရှိသော၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသော၊ လူမှုကျင့်ဝတ်များကို လေးစားလိုက်နာတတ်သော နိုင်ငံ့သားကောင်းများ ဖြစ်ရေးအပြင် ဘဝရပ်တည်ရေးအတွက် အလုပ်အကိုင်အာမခံချက်ရရှိရေးလည်း ပါဝင်နေပါသည်။

သို့ဖြစ်ရာ နိုင်ငံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရေးသာမက ယင်းထွက်ရှိလာသော လူသားရင်းမြစ်များကို မည်သို့အသုံးချမည်ဆိုသည့် စီမံခန့်ခွဲမှုများလည်း လိုအပ်မည်ဟု ယူဆမိပါသည်။ သို့မှသာ ပြည်တွင်းပြည်ပ ဦးနှောက်ယိုစီးမှုများကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများအတွက်လည်း မျှော်လင့်ချက်များ မြင့်မားလာနိုင်မည်ဖြစ်ကာ ဝါသနာနှင့် ကိုက်ညီသော ဘာသာရပ်အား ရွေးချယ်ခြင်း၊ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်သူများ ပေါ်ထွန်းလာနိုင်ခြင်းများကို မျှော်မှန်းနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ဟုမ္မလင်းမြို့၌ စာဖတ်ဝိုင်းကျင်းပ

ဟုမ္မလင်း မတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာဖတ်ဝိုင်းကို မတ် ၂၆ ရက်က ပြန်/ဆက်ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းတွင် ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်က လူငယ်လူရွယ်များ စာအုပ်စာပေများကို ပိုမိုစိတ်ဝင်စားပြီး စာဖတ်သည့် အလေ့အကျင့်ကောင်း ရရှိစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် စာရေးဆရာဖေမြင့် ရေးသားထားသော စဉ်းစားခြင်းစာအုပ်တွင် ပါရှိသည့် အခန်းလိုက်ဆွေးနွေးကြရာ ဆရာမဒေါ်ဝင်းယဉ်က လုပ်သင့် မလုပ်သင့်၊ စားသင့် မစားသင့်၊ ဦးကျော်ဝင်းစိန်က အများအကျိုးအတွက် လူတစ်ယောက်ကို နှိပ်စက်ရန်သင့် မသင့်လည်းကောင်း၊ ဆရာကျင်ခန့်မုန်က အသက်ဘေးမှ လွတ်မြောက်အောင် ရုန်းထွက်ခြင်း၊ ဆရာမ ဒေါ်ဝေဝေထွန်းက သေတ္တာအပြင်ဘက်ထွက်၍ စဉ်းစားနည်း၊ ဦးတင်ဝင်းက တစ်ပန်းရှုံးသော အနေအထားမှာ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် စာပေချစ်သူများက ယင်းစာအုပ်ဖတ်ရှုခဲ့ရသည့် အတွေးအမြင်များနှင့် လိုအပ်သည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရ သည်။

လင်းလင်း(ပြန်/ဆက်)

စာဖတ်ဝိုင်းကျင်းပနေစဉ်။

ဓမ္မာစရိယစာမေးပွဲ ပဥ္စမနေ့ ကျင်းပ

နေပြည်တော် မတ် ၃၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပပြုလုပ်သော ၂၀၁၉ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့(ပဥ္စမနေ့)တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၄ ဌာနတို့၌ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၅၁၅ ပါးအနက် ၁၁၃၈၆ ပါး ဖြေဆိုကြသဖြင့် ၇၅ ဒသမ ၁၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ရန် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှဩဝါဒခံယူ

နေပြည်တော် မတ် ၃၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်အား ထီးတော်တင်လှူပူဇော်ခြင်း၊ လုံးတော်ပြည့် ရွှေရောင်စတီးသက်န်းကပ်လှူခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်ဩဝါဒါ စရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မကွေးမြို့ရှိ မဟာဝိသုတာရာမကျောင်းတိုက်တွင် ကျင်းပသည်။

စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်အား ထီးတော်တင်လှူပူဇော်ခြင်း၊ လုံးတော်ပြည့် ရွှေရောင်စတီးသက်န်းကပ်လှူခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ ကျင်းပစဉ်။

အခမ်းအနားတွင် မကွေးမြို့ ရာဇမုနိတောင်ပေါ်ကျောင်းတိုက် ပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေလာသ သက်တော်ရှည် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်သည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ အလှူရှင် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ (ဇေကမ္ဘာမိသားစု)မှ ထီးတော်တင်လှူရခြင်းနှင့် စပ်လျဉ်း၍ ပါဝါပွိုင့်ဖြင့် အသေးစိတ်ရှင်းလင်း လျှောက်ထားသည်။

ထို့နောက် မကွေးမြို့အောင်မြေရတနာစာသင်တိုက် ပဓာနနာယက၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိစ္စသာရထံမှ အနုမောဒနာ တရားနာယူပြီး ရေစက်သွန်းလောင်းအမျှပေးဝေကာ အခမ်းအနားအား ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆိုရုပ်သိမ်းသည်။

မင်းမင်း

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာကျင်းပစဉ်။

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဒေသစာရီအပူဇော်ခံရန် နေပြည်တော်မှ ရန်ကုန်သို့ ပင့်ဆောင်

ရန်ကုန် မတ် ၃၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဒေသစာရီကြွချီအပူဇော်ခံရန် ယနေ့နံနက် ၆ နာရီက နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်မှ ရန်ကုန်တိုင်းဒေသကြီးသို့ စတင်ပင့်ဆောင်ပူဇော်သည်။

ရှေးဦးစွာ ယနေ့နံနက် ၅ နာရီက နေပြည်တော် ထာဝရငြိမ်းချမ်းရေး စေတီတော်တွင် ဆရာတော်သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပေးကြပြီး ပင့်ဆောင်ပူဇော်မည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များကို အမွှေး နံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် နေပြည်တော်- ရန်ကုန် အမြန်လမ်းအတိုင်းပင့်ဆောင်ရာ ရန်ကုန်တိုင်းဒေသကြီး နယ်နိမိတ် မိုင်တိုင်အမှတ် ၂၆ တွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌနှင့် ဆရာတော်သံဃာတော်များ၊ ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များက ကြိုဆိုပင့်ဆောင်ပြီး တိုးဂိတ်အနီးတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် မြို့နယ်များမှ သံဃနာယက ဆရာတော်ကြီးများ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဘာသာရေးအသင်းအဖွဲ့များက ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြိုဆိုပြီး ဆရာတော်သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာကို ပြုလုပ်ကြသည်။

ထို့နောက် ဗုဒ္ဓရုပ်ပွားတော်များအား ဆက်လက်ပင့်ဆောင်ရာ ခေတ္တအပူဇော်ခံမည့်ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်သို့ ပင့်ဆောင်ပူဇော်ရာ လမ်းကြောင်းတစ်လျှောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရွှေတိဂုံဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံပြီး အောင်စည်တော်ရွှမ်းလျက် ပင့်ဆောင်ပူဇော်ကြသည်။

ယင်းနောက် အပူဇော်ခံမည့် မဏ္ဍပ်အတွင်း ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာကို ပြုလုပ်ကြပြီး ဆရာတော်သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ရွှေတိဂုံဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက စကျင်ဗုဒ္ဓရုပ်ပွားတော်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးရရှိရန်၊ ထေရဝါဒဗုဒ္ဓသာသနာ အစွန့်ရှည် ထွန်းကားပြန့်ပွားစေရန်နှင့် ခုနစ်ရက်သားသမီးများ ဖူးမြော်ပူဇော်နိုင်ရန် ရည်မှန်းကာ နေပြည်တော်တွင် ထာဝရငြိမ်းချမ်းရေးစေတီတော်အား တည်ထားလျက်ရှိပြီး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၁ ခုတွင် ဒေသစာရီ လှည့်လည်အပူဇော်ခံသွားမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးတွင် ဧပြီ ၁ ရက်မှ ၁၈ ရက်ထိ ပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ရန်ကုန် စာအုပ်လမ်း တတိယမြောက်နှစ်၏ စာအုပ်ရောင်းရာသီပြီးဆုံး

ရန်ကုန် မတ် ၃၁

ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ စနေ၊ တနင်္ဂနွေ စာအုပ်လမ်း၏ စာအုပ်ရောင်းရာသီ နောက်ဆုံးနေ့တွင် ဇာတ်ညွှန်းစာအုပ်မိတ်ဆက်ပွဲ၊ စာပေဟောပြောပွဲ၊ စာပေပဟေဠိများဖြင့် တစ်နှစ်တာ စာအုပ်ရောင်းချပွဲကို ပြီးဆုံးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် မူရင်းဝတ္ထု-လင်္ကာရည်ကျော်ကို ရည်ညွှန်းရေးသားထားသော ကောင်းဆုသာစာပေမှ ထုတ်ဝေသည့် အကယ်ဒမီမြင့်ဦးဦးမြင့်၏ ၂၀၀၉ ခုနှစ် အကောင်းဆုံးရုပ်ရှင် ဇာတ်ညွှန်းထူးချွန်ဆုရ "ကြိုးကြာတောင်ပံခတ်သံ" ဇာတ်ညွှန်းစာအုပ်မိတ်ဆက်ပွဲတွင် အားပေးတက်ရောက်ဆွေးနွေးကြသည့် ဒါရိုက်တာ ဆရာကြည်စိုးထွန်းက ဇာတ်ညွှန်းမှာ ရည်ညွှန်းနှင့် ကိုယ်ပိုင်ရေး ဇာတ်ညွှန်းနှစ်မျိုးရှိပြီး၊ ရည်ညွှန်းဇာတ်ညွှန်းမှာ လိုသည့်အရာကို ဖြည့်ရေး မလိုအပ်သည်ကို ဖြုတ်ကာရေးရကြောင်း ပြောကြားသည်။

မွန်းလွဲ ၁ နာရီတွင် ဆရာမောင်ကြည်သစ် ၏ "Novelist as Philosopher" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲနှင့် မွန်းလွဲ ၃ နာရီတွင် အလှမယ်ဂုဏ်ရည် အေးကျော်က "မေးကြည့်ဖြေကြည့် စာအုပ်ပဟေဠိ" ကဏ္ဍတွင် ပါဝင်ကူညီပြီး အဖြေမှန်သူများကို ကံ့ကော်ဝတ်ရည်စာအုပ်တိုက်မှ စာပေဘောက်ချာ လက်ဆောင်များအား ပေးအပ်ချီးမြှင့်သည်။

ရန်ကုန် စာအုပ်လမ်း အရောင်းဆိုင်များ၌ စာအုပ်ဝယ်ယူနေသူများကို တွေ့ရစဉ်။

တောင်ဥက္ကလာပမြို့နယ် လင်းရောင်ခြည်စာကြည့်တိုက်မှူးက "ဒီနေ့ ကလေးတွေအတွက် စာအုပ်တစ်သိန်းခုနစ်သောင်းဖိုး ဝယ်သွားတယ်၊ အရင်နှစ်တွေကလည်း ဝယ်တယ်၊ ကလေးတွေ နွေကျောင်းပိတ်ချိန်ဖတ်ဖို့ ကလေးစာအုပ်အများစုဝယ် ဖြစ်ပါ တယ်။ ညနေ ၄ နာရီမှ ၁၀ နာရီအထိ စာကြည့်တိုက်ကို နေ့စဉ်ဖွင့်ပေးတယ်၊ နံနက် ၁၀ နာရီမှာ စာစောင်တွေ၊ သတင်းစာတွေအားလုံးကို အဆင်သင့်ပြင်ထားပေးပါတယ်" ဟု ပြောသည်။

စာအုပ်ပဟေဠိကဏ္ဍတွင် ကဗျာဆရာ၊ စာရေးဆရာကြီးများ၏ အတ္ထုပ္ပတ္တိများ၊ ဝတ္ထုအမည်၊ ကလောင်ခွဲအမည်၊ ဝတ္ထုတွင်ပါဝင်သည့် ထူးခြားချက်များ၊ ရုပ်ရှင်ရိုက်ကူးခဲ့သည့် ဝတ္ထုအမည်များကို ထည့်သွင်းမေးမြန်းလေ့ရှိသည်။

ရန်ကုန်စာအုပ်လမ်းတွင် အပတ်စဉ် တနင်္ဂနွေနေ့၏ စာအုပ်ပဟေဠိကဏ္ဍတွင် လာရောက်ဖြေဆိုသူ ပုဇွန်တောင်မြို့နယ်မှ ဦးမင်းထွန်းက "ကျွန်တော် ပထမအကြိမ် စာအုပ်ပဟေဠိ မေးတုန်းက မဖြေမိခဲ့ဘူး၊ လာမေးတဲ့ စာအုပ်တိုက်တွေက Quality စာအုပ်တိုက်၊ ထိန်လင်း၊ ဂျာနယ်ကျော်မမလေး၊ စိတ်ကူးချိုချို၊ သီဟရတနာ၊ နေရီရီစာအုပ်တိုက်၊ ကံ့ကော်ဝတ်ရည်စာအုပ်တိုက်တွေကပါ၊ တချို့မေးခွန်းတွေက ဖြေပြီးသားလူဆို တခြားသူကို ပေးဖြေရတယ်၊ အခုစာအုပ်ပဟေဠိရဲ့ မေးခွန်းတွေက နည်းနည်းခက်လာတယ်၊ ဒီစာအုပ် ပဟေဠိကဏ္ဍက အဖြေမှန်လို့ စာအုပ်ရတာ ၁၃ အုပ်ရှိပြီ၊ ရတဲ့ စာအုပ်တွေက ဦးဝင်းတင်ရဲ့ ဘာသာပြန်နာမည်ကြီးစာအုပ် ကွို၊ ဆရာကြီးပီမိုးနင်း ဝတ္ထု၊ ဆရာပါရဂူ၊ ဒဂုန်ခင်ခင်လေး၊ ဂျာနယ်ကျော်မမလေးတို့ရဲ့ နာမည်ကြီးစာအုပ်တွေ ရပါတယ်၊ တချို့စာအုပ်တွေက အိမ်မှာ ဝယ်ထားတာရှိတော့ ထပ်နေတော့ ပြန်လဲပေးပါတယ်၊ အခုက လာစီစဉ်တဲ့ စာပေက စာအုပ်အစား သူ့ဆိုင်မှာ ကိုယ်ကြိုက်တဲ့ စာအုပ်ဝယ်လို့ရအောင် ငါးထောင်တန်၊ တစ်သောင်းတန် ဈေးဝယ်လက်ဆောင်ကတ်တွေ ပေးတာပါ" ဟု ပြောသည်။

ရန်ကုန်စာအုပ်လမ်းကို မတ်လကုန်မှစ၍ မိုးရာသီ ခေတ္တပိတ်မည်ဖြစ်ပြီး အောက်တိုဘာလတွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သန့်စင်ဝင်း

ပြည်သူ့အတွက် တို့ပြန်/ဆက်၊ တွဲလက်ညီညီရှေ့သို့ချီ

မင်းသန်းနိုင်(မုဒုံ)

နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရာတွင် အဓိကအရေးကြီးဆုံးအချက်မှာ နိုင်ငံသူ၊ နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာရေချိန်မြင့်မားမှုသည် အဓိကကျပေသည်။ တစ်နည်းဆိုရလျှင် အသိပညာမြင့်မားသည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာရေးနှင့် အတတ်ပညာထူးချွန်သည့် မျိုးဆက်သစ်များကို မွေးထုတ်နိုင်ရေးပင် ဖြစ်သည်။

အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံထူးချွန်သည့် နိုင်ငံသူ၊ နိုင်ငံသားများ ဖြစ်လာစေရေးအတွက် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အစိုးရက အစဉ်မွေးထုတ်ပေးလျက်ရှိရာ ထူးချွန်အောင်မြင်သူများ၊ ပညာရှင်များရှိသကဲ့သို့ ကျွမ်းကျင်လုပ်သားကြီးများလည်း ပေါ်ထွန်းလာခဲ့ကြပါသည်။ ယနေ့အချိန်တွင် မိမိတို့နိုင်ငံသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးဆီသို့ လှမ်းချီဖော်ဆောင်လျက်ရှိရာ နိုင်ငံသားအားလုံးအတွက် စဉ်းစားတွေးခေါ်နိုင်စွမ်းရှိသည့်၊အမှားအမှန်ကို ပိုင်းခြားနိုင်စွမ်းရှိသည့် အသိပညာရေချိန်မြင့်မားရေးသည် အရေးအကြီး ဆုံးအချက်ပင်ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ကြီးဌာန၏ ပြန်ကြားပေးခြင်း၊ ပညာပေးခြင်း၊ ဖျော်ဖြေပေးခြင်း စသည့်ရည်ရွယ်ချက်များကို ဖော်ဆောင်လျက်ရှိရာ ပြည်သူတို့၏ လိုအပ်ချက်များကို နိုင်ငံတော်အစိုးရ သိရှိစေရန်နှင့် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို ပြည်သူများ သိရှိစေနိုင်ရန်အတွက် အသိပညာပေးခြင်း လုပ်ငန်းများကို ပြည်သူ့ဆက်ဆံရေး နည်းလမ်းပေါင်းစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယခင်က မြို့နယ်ရုံးတွင် ပြည်သူ့စာကြည့်တိုက်လုပ်ငန်း၊ ရုပ်သံပြသခြင်းလုပ်ငန်း၊ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲများဖြင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာမှ ယနေ့အချိန်တွင် ပြောင်းလဲလာသော ခေတ်နှင့်အညီ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကိုလည်း ပြောင်းလဲတိုးမြှင့်ဖော်ဆောင်ခဲ့ပါသည်။

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့ ပျော်ရွှင်ချမ်းမြေ့သာယာရေးအတွက် နိုင်ငံတော်အစိုးရမှ ပြည်သူနှင့်အတူ ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ရင်း အစိုးရသက်တမ်းကာလသည် (၃)နှစ်တာ ပြည့်မြောက်ခဲ့လေပြီ။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အစိုးရသက်တမ်း(၃)နှစ်တာကာလတွင် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ထင်သာမြင်သာ ရလဒ်ကောင်းများ တွေ့မြင်ရမည်ဖြစ်သကဲ့သို့ ထိုသို့အောင်မြင်မှုများကို ပြည်သူ့ထံမှ စကားသံများ၊ မီဒီယာများမှ ကြားသိမြင်တွေ့ခွင့်ရခဲ့ပါသည်။ ထိုကဲ့သို့ လုပ်ငန်းတာဝန်များထမ်းရွက်ရာတွင် အဆင်ပြေချောမွေ့မှုနှင့်အတူ အခက်အခဲများနှင့် စိန်ခေါ်မှုများကိုလည်း ကြုံတွေ့ကြရပါသည်။

အောင်မြင်မှုနှင့် အခက်အခဲဆိုသည်မှာ ဒွန်တွဲလျက်ရှိရာ မလျှော့သောဇွဲ၊ စိတ်ဓာတ်နှင့် စေတနာတို့ ပေါင်းစပ်ပြီး "ပြည်သူ့အတွက်တို့ပြန်/ဆက်"စိတ်ဓာတ်ဖြင့် ကျော်ဖြတ်နိုင်မှုကြောင့်လည်း ရလဒ်ကောင်းများ ရရှိနေခြင်းဖြစ်ပါသည်။ ဒီမိုကရေစီအစိုးရ၏ဒုတိယ(၅)နှစ်တာ သက်တမ်းကာလ၏(၃)နှစ်တာသက်တမ်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက်များကို ပြည်သူများ မျက်ဝါးထင်ထင် မြင်တွေ့ရမည်ဖြစ်ရာ အစိုးရ၏ (၃)နှစ်တာကာလအတွင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများကို ဆက်လက်ဖော်ပြလိုပါသည်။

ဦးစီးဌာနအောက်တွင် စီမံခန့်ခွဲရေးဌာနခွဲ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ၊ ထုတ်လုပ်ရေးဌာနခွဲ၊ သုတေသနနှင့်သတင်းအချက်အလက်ဌာနခွဲ၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲဟူ၍ ဌာနခွဲခြောက်ခုဖြင့် လုပ်ငန်းတာဝန်များကို ပိုင်းခြားဆောင်ရွက်လျက်ရှိပါသည်။

ထိုဌာနခွဲခြောက်ခု၏ စုပေါင်းညီညာချိတ်ဆက်မှုဖြင့် ဦးစီးဌာန၏ယန္တရားကို လည်ပတ်ဖော်ဆောင်ရာတွင် ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှုနှင့် စေတနာက လွန်စွာအရေးကြီးလှပေသည်။ ဦးစီးဌာနရှိဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှုနှင့် စေတနာတို့ဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၏ အထင်ရှားဆုံးပြယုဂ်မှာ(၃)နှစ်တာကာလအတွင်း လူထုအခြေပြုဗဟိုဌာန (Community Centre) များနှင့် ၎င်း၏လုပ်ငန်းစဉ်များ၊ ပြတိုက်ငယ် (Museum)များ၊ စာဖတ်ဝိုင်းများ၊ ပြည်သူ့စကားဝိုင်းများ၊ ကလေးစာပေပွဲတော်များ၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များနှင့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်များက သက်သေပြလျက်ရှိနေပေသည်။

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပစဉ်။

လှိုင်ကော်မြို့၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) စာဖတ်ဝိုင်းကျင်းပစဉ်။

လူထုအခြေပြုဗဟိုဌာနများဖွင့်လှစ်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ရုံးစာကြည့်တိုက်များကို အများပြည်သူဝင်ထွက်သွားလာနိုင်သည့်နေရာ၊ အများပြည်သူနှင့် ရင်းနှီးအကျွမ်းတဝင်ရှိသည့် နေရာများအဖြစ် ပြည်သူများ အသုံးပြုနိုင်ရန် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ် ၁၃ ရုံးကို လူထုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် ရွေ့လျားစာကြည့်တိုက်ယာဉ်များဖြင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ခဲ့ပါသည်။

Book Club များ ဖွဲ့စည်းမှုနှင့် စာဖတ်ဝိုင်းများဆောင်ရွက်မှုအခြေအနေ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) များတွင် စာဖတ်ဝါသနာပါသူ၊ စာပေဝါသနာပါသူများ စုစည်း၍ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) များကို ခရိုင်၊ မြို့နယ်၊ မြို့ရုံး ၁၂၇ ရုံးတွင် ဖွဲ့စည်းပြီး စာဖတ်ဝိုင်းများ၊ စာပေနှီးနှောဖလှယ်ပွဲများနှင့် စာအုပ်စာစောင် ဝေဖန်သုံးသပ်ပွဲများကို နိုင်ငံတစ်ဝန်းဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်အထိ ၃၂၃ ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ကလေးစာပေပွဲတော်များကျင်းပ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ စေတနာရှင်၊ အလှူရှင်များ၏ အားပေးပါဝင်မှုနှင့်အတူ နိုင်ငံတော်အဆင့် ကလေးစာပေပွဲတော်များကို ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် မတ်လအထိ တိုင်းဒေသကြီး/ပြည်နယ်ကိုးခုတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်အဆင့် ကလေးစာပေပွဲတော်ကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၁ ရုံး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၅ ရုံး၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ၁၁ ရုံး ကျင်းပနိုင်ခဲ့ပါသည်။ အလားတူ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း၌ ဒေသအစီအစဉ်ဖြင့် ကလေးစာပေပွဲတော်ကို သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများ၊ စာကြည့်တိုက်များ ကွန်ရက်နှင့် စေတနာရှင်၊ အလှူရှင်များ ပူးပေါင်း၍ ခရိုင်/မြို့နယ်ကိုးခုတွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ကလေးစာပေပွဲတော်များတွင် ကလေးငယ်များ၏ တက်ကြွစွာပါဝင်ဆင်နွှဲမှုနှင့် ပျော်ရွှင်ကြည်နူးမှုပုံရိပ်များမှာ မီဒီယာများမှတစ်ဆင့် နိုင်ငံတဝန်းသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့သည်။ မိမိတို့ ငယ်စဉ်ကလေးဘဝက မကြုံတွေ့ မမြင်ဖူးခဲ့သည့် ကလေးစာပေပွဲတော်၏ ပုံရိပ်များက တစ်နိုင်ငံလုံးရှိမိဘတိုင်း၊ ကလေးတိုင်း၏ ရင်ထဲတွင် "ကလေးများရဲ့ စာပေပွဲတော်" တေးသီချင်းသံနှင့်အတူ ကြည်နူးခံစားရင်း အမြဲတမ်းအမှတ်ရနေကြမည် ဖြစ်ပါသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

လူငယ်များ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးများ မြင့်မားလာစေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တဗလငါးတန် မြှင့်တင်ပေးနိုင်ရန်နှင့် အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက် အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ချက်ဖြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကိုလည်း ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များတွင် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပနိုင်ခဲ့ပါသည်။

နံရံကပ်ပြဘုတ်များ ခင်းကျင်းပြသခြင်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံတော်အစိုးရ၏ ထူးခြားသောဆောင်ရွက်ချက်များ၊ နိုင်ငံတော်အကြီးအကဲများ၏ ဆောင်ရွက်ချက်များကို ရုံးချုပ်ရှိမှတ်တမ်းဓာတ်ပုံများမှ ရွေးချယ်ပြီး နယ်ရုံးများသို့ ပေးပို့ခြင်းဖြင့် မြို့နယ်ရုံးများတွင် တစ်လနှစ်ကြိမ် အသစ်လဲလှယ်ပြသနိုင်ခဲ့ပါသည်။

စာမျက်နှာ ၉ သို့

"ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ သတင်းအချက်အလက်ဌာနခွဲသည် ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်ကို ဖြည့်ဆည်းပေးမှုအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ခရိုင်မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ ပြည်သူ့အကျိုးပြုဆောင်ရွက်ချက်သတင်းများ၊ ဒေသတွင်းသတင်းများ၊ ထူးခြားဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်သတင်းများ ပေးပို့မှုကိုဝန်ကြီးဌာန Webportal တွင် အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ဖော်ပြပေးလျက်ရှိ"

စာမျက်နှာ ၈ မှ

ထို့အပြင် နံရံကပ်ဘုတ်များတွင် အသိပညာဗဟုသုတနှင့် သတင်းအချက်အလက်များ၊ အထိမ်းအမှတ်နေ့များနှင့် သက်ဆိုင်သည့် မှတ်တမ်းဓာတ်ပုံများ၊ အလုပ်အကိုင်အခွင့်အလမ်းများအား ပြည်သူများ သိရှိနိုင်စေရေး လစဉ်လဲလှယ် ပြသလျက်ရှိနေပါသည်။

ပြည်သူ့စကားဝိုင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစကားဝိုင်းများ ကျင်းပဆောင်ရွက်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဒီမိုကရေစီအင်္ဂါရပ်များနှင့်အညီ အစိုးရနှင့် ပြည်သူအကြား ဆွေးနွေးတိုင်ပင်ရမည့်အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးနိုင်ရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာစေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးစကားဝိုင်းများကို လည်း စီစဉ်ကျင်းပလျက်ရှိပါသည်။ လူငယ်နှင့် လူမှုမီဒီယာ၊ လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့်စာကြည့်တိုက်စသည်ဖြင့် ဒေသအခြေအနေနှင့် ကိုက်ညီမည့်ခေါင်းစဉ်များဖြင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်သူများဖြင့် ပြည်သူ့စကားဝိုင်းများကို ကျင်းပပေးလျက်ရှိရာ ပြည်သူများ အသိပညာဗဟုသုတများ ရရှိခဲ့သည့်အပြင် အကျိုးဖြစ်ထွန်းစေမည့် အကြောင်းအရာများ၊ သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်၍ ဒို့ကျေးရွာဂျာနယ်ကို တစ်လလျှင် နှစ်ကြိမ်နှုန်းဖြင့် တစ်ကြိမ်လျှင် စောင်ရေ ၃၅၀၀၀ ခန့် ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။ ဒို့ကျေးရွာဂျာနယ်သည် ကျေးလက်နေပြည်သူများ နှစ်ခြိုက်ကြသည့် ဂျာနယ်တစ်စောင်ဖြစ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်နေကြသည့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေခဲ့ပါသည်။

အသိပညာပေးဓာတ်လမ်းများ ရိုက်ကူးထုတ်လွှင့်

ပြည်သူလူထု အသိပညာပေးဓာတ်လမ်းများဖြင့် လူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနိုင်မည့် " သူငယ်ချင်းသုံးယောက်ရှိလေသည်" ဓာတ်လမ်းအားလည်းကောင်း၊ လောကနီတိနှင့်ပတ်သက်၍ ပြည်သူများအား အသိပညာပေးနိုင်မည့် "အမှိုက်ကစ" ဓာတ်လမ်း၊ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးတတ်စေရန်ပညာပေးနိုင်မည့် "စူပါမင်းလည်း မကယ်နိုင်" ဓာတ်လမ်း၊ ဒီမိုကရေစီကျင့်စဉ်နှင့် စံနှုန်းများအား ပြည်သူလူ ထု လက်ခံကျင့်သုံးလာစေရန် ပညာပေးနိုင်မည့် "ဟိုဘက်အိမ်က မီးထိန်ထိန်" ဓာတ်လမ်း၊ ပြည်သူများ စာဖတ်သည့်အလေ့အထနှင့် စာဖတ်ခြင်းဖြင့် လူမှုဘဝများ တိုးတက်ပြောင်းလဲသွားနိုင်သည့် ပညာပေးဓာတ်လမ်းဖြစ်သည့် "ပြောင်းလဲပါ" ဓာတ်လမ်းများကိုလည်း စီစဉ်ရိုက်ကူးပြီး နိုင်ငံပိုင်မီဒီယာများတွင် ထုတ်လွှင့်ပြသနိုင်ခဲ့ပါသည်။

ကလေးစာပေပွဲတော် (မြစ်ကြီးနား) ၌ တိုင်းရင်းသားကလေးငယ်များ ပုံပြောပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

ရုပ်ရှင်ရုံများ၊ ရုပ်ရှင်ဓာတ်ကားများ၊ ဗီဒီယိုဓာတ်ကားများ စစ်ဆေးခွင့်ပြုခဲ့မှုနှင့် ရုပ်ရှင်ဥပဒေရေးဆွဲပြဋ္ဌာန်းခြင်း

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲသည် ရုပ်ရှင်နှင့်ဗီဒီယိုဓာတ်ကားများကို စစ်ဆေးခွင့်ပြုခဲ့ရာ ၂၀၁၆ ခုနှစ်တွင် မြန်မာရုပ်ရှင်ဓာတ်ကား ၉၈ ကား၊ ၂၀၁၇ ခုနှစ်တွင် ၁၅၉ ကား၊ ၂၀၁၈ ခုနှစ် တွင် ၁၃၃ ကားခွင့်ပြုပေးခဲ့မှုနှင့်အတူ ၂၀၁၆ ခုနှစ် တွင် ဗီဒီယို ဓာတ်ကား ၉၃၆ ကား၊ ၂၀၁၇ ခုနှစ် တွင် ၉၉၇ ကား၊ ၂၀၁၈ ခုနှစ်တွင် ၆၃၆ ကား တိုးတက်ခွင့်ပြုပေး နိုင်ခဲ့ပါသည်။ ရုပ်ရှင်ရုံများကို Digital စနစ်သို့ ပြောင်းလဲဆောင်ရွက်ခဲ့ရာမှာ ၂၀၁၆ စာအုပ်စာစောင်များကို စုစည်း၍ ရည်ညွှန်းစာကြည့်တိုက်နှင့် စာဖတ်ခန်းကိုလည်း ဖွင့်လှစ်နိုင်ခဲ့သည်။ ရုပ်ရှင်စတူဒီယိုများကို ပြင်ဆင်မွမ်းမံပြီး ရုပ်ရှင်စတူဒီယိုသုံးခုကို ၉-၃-၂၀၁၉ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။

သုတေသနပြုစုခြင်းနှင့် သတင်းအချက်အလက်များလွှင့်တင်ခြင်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ သတင်းအချက်အလက်ဌာနခွဲသည် ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်ကို ဖြည့်ဆည်းပေးမှုအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ခရိုင်မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ သက်ဆိုင်ရာ အစိုးရ ဒေသတွင်းသတင်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းများ ထုတ်ပြန်ကြေညာချက်များအား English Version ဖြင့် လွှင့်တင်ပေးလျက်ရှိပါသည်။

MOI Myanmar Viber Public Chat အား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါသည်။ Viber Public Chat တွင် Followers (1.4k)ရှိပြီး နိုင်ငံတော်အကြီးအကဲသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများ၊ ဒေသတွင်းသတင်းများ၊ သဘာဝဘေးအန္တရာယ်သတင်းများ ထုတ်ပြန်ကြေညာချက်များအား လွှင့်တင်ပေးလျက်ရှိပါသည်။

ကလေးစာပေပွဲတော်(ပူတာအို) စည်ကားသိုက်မြိုက်စွာ ကျင်းပနေမှုကို တွေ့ရစဉ်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)၌ ကျင်းပသည့် အားကစားပြိုင်ပွဲ၌ ကျောင်းသားလူငယ်များ ပါဝင်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

ပြည်သူများ၏ အခက်အခဲများ၊ လိုလားချက်များနှင့် ပကတိအခြေအနေမှန် ပြည်သူ့စကားသံများကို ကြားသိတင်ပြနိုင်ခဲ့ပါသည်။ အစိုးရသက်တမ်းသုံးနှစ်တာကာလအတွင်း ပြည်သူ့စကားဝိုင်း ၆၅၃ ကြိမ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစကားဝိုင်း ၅၂၇ ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

လက်ကမ်းစာစောင်များ ထုတ်ဝေဖြန့်ချိ

ထို့အတူ နိုင်ငံတော်၏ အထိမ်းအမှတ်နေ့များ၊ နေ့ထူးနေ့မြတ်များနှင့် သက်ဆိုင်သည့် အကြောင်းအရာများကိုပြည်သူများ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍လက်ကမ်းစာစောင်များကိုလည်း ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။ နှစ်စဉ်မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့၊ အမျိုးသားနေ့၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့နှင့် အာဇာနည်နေ့ စသည့်အထိမ်းအမှတ်နေ့များတွင် လက်ကမ်းစာစောင် စောင်ရေနှစ်သိန်းစီကို ပြည်သူများအတွက် အသိပညာဗဟုသုတရရှိစေရန် ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။

ဒို့ကျေးရွာဂျာနယ်ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ပြည်သူများ

စာနယ်ဇင်းလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြင်ဆင်သည့်နည်းဥပဒေများကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၈၀ / ၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ထုတ်ပြန်ခဲ့သည့် ၁၀-၁၀-၂၀၁၄ မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများကို ခွင့်ပြုပေးခဲ့ရာ အစိုးရသစ်တာဝန်ယူသည့် ၃၁-၃-၂၀၁၆ ရက်နေ့မှ ၃၁-၃-၂၀၁၉ အထိ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ တိုးတက်ခွင့်ပြုပေးမှုမှာ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၆၃ ခု၊ သတင်းစာ ၄၆ စောင်၊ ဂျာနယ် ၅၅၉ စောင်၊ မဂ္ဂဇင်း ၄၆၈ စောင်၊ အထွေထွေ ၁၅၁၈ စောင်နှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၇၃ ခု ဖြစ်ပါသည်။

ထို့အတူ မြန်မာနိုင်ငံအတွင်း ထုတ်ဝေဖြန့်ချိသည့် စာအုပ်စာစောင်များ ပေးပို့မှုစာရင်းကို ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့် အညီ ပြက္ခဒိန်နှစ်အလိုက်ပြုစု၍ နှစ်စဉ်ထုတ်ပြန်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် စာအုပ်စာစောင် ၄၇၄၉ မျိုး၊ ၂၀၁၇ ခုနှစ်တွင် ၄၅၁၅ မျိုးနှင့် ၂၀၁၈ ခုနှစ်တွင် ၄၆၂၉ မျိုး စိစစ်ထုတ်ပြန် နိုင်ခဲ့မှုကြောင့် ပုံနှိပ်မီဒီယာလောကရှင်သန်ရပ်တည်နိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မြင်တွေ့ရမည်ဖြစ်ပါသည်။

ခုနှစ်တွင် ရုပ်ရှင်ရုံ ၆၂ ရုံ၊ ပိတ်ကား ၇၄ ခု၊ ၂၀၁၇ ခုနှစ်တွင် ရုပ်ရှင်ရုံ ၉၅ ရုံ၊ ပိတ်ကား ၁၀၉ ခု၊ ၂၀၁၈ ခုနှစ်တွင် ရုပ်ရှင်ရုံ ၁၂၇ ရုံ၊ ပိတ်ကား ၁၄၆ ခုဖြင့် တိုးတက်ဖွင့်လှစ်လာနိုင်မှုနှင့်အတူ ပြည်သူတို့အတွက် အပန်းဖြေနိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရုပ်ရှင်လောက ဖွံ့ဖြိုးရေးအတွက် ဝါရင့်အနုပညာရှင်များနှင့် မျိုးဆက်သစ်အနုပညာရှင်များအကြား ပြည်တွင်းပြည်ပပညာရှင်များ နှင့် ဆွေးနွေးဖလှယ်ပွဲများ အစုအဖွဲ့အလိုက် စကားဝိုင်းများ၊ သင်တန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားအမှတ် ၅၀ ကို ရုပ်ရှင်အနုပညာရပ်ဝန်း အဖြစ် သတ်မှတ်ပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာကို ၂၇-၁-၂၀၁၈ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပါသည်။ ဖွင့်လှစ်ခဲ့သည့် ကာလမှယနေ့အထိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ စကားဝိုင်းဆွေးနွေးပွဲ ၁၀ ကြိမ်၊ ဓာတ်ညွှန်းအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့်ဆွေးနွေးပွဲ ငါးကြိမ်၊ သင်တန်းသုံးကြိမ်၊ ရုပ်ရှင်ဓာတ်ကားများကို ကြည့်ရှုပြီး ဓာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာသော Film Analysis ပြုလုပ်ခြင်း ၁၀ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရုပ်ရှင်နှင့်ပတ်သက်သော စာအုပ်စာစောင်များ ဖတ်ရှုနိုင်ရန် နိုင်ငံတကာပညာရှင်များ ရေးသားသည့်

အဖွဲ့များ၏ ပြည်သူ့အကျိုးပြုဆောင်ရွက်ချက်သတင်းများ၊ ဒေသတွင်းသတင်းများ၊ ထူးခြားဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ် သတင်းများ ပေးပို့မှုကိုဝန်ကြီးဌာန Webportal တွင် အချိန်နှင့်တစ်ပြေးညီလွှင့်တင်ဖော်ပြပေးလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံ ပိုင်မီဒီယာများဖြစ်သည့် (MRTV)နှင့် နိုင်ငံပိုင်သတင်းစာတိုက်များသို့လည်း ၎င်းသတင်းများကို ပေးပို့လျက်ရှိနေပါသည်။

MOI Webportal Myanmar Facebook Page အား ၂၀၁၃ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါသည်။ Page တွင် Like 1392697 (1.3 M) နှင့် Follower 1398413 (1.3 M) ရှိပါသည်။ အဆိုပါ Facebook Page တွင် နိုင်ငံတော်အကြီးအကဲသတင်းများ၊ ထူးခြားဖြစ်စဉ် သတင်းများ၊ ဒေသတွင်းသတင်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းများ ထုတ်ပြန်ကြေညာချက်များအား နေ့စဉ်လွှင့်တင်ပေးလျက်ရှိပြီး တစ်ရက်လျှင် သတင်းပုဒ်ရေ ၁၀၀ ခန့်လွှင့်တင်ပေးလျက်ရှိပါသည်။

Myanmar Information Twitter အား ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါသည်။ Twitter တွင် Followers (20.6 k) ရှိပြီး နိုင်ငံတော်အကြီးအကဲသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများ၊

ထို့ပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ၂၀၁၆ ခုနှစ် Myanmar Rehabilitation Facebook Page အား ဖွင့်လှစ်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းများ လွှင့်တင်ပေးလျက်ရှိပါသည်။ ထို့အတူ နိုင်ငံ့အတွက် အရေးပါသည့်ကဏ္ဍစုံအတွက် စာတမ်းများလေ့လာပြုစု တင်ပြခြင်း၊ မြန်မာ့ရေးရာဂျာနယ်၊ တိုင်းရင်းသားရေးရာဂျာနယ်နှင့် ကမ္ဘာ့ရေးရာဂျာနယ်များ ထုတ်ဝေခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

တွဲလက်ညီညီရှေ့သို့ချီ

ဆိုရပါလျှင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် စည်းလုံးညီညွတ်မှု၊ ပြည်သူနှင့်အတူ တစ်သွေးတည်းတစ်သားတည်းရှိမှုတို့ဖြင့် "ပြည်သူ့အတွက် တို့ပြန်/ဆက်၊ တွဲလက်ညီညီရှေ့သို့ချီ" ဆောင်ပုဒ်နှင့်အညီပေးအပ်လာသော လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အနာဂတ်ကာလများတွင်လည်း ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရင်းပြည်သူ့အတွက် သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတတိုးပွားစေမည့် ဝန်ဆောင်မှုလုပ်ငန်းများကို အတွေးသစ်၊ အကြံသစ်များဖြင့် အမြဲမပြတ်ပုံဖော်ကြိုးပမ်းဆောင်ရွက်နိုင်ရန် ဆတက်ထမ်းပိုးတို့၍ ကြိုးပမ်းဆောင်ရွက်နေမည်ဖြစ်ပါကြောင်း ...။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု စနဲမြို့ ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

စနဲ မတ် ၃၁

ကျောက်ဖြူမြို့နယ် စနဲမြို့တွင် နိုင်ငံတော်ဓာတ်အားလိုင်းမှ ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက စနဲမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

လေးလေးနက်နက်ဖြင့် လုပ်ဆောင်ကြရန်

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အစိုးရသုံးနှစ်တာကာလအတွင်း အခြေခံအဆောက်အဦများကို များစွာလုပ်ဆောင်နိုင်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် မြို့နယ် ၁၇ မြို့နယ်ရှိရာ ၁၆ မြို့နယ်တွင် လျှပ်စစ်မီးရရှိနေပြီဖြစ်ပါကြောင်း၊ ကျန်ရှိနေသည့် မာန်အောင်မြို့နယ်တွင်လည်း ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်မီး၊ လမ်းစသည့်အခြေခံအဆောက်အဦများ ပြည့်ပြည့်စုံစုံရရှိနေပြီဖြစ်ပြီး ရရှိသည့်အခွင့်အရေးများကို လေးလေးနက်နက်ဖြင့် ဒေသပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရန် အရေးကြီးပါကြောင်း၊ အခွင့်အရေးများမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေး၊ ခရီးသွားလာရေး၊ ရောင်းဝယ်ရေး၊ စက်ရုံအလုပ်ရုံများစသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မိမိတို့နှင့်ပူးပေါင်း၍ စဉ်းစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိပြီး ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း။

ယခုကဲ့သို့ လျှပ်စစ်မီးရရှိသည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများတွင် ပိုမိုထိရောက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ဒေသခံမိဘပြည်သူများ မျှော်လင့်ခဲ့ကြသည့် လျှပ်စစ်မီးရရှိပြီဖြစ်သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ ရရှိလာသည့် အခွင့်အရေးများကို မိမိတို့ဒေသ ပိုမိုတိုးတက်ကောင်းမွန်စေရန် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်တာဝန်ရှိသူများ စနဲမြို့ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ရှင်းလင်းပြောကြား

ထို့နောက် ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံက ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ လျှပ်စစ်မီးရရှိမှုအခြေအနေနှင့် စနဲမြို့တွင် နိုင်ငံတော်ဓာတ်အားလိုင်းမှ ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စနဲမြို့ ရပ်မိရပ်ဖ ဦးတင်မောင်က ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ဦးဝင်းမြင့်တို့က စနဲမြို့တွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်က စနဲမြို့တွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ခြင်းအထိမ်းအမှတ် လျှပ်စစ်မီးခလုတ်ကိုနှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ကုတ်မြို့နယ် မအီမြို့ရှိ လက်ပန်ကျေးရွာသို့ သွားရောက်၍ လက်ပန်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူလူထုများနှင့် တွေ့ဆုံသည်။

ပူးပေါင်းဖြည့်ဆည်းပေး

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ် ဦးညီပုက ယခုတွေ့ဆုံပွဲသည် ဒေသဖွံ့ဖြိုးရေးအတွက် လာရောက်ခြင်းဖြစ်သည့်အတွက် မိမိဒေသ ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့်ကိစ္စများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုပါကြောင်း၊ ထိုသို့ ပြည်သူလူထု၏ အခက်အခဲများကို နားထောင်၍ မိမိတို့ကဖြေရှင်းဆောင်ရွက်ပြီး လိုအပ်ချက်များကို ပူးပေါင်းဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံက ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးချုပ် ဦးညီပုက လက်ပန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ အသုံးပြုရန် ကွန်ပျူတာနှင့်ပရင့်တာစက်တစ်စုံအတွက် ငွေကျပ် ရှစ်သိန်းနှင့် ကျေးရွာတွင်းလမ်းများတွင် Box Culvert များ တည်ဆောက်ရန် ငွေကျပ် ၁၅ သိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

မျိုးသူထွန်း

ထန်တလန်မြို့၌ သောက်သုံးရေခက်ခဲသည့် ဒေသခံများအား ရေလှူဒါန်း

ထန်တလန် မတ် ၃၁

နွေရာသီရောက်ရှိလာပြီဖြစ်၍ သောက်သုံးရေများ နည်းပါးလာသည်နှင့်အမျှ ချင်းပြည်နယ် ထန်တလန်မြို့ အမှတ်(၁) ရပ်ကွက်နေ ပြည်သူများ သောက်သုံးရေမလုံလောက်ခြင်းကြောင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးရွှေကျုံးလျန် ဦးဆောင်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့ က အထက(၁)ကျောင်းရှေ့၌ သောက်သုံးရေ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သောက်သုံးရေ သွားရောက်လှူဒါန်းရာတွင် ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ကားဖြင့် အမှတ်(၁)ရပ်ကွက်အတွင်း သောက်သုံးရေ အခက်အခဲဖြစ်နေသော ပြည်သူများအား သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန် သောက်သုံးရေ ဂါလန် ၁၆၀၀ ကို သွားရောက်လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

သောက်သုံးရေအခက်တွေ့လျက်ရှိသည့် ကျေးရွာများသို့ မတ် ၃၁ ရက်က ကော့သောင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့ဝင်များ သောက်သုံးရေများ လိုက်လံဖြန့်ဝေလှူဒါန်းစဉ်။

ကျော်စိုး (ကော့သောင်း)

သံတွဲခရိုင်အသင်း(ရန်ကုန်) ၂၀၁၈ ခုနှစ် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၃၁

သံတွဲခရိုင်အသင်း(ရန်ကုန်) ၂၀၁၈ ခုနှစ် သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ထူးချွန်ဆုပေးပွဲအခမ်းအနားများကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ သုခိတာရာမပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ သံတွဲခရိုင်အသင်း(ရန်ကုန်)နာယက ဦးစိုးမြင့် (စာရေးဆရာ အဏ္ဏဝါစိုးမိုး)က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးမြမောင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ ဦးထင်ကျော်လင်းက တက္ကသိုလ်ပညာသင်ဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အစီရင်ခံစာကိုတင်ပြပြီး အသင်းမှ တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ နှစ်ပတ်လည် အစည်းအဝေးကို ကျင်းပရာ ၂၀၁၈ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းတို့ကို အသင်းတာဝန်ရှိသူများက တင်သွင်းကြရာ သဘာပတိက အတည်ပြုချက်ရယူသည်။

သံတွဲခရိုင်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပစဉ်။

ယင်းနောက် ပညာရည်ချွန်ဆုပေးပွဲကိုကျင်းပရာ အသင်းနာယက စည်သူ ဒေါ်ကြန်(သမိုင်းဒေဝီ) ကိုယ်စား အသင်းနာယက ဦးလှကျော်အောင်က “ဦးထွန်းလှအောင် ပညာရည်ချွန်ဆု” နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အသင်းမှ တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူ ၁၀ ဦးအား ဆုများချီးမြှင့်ရာ ဆုရရှိသူများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် မောင်ထွန်းနိုင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် (၂၄) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ကျင်းပရာ ၇၅ နှစ်နှင့်အထက် ဘိုးဘွား ၄၆ ဦးတို့အား ဂါရဝပြုဝတ္ထုငွေဖြင့် ပူဇော်ကန်တော့ကြရာ ကန်တော့ခံဘိုးဘွားများကိုယ်စား အဘိုး ဦးဘအေးက သြဝါဒဆုပေးစကား ပြန်လည်ပြောကြားကာ သဘာပတိက နိဂုံးချုပ်စကား ပြောကြားသည်။

သံတွဲခရိုင်အသင်း (ရန်ကုန်)ကို ရန်ကုန်မြို့၌ ရောက်ရှိနေသော သံတွဲခရိုင်နွယ်ဖွားများဖြင့် ၁၉၄၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း ၇၄ နှစ်ရှိပြီ ဖြစ်သည်။ အသင်းသား ၂၄၀၀ ကျော်ရှိပြီး အသင်းဝင်များ၏ သာရေး၊ နာရေး၊ လူမှုရေး၊ ပညာရေး၊ ဆင်းရဲနွမ်းပါးပြီး ဆေးကုသရန် အခက်အခဲရှိသူများ၊ ရခိုင်ဒေသတွင် သဘာဝဘေးအန္တရာယ် တွေ့ကြုံခံရခြင်းများ စသည့် လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို သံတွဲခရိုင်အသင်း (ရန်ကုန်)က ရန်ကုန်မြို့တွင်ရှိသော အခြားမြို့နယ် အသင်းအဖွဲ့များနှင့် ဆက်သွယ်ပူးပေါင်းကာ အစွမ်းကုန်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်း-ရီရီမြင့်
ဓာတ်ပုံ-လှမိုး

မိုးညှင်းမြို့နယ်တွင် ရေအခက်အခဲရှိသော အိမ်ထောင်စု ၄၂ စုအား သောက်သုံးရေများ လှူဒါန်း

မိုးညှင်း မတ် ၃၁

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ အောင်မြေကုန်းရပ်ကွက်တွင် မတ် ၂၉ ရက်က ကျေးရွာအတွင်း စိမ့်စမ်းရေကန်ပြုပြင်နေစဉ် အိမ်ထောင်စု ၇၀၊ လူဦးရေ ၃၀၀ ကျော်တို့ကို သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရန်အတွက် မီးသတ်ရေယာဉ်ဖြင့် အခမဲ့ရေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

“နွေရာသီရောက်လာပြီဖြစ်လို့ ကျေးရွာမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနဲ့ အိမ်ထောင်စုဝင်တွေအတွက် သောက်သုံးရေအခက်အခဲမရှိရအောင် အများပြည်သူသုံး သောက်သုံးရေကန်တွေ၊ ရေပိုက်လိုင်းတွေကို စနစ်တကျစစ်ဆေးပြုပြင်ပါတယ်။ အခုလိုပြုပြင်တဲ့အခါ ရပ်ကွက်အတွင်းက မိဘပြည်သူတွေ သောက်သုံးရေအခက်အခဲမရှိရလေအောင် မီးသတ်တပ်ဖွဲ့ဝင်တွေက မီးသတ်ကားနဲ့ မနေ့က နေအိမ် ၄၂ လုံး၊ ဒီကနေ့မှာ နေအိမ်အလုံး ၇၀ကို အခမဲ့ဖြန့်ဝေပေးနေပါတယ်” ဟု မော်ဟန်ကျေးရွာ ဒေသခံ အရန်မီးသတ်တပ်ခွဲမှူး ဦးခင်မောင်ကျော်က ပြောသည်။

မော်ဟန်ကျေးရွာတွင် သဘာဝစိမ့်စမ်းရေသိုလောင်ကန်ကိုပြုပြင်လျက်ရှိရာ ဒေသခံများရေအခက်အခဲမရှိစေရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းနှင့် ရာအိမ်မှူးများ၊ ဒေသခံ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မတ် ၂၈ ရက်တွင် အနောက်ကုန်းရပ်ကွက် နေအိမ် ၄၂ လုံး၊ လူဦးရေ ၂၀၀ကျော်နှင့် မတ် ၂၉ ရက်တွင် အောင်မြေကုန်းရပ်ကွက် (ကချင်ကုန်း)တွင် နေအိမ် အလုံး ၇၀ လူဦးရေ ၃၀၀ ကျော်တို့အား ရေဂါလန် ၄၀၀ ဆံ့ မီးသတ်ယာဉ်ဖြင့် သောက်သုံးရေကိုလုံလောက်စွာရရှိနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည် ။

နီတိုး

ပြည်သူတွေ အကျိုးရှိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဆင်းကတ်တွေကို မှန်မှန်ကန်ကန် မှတ်ပုံတင်ဖို့ လုပ်ဆောင်တာဖြစ်

နေပြည်တော် မတ် ၃၁

ဧပြီ ၁ ရက်မှစတင်၍ ဆင်းကတ်များ စနစ်တကျမှတ်ပုံတင်သုံးစွဲရန်နှင့် အော်ပရေတာတစ်ခုစီမှ အများဆုံးဆင်းကတ်နှစ်ခုသာ ဝယ်ယူစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးထုတ်ပြန်ထားသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ပြည်သူများပိုမိုသိရှိစေရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ အရင်းအမြစ်စီမံခန့်ခွဲရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စိမ့်စိမ့်အေးအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

မေး ။ ။ ဆင်းကတ်တွေ စနစ်တကျ မှတ်ပုံတင်နိုင်ရေးကို ဘာကြောင့်လုပ်ဆောင်ရပါသလဲ။ ပြည်သူတွေအနေနဲ့ ဘာကြောင့် ဆင်းကတ်တွေကို မှတ်ပုံတင်ပြီး သုံးသင့်ပါသလဲ။

ဖြေ ။ ။ ဆင်းကတ်များ စနစ်တကျ မှတ်ပုံတင်ပြီး သုံးစွဲနိုင်ရေးနဲ့ စပ်လျဉ်းပြီး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၁၆ ကတည်းက အများပြည်သူသိရှိစေဖို့ သတင်းစာတွေမှာ ကြေညာပြီး ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူတွေအနေနဲ့ အဲဒီအချိန်ကတည်းက ဆင်းကတ်မှတ်ပုံတင်နိုင်ဖို့ ဆောင်ရွက်ခဲ့ကြတာတွေရှိပေမယ့် နောက်ပိုင်းမှာ ထပ်တွေ့လာရတာက ဆင်းကတ်တွေကို ကြိုပြီးတော့ မှတ်ပုံတင်တယ်။ မှတ်ပုံတင်တစ်ခုတည်းနဲ့ ဆင်းကတ်ပေါင်းများစွာမှတ်ပုံတင်တယ်။ အပြင်လမ်းဘေးတွေမှာလည်း မှတ်ပုံတင်ပြီး ဆင်းကတ်ဆိုပြီး ရောင်းကြတယ်။ ကျွန်မတို့ အဓိကရည်ရွယ်တာက ကိုယ်သုံးနေတဲ့ဆင်းကတ်ဟာ ကိုယ့်နာမည်နဲ့ ဖြစ်ရမယ်။ ဘာကြောင့်လဲဆိုရင် Mobile Money တွေ Mobile Banking အစရှိတဲ့ ငွေကြေးဝန်ဆောင်မှုတွေက ကျွန်မတို့နိုင်ငံမှာ တော်တော်ကျယ်ကျယ်ပြန့်ပြန့်သုံးလာကြတဲ့အတွက် စနစ်တကျမှတ်ပုံတင်ထားရင် မိမိတို့ရဲ့ ငွေကြေးလုံခြုံမှုရှိလာမယ်။ ဆင်းကတ်စနစ်တကျမှတ်ပုံတင်ပြီး သုံးတဲ့အတွက် နိုင်ငံတော်ရဲ့ လုံခြုံရေးနဲ့ ပတ်သက်ပြီး မသမာမှုတွေကို စုံစမ်းထောက်လှမ်းတဲ့နေရာမှာလည်း အကျိုးကျေးဇူးတွေ ရှိလာမယ်။ မိမိရဲ့ ကိုယ်ရေးကိုယ်တာ လုံခြုံမှုတွေ၊ Cyber Bully လုပ်ခံရတာမျိုးတွေမှာ ဖုန်းနံပါတ်က မှန်မှန်ကန်ကန် မှတ်ပုံတင်ထားမှုမရှိဘူးဆိုရင် ကျူးလွန်သူကို စုံစမ်းထောက်လှမ်းဖို့ ခက်ခဲနိုင်တယ်။ အဓိကကတော့ ပြည်သူတွေ အကျိုးရှိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဆင်းကတ်တွေကို မှန်မှန်ကန်ကန် မှတ်ပုံတင်ဖို့ လုပ်ဆောင်တာဖြစ်ပါတယ်။

မေး ။ ။ ဧပြီ ၁ ရက်နေ့ကနေ စပြီးတော့ လူတစ်ဦးက အသိအမှတ်ပြုကတ်ပြားတစ်ခုစီနဲ့ ဆင်းကတ်ဘယ်နှခု ဝယ်ယူသုံးစွဲခွင့်ရှိမလဲ။

ဖြေ ။ ။ ဧပြီ ၁ ရက်နေ့ကနေစပြီး အသိအမှတ်ပြုကတ်ပြားတစ်ခုခုပြပြီး အော်ပရေတာတစ်ခုကို ဆင်းကတ်နှစ်ကတ်နှုန်းနဲ့ ဝယ်ယူခွင့်ရှိပါမယ်။ အော်ပရေတာ လေးခုရှိတဲ့အတွက် အများဆုံး ရှစ်ကတ်ထိ ဝယ်ယူသုံးစွဲနိုင်မှာပါ။ အော်ပရေတာတစ်ခုစီကနေ ဆင်းကတ်နှစ်ခုထက်ပိုဝယ်ယူမိတာရှိရင်လည်း ပြန်စစ်ကြည့်လို့သိရင် အရင်ဆုံးဝယ်ထားတဲ့ နှစ်ကတ်ကလွဲလို့ နောက်ပိုင်းထပ်ဝယ်ထားတဲ့ ကတ်တွေကို လိုင်းပိတ်မှာ ဖြစ်ပါတယ်။ ဒါကိုလည်း ဧပြီ ၁ ရက်နေ့ နောက်ပိုင်းကစပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ အရင်းအမြစ်စီမံခန့်ခွဲရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စိမ့်စိမ့်အေးအား တွေ့ဆုံမေးမြန်းစဉ်။

မေး ။ ။ ဧပြီ၁ရက်နေ့မတိုင်ခင်ကအသိအမှတ်ပြုကတ်ပြားတစ်ခုတည်းနဲ့ ဆင်းကတ်အမြောက်အမြား မှတ်ပုံတင်ထားပြီး သုံးစွဲနေခဲ့တာတွေကိုကော ဘယ်လိုဆောင်ရွက်သွားမလဲ။

ဖြေ ။ ။ ဧပြီ၁ရက်နေ့မတိုင်ခင်က ဆင်းကတ်တွေအတွက်က အချိန်ယူရပါမယ်။ ဆင်းကတ်ဝယ်ပြီးသား ပြည်သူတွေအနေနဲ့လည်း ကိုယ့်ရဲ့မှတ်ပုံတင်နဲ့ မဟုတ်တဲ့ ဆင်းကတ်တွေကို ပြန်ပြီးတော့ မှတ်ပုံတင်ပေးဖို့ လိုပါတယ်။ အဲဒီ ဆင်းကတ်တွေနဲ့ ပတ်သက်ပြီး အော်ပရေတာတွေနဲ့ ညှိနှိုင်းဆွေးနွေးနေပါတယ်။ ဆွေးနွေးပြီးတော့ ဘယ်လိုလုပ်ရမလဲဆိုတာကို ညွှန်ကြားချက်တစ်ရပ်ထုတ်ပြန်သွားမှာပါ။ အခုလောလောဆယ်ကတော့ ဧပြီ ၁ ရက်နေ့မှာ ဆင်းကတ်အသစ်တွေအတွက် ဦးစားပေးပြီးတော့ လုပ်ဆောင်သွားမှာပါ။

မေး ။ ။ ဆင်းကတ်မှတ်ပုံတင်ရာမှာ ဘာတွေပါရှိရမလဲ။ အသက်အပိုင်းအခြားကကော ကန့်သတ်ထားပါသလား။

ဖြေ ။ ။ ဆင်းကတ်မှတ်ပုံတင်ရာမှာ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ကျောင်းသားကတ်၊ ယာဉ်မောင်းလိုင်စင် အစရှိတဲ့အသိအမှတ်ပြုကတ်ပြားတစ်ခုခုပါရမယ်။ အမည်ပါရမယ်။ နေရပ်လိပ်စာပါရမယ်။ တည်ဆဲဥပဒေတွေနဲ့အညီ ထုတ်ပေးထားတဲ့ အသိအမှတ်ပြုကတ်ပြားတစ်ခုရှိတဲ့သူတိုင်း ဆင်းကတ်ဝယ်လို့ရတယ်။ အသိအမှတ်ပြု သက်သေခံကတ်ပြားမရှိသေးတဲ့ လူငယ်တွေအနေနဲ့ သုံးချင်တယ်ဆိုရင်တော့ မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ယောက်ကနေပြီး အသိအမှတ်ပြုသက်သေခံကတ်ပြားနဲ့ တာဝန်ယူပြီးတော့ ဝယ်ပေးလို့ရပါတယ်။

မေး ။ ။ အိမ်နီးချင်း နိုင်ငံတွေမှာကော ဆင်းကတ်တွေကို ဘယ်လိုနည်းနဲ့ အသုံးပြုနေကြပါသလဲ။

ဖြေ ။ ။ အိမ်နီးနားချင်း နိုင်ငံတွေမှာလည်း ဆင်းကတ်တွေကို မှတ်ပုံတင်ပြီးပဲ သုံးကြရပါတယ်။ ထိုင်းမှာဆိုရင်လည်း မှတ်ပုံတင်ပြီးပဲ အသုံးပြုပါတယ်။ ကျွန်မတို့ နိုင်ငံခြားသွားရင်လည်း ပတ်စ်ပို့နဲ့မှတ်ပုံတင်ပြီးပဲ အသုံးပြုလို့ရပါတယ်။ တချို့နိုင်ငံတွေမှာ ဆိုရင်လည်း မိုဘိုင်းဖုန်းနံပါတ်တွေကိုပဲ အိုင်ဒီအနေနဲ့သုံးကြတယ်။ ဆင်းကတ်နံပါတ်နဲ့ဆိုရင် မှတ်ပုံတင်တွေတောင်ပြစရာမလိုဘူး။ ဆင်းကတ်နံပါတ်တွေနဲ့ပဲ ငွေပေး ငွေယူလုပ်ကြတယ်။ အဲသလိုလုပ်တဲ့အတွက်ကြောင့် အကျိုးကျေးဇူးတွေ အများကြီးရှိတယ်။

မေး ။ ။ မြန်မာနိုင်ငံမှာ ဆင်းကတ် သုံးစွဲမှုအခြေအနေဘယ်လိုရှိပါသလဲ။

ဖြေ ။ ။ မြန်မာနိုင်ငံမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလထိ အော်ပရေတာ လေးခုကနေ ဆင်းကတ် ၅၄ သန်းခန့် ရောင်းချထားပြီးဖြစ်တဲ့အတွက် လူဦးရေနဲ့ ကြည့်ရင် SIM Penetration ၁၀၀ ရာခိုင်နှုန်းလို့ ပြောလို့ရပါတယ်။ သို့သော်လည်း လူတိုင်းက တစ်ယောက်ကို နှစ်ကတ်၊ သုံးကတ်သုံးကြတယ်ဆိုတော့ Unique SIM Penetration အနေနဲ့တော့ ငါးဆယ်ရာခိုင်နှုန်းကျော်လောက်ရှိပြီလို့ သုံးသပ်ရပါတယ်။ တွက်ချက်မှုအရကတော့ မြန်မာနိုင်ငံ လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းလောက်က ဆင်းကတ်သုံးနေတယ်လို့ ပြောလို့ရပါတယ်။ အိမ်နီးချင်းနိုင်ငံတွေရဲ့ SIM Penetration က များသောအားဖြင့် ၁၀၀ ရာခိုင်နှုန်းကျော် ရှိပါတယ်။ အဲဒီတော့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ယှဉ်ကြည့်ရင် ဆင်းကတ်သုံးစွဲမှု နည်းသေးတယ်လို့ ပြောလို့ရပါတယ်။

မေး ။ ။ ဆင်းကတ်တွေကို မှတ်ပုံတင်ပြီးသားလို့ရောင်းချပေးနေတဲ့ လမ်းဘေးဆိုင်ငယ်တွေကိုကော ဘယ်လိုဆက်လုပ်သွားဖို့ရှိလဲ။ အဲဒီဆိုင်ငယ်လေးတွေဆီက ဝယ်ယူသင့်ပါသလား။

ဖြေ ။ ။ လမ်းဘေး ဆိုင်ငယ်တွေအတွက်ကတော့ သီးခြားပြဋ္ဌာန်းချက်တွေ မရှိသေးပါဘူး။ အော်ပရေတာများအနေနဲ့ ၎င်းတို့ရဲ့ POS တွေ၊ အရောင်းကိုယ်စားလှယ်ဆိုင်တွေအပေါ် ဘယ်လိုစီမံဆောင်ရွက်ရမလဲဆိုတာကို ဦးစီးဌာနက ညွှန်ကြားပြီး ဖြစ်ပါတယ်။ ဒါကြောင့် POS တွေ၊ အော်ပရေတာတွေနဲ့ တရားဝင်စာချုပ်ချုပ်ဆိုထားတဲ့ အရောင်းကိုယ်စားလှယ်တွေအတွက်ကတော့ အော်ပရေတာတွေကနေ တာဝန်ယူ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ လမ်းဘေးဆိုင်ငယ်တွေဆီကနေ မှတ်ပုံတင်ခြင်းမရှိဘဲ ဝယ်သုံးလို့ ဖြစ်ပေါ်လာမယ့်အကျိုးဆက်တွေကို အများပြည်သူကလည်း သိရှိနားလည်ဖို့နဲ့ ဝယ်ယူခြင်းမပြုဖို့လည်း မေတ္တာရပ်ခံချင်ပါတယ်။ ဝယ်မိလို့ရှိရင်လည်း ကိုယ့်ရဲ့ မှတ်ပုံတင်နဲ့ မှတ်ပုံတင်ထားတာမဟုတ်ရင် အော်ပရေတာတွေကို အကြောင်းကြားပြီး ဒီကတ်ကို ကျွန်တော်၊ ကျွန်မ နာမည်နဲ့ မှတ်ပုံတင်ချင်ပါတယ်ဆိုပြီး မှတ်ပုံတင်လို့ ရပါတယ်။ အပြင်ဆိုင်လေးတွေကို ထိန်းချုပ်ဖို့ ခက်ခဲတယ်ဆိုပေမယ့် အများပြည်သူက ပူးပေါင်းပါဝင်မယ်ဆိုရင်တော့ အဲဒီလိုရောင်းချမှုတွေ လျော့နည်းသွားမှာ ဖြစ်ပါတယ်။ ဖြည့်စွက်ပြောကြားလိုတာက အသိအမှတ်ပြုကတ်ပြား မရှိသေးသူတွေအတွက်လည်း ဆင်းကတ်သုံးစွဲနိုင်အောင် သီးခြားညွှန်ကြားချက်တွေ လုပ်သွားဖို့ ရှိပါတယ်။

မေး။ ။ အော်ပရေတာတွေ ဖုန်းဘေလ် ဖြတ်တောက်မှုနဲ့ပတ်သက်ပြီး ပြည်သူကြားမှာ ဝေဖန်ပြောဆိုနေကြတာတွေရှိပါတယ်။ အဲဒီကိစ္စအတွက်ကော ဘယ်လိုပြောချင်ပါသလဲ။

ဖြေ ။ ။ အော်ပရေတာတွေမှာ ပုံမှန် မိုဘိုင်းဖုန်းဝန်ဆောင်မှုတွေအပြင် ၊ Value Added Service လို့ခေါ်တဲ့ ဝန်ဆောင်မှုတွေ ဥပမာ- မိုဘိုင်းဂိမ်းဝန်ဆောင်မှုတွေ၊ ဖုန်းခေါ်တဲ့အချိန်မှာ နားဆင်လို့ရတဲ့ သီချင်းသံ (CRBT) တွေရှိပါတယ်။ အဲဒီလို value added ဝန်ဆောင်မှုတွေအတွက် ပုံမှန်အားဖြင့်ဆိုရင် ဘေလ်ကို နေ့စဉ်ဖြတ်တောက်တာတွေ ၊ အပတ်စဉ်၊ လစဉ်ဖြတ်တောက်တာတွေရှိတယ်။ ဝန်ဆောင်မှုကို ရယူတဲ့အခါ ပုံစံနှစ်မျိုးနဲ့ ရယူရလေ့ရှိတယ်။ ဝက်ဆိုက်ကနေ ဝင်ရတာနဲ့ SMS Link ကနေ ဝင်ရတာမျိုးဖြစ်ပါတယ်။ ဥပမာအားဖြင့် SMS ကနေ သီချင်းသံဝန်ဆောင်မှု အစီအစဉ်ကို ခုနစ်ရက် အခမဲ့အသုံးပြုနိုင်ပါတယ်။ ခုနစ်ရက်ပြည့်ပါက button ကိုနှိပ်ပါဆိုတာမျိုး ပေးပို့ပြီး သုံးစွဲသူက အခမဲ့ဝန်ဆောင်မှုရယူလိုလို့ နှိပ်လိုက်မိရင် ငွေဖြတ်တောက်တာမျိုးဖြစ်ပါတယ်။ ဒါ့အပြင် ဝက်ဆိုက်တွေ၊ ဖေ့စ်ဘုတ်တွေမှာ ကြော်ငြာတွေပေါ်လာပြီး ကြော်ငြာကို နှိပ်မိသွားတယ်ဆိုလို့ရှိရင် ဝယ်ယူချင်တယ်လို့ သတ်မှတ်ပြီး ပိုက်ဆံဖြတ်သွားတယ်။ အဲဒီအခါကျတော့ သုံးစွဲသူတွေအနေနဲ့ မိမိတို့သတိပြုမိသည်ဖြစ်စေ၊ သတိမပြုမိသည်ဖြစ်စေ ဝန်ဆောင်မှု Link တွေကို နှိပ်မိပြီး အဲဒီဝန်ဆောင်မှုကို ဝယ်ယူသလို ဖြစ်သွားနိုင်တယ်။ ငွေဖြတ်တောက်မှုတွေ ဖြစ်သွားနိုင်ပါတယ်။

အဲဒါကြောင့် နောက်ပိုင်းမှာ အများပြည်သူဝန်ဆောင်မှုပေးတဲ့နေရာမှာ ပြည်သူတွေနားလည်အောင် အဆင့်လိုက် သေချာစေခြင်း Double Confirmation လုပ်ပြီးမှ ငွေဖြတ်တောက်ဖို့၊ သုံးစွဲသူဆီက ဝယ်ယူလိုကြောင်း သေချာစေပြီးမှ ငွေဖြတ်တောက်ဖို့နဲ့ ဝယ်ယူမှုသက်တမ်းကုန်ဆုံးသွားရင်လည်း SMS ပို့ပြီး Auto Renewal လုပ်တာမျိုးမဟုတ်ဘဲ သုံးစွဲသူက Auto Renewal လုပ်ဖို့သေချာပြီဆိုမှသာ သက်တမ်းတိုးသွားဖို့ အော်ပရေတာတွေကို ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ အချိန်တစ်ခုကိုတော့ သူတို့ကိုပေးထားပါတယ်။ ဒါကတော့ သုံးစွဲသူကာကွယ်ရေးအတွက် ကျွန်မတို့ ညွှန်ကြားဆောင်ရွက်ပြီးအချက်တွေ ဖြစ်တယ်။

မေး ။ ။ ဆင်းကတ်တွေ စနစ်တကျမှတ်ပုံတင်ရေးနဲ့ပတ်သက်ပြီး တခြားဖြည့်စွက်ပြောကြားလိုတာများရှိရင် ပြောကြားပေးပါ။

ဖြေ ။ ။ ဆင်းကတ်တွေ စနစ်တကျ မှတ်ပုံတင်နိုင်ရေးအောင်မြင်ဖို့အတွက် ဌာနအနေနဲ့ မူဝါဒပိုင်းကလည်း ပူးပေါင်းပြီး အသိပညာပေးလုပ်ပေးတဲ့အပိုင်းရှိမယ်။ အော်ပရေတာတွေကလည်း သူ့ရဲ့POS တွေ၊ အရောင်းကိုယ်စားလှယ်တွေကိုလည်း ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားဖို့လိုတယ်။ ပြည်သူတွေအနေနဲ့ကလည်း မိမိတို့ရဲ့အကျိုးအတွက် ဆောင်ရွက်တယ်ဆိုတာကို သဘောပေါက်နားလည်ပြီးတော့ ဝိုင်းဝန်းကူညီပေးဖို့လိုပါတယ်။ ဒီကဏ္ဍသုံးခု ပူးပေါင်းပြီး လုပ်ဆောင်မှ ဆင်းကတ်တွေ စနစ်တကျ မှတ်ပုံတင်နိုင်ရေးက အောင်မြင်မှာ ဖြစ်ပါတယ်။ ။

ဟန်လင်းနိုင်၊ လူမော်

ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပစဉ်။

သုဝဏ္ဏဝတီမြို့၌ ရေကြီးနစ်မြုပ်ပျက်စီးသွားခဲ့သော လယ်ကေများအတွက် ထောက်ပံ့ငွေပေးအပ်

သုဝဏ္ဏဝတီ မတ် ၃၁

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အ.ထ.က(ကျိုက္ကော်) ကျောင်းရွှေရတုခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီက ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါးရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော ဧက ၄၈၁၀ အတွက် စိုက်ပျိုးရေးပညာပေးရေးဌာနခွဲ (ပြည်ထောင်စု)အရေးပေါ်ရန်ပုံငွေများဖြင့် ထောက်ပံ့ငွေပေးအပ်သည့် အခမ်းအနား ကျင်းပသည်။

အဆိုပါပေးအပ်ပွဲ၌ ပျက်စီးသွားသော လယ်တစ်ဧကလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ငွေကျပ် ၄၈၁ သိန်းကို တောင်သူလယ်သမားများအား ပြည်နယ်ဝန်ကြီးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ရာ တောင်သူလယ်သမားများကိုယ်စား သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူသည်။

ဆက်လက်၍ တောင်သူလယ်သမားများ၏ အခက်အခဲများဖြစ်သော နွေစပါးစိုက်ပျိုးရာတွင် အောင်ရေရရှိရေး၊ သဘာဝဘေးနှင့် ပိုးမွှားများအန္တရာယ်များ၊ စပါးစိုက်ပျိုးသူလယ်သမားများနှင့် ငါးကျားပိုက်ထောင်သူများအကြား ပြဿနာဖြစ်ပွားနေမှုများကို လည်းကောင်း၊ ဘီးလင်းမြစ်ရေရေစီးရေလျှံမှုများအား ကြိုတင်ဆောင်ရွက်ရန်အတွက် လည်းကောင်း တောင်သူလယ်သမားများ၏ အခက်အခဲများကို လယ်သမားများက တင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးနှင့်အတူ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ ထောက်ပံ့ငွေပေးအပ်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးထွန်းဌေး၊ မွန်ပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးခင်ကျော်မြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ဒေသခံတောင်သူလယ်သမားများ တက်ရောက်ကြသည်။ **ခွန်(ဝင်းပ)**

AA အဖွဲ့က သတင်းအမှားများ ထုတ်လွှင့်နေမှုနှင့် ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က အသိပေးချက်တစ်ရပ် ထုတ်ပြန်

နေပြည်တော် မတ် ၃၁

AA အဖွဲ့က သတင်းအမှားများ ထုတ်လွှင့်နေမှုနှင့် ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့တွင် သတင်းတစ်ရပ်ထုတ်ပြန်ထားကြောင်း သိရသည်။

ယင်းထုတ်ပြန်ချက်တွင် နယ်မြေခံပြည်သူလူထု၏ လုံခြုံရေးနှင့် နယ်စပ်ဒေသလုံခြုံရေးကို တာဝန်ထမ်းဆောင်နေသည့် ငမြင်းဘော်၊ ကျောင်းတောင်၊ ဂုပ္ပိ၊ ခထီးလုရဲစခန်းများအား AA အဖွဲ့က ဇန်နဝါရီ ၄ ရက်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ၎င်းတိုက်ခိုက်မှု နောက်ပိုင်း၌ နိုင်ငံတော်၏ အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးယန္တရားကို ပျက်ပြားစေရန်နှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်၍ ရဲစခန်းများအား တိုက်ခိုက်ခြင်း၊ ရန်ကုန်-စစ်တွေ ပြည်ထောင်စုကားလမ်းကြီးပေါ်၌ မိုင်းထောင်၊ မိုင်းဆွဲတိုက်ခိုက်ခြင်း၊ ရပ်ကွက်၊ ကျေးရွာ ဒေသအဆင့်အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို လက်တွေ့ဆောင်ရွက်နေသည့် ရဲစခန်းမှူးများ၊ အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများထံ ကျည်ဆန်ထည့်ထားသည့် ခြိမ်းခြောက်စာများပေးပို့ခြင်း၊ လက်တွေ့ဖမ်းဆီးသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း။

၎င်းကဲ့သို့ ဥပဒေမဲ့ဆောင်ရွက်ချက်များကြောင့် ၎င်းတို့နှင့် နီးစပ်ရာ ပြည်သူလူထုမှာ ကြောက်ရွံ့ထိတ်လန့်နေရပြီး ၎င်းတို့၏ အတင်းအဓမ္မစေခိုင်းနေမှုများအား လိုက်ပါလုပ်ဆောင်နေရသည်ကို တွေ့ရှိရကြောင်း၊ AA အဖွဲ့အနေဖြင့် ၎င်းအခြေအနေအား အခွင့်ကောင်းရယူ၍ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများကို အကာအကွယ်ရယူကာ တပ်မတော်လုံခြုံရေးစစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်/မိုင်းဆွဲတိုက်ခိုက်ခြင်း စသည့်လုပ်ရပ်များကို ပြုလုပ်သည့်အပြင် ကျေးရွာ၊ ရပ်ကွက်အနီး ထိတွေ့တိုက်ပွဲအပြီး AA အဖွဲ့ကိုယ်တိုင် ရွာသားများအသွင်ဆောင်၍ လည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာနေ ဒေသခံတိုင်းရင်းသားများအား ခြောက်လှန့်၍ မဟုတ်မမှန်သတင်းများ ပြောဆိုခိုင်း၍လည်းကောင်း လူမှုကွန်ရက်စာမျက်နှာများနှင့် website များတွင်တင်ကာ ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်လုပ်ဆောင်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း။

ထင်ရှားသော သာဓကအနေဖြင့် ၂၀၁၉ ခုနှစ်၊ မတ် ၂၃ ရက် ည ၇ နာရီခွဲခန့်တွင် မြောက်ဦးမြို့နယ်၊ တိမ်ညိုရဲကင်းစခန်းမှ စခန်းမှူး သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရသည့် ဖြစ်စဉ်နှင့် ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာပေါ်၌ စာရေးဆရာမ နွယ်သာဂီဆိုသူ အမျိုးသမီးတစ်ဦးက "တပ်မတော်အပေါ် ပြည်သူလူထု အထင်အမြင်လွဲမှားရန် ရည်ရွယ်၍" မဟုတ်မမှန် လုပ်ကြံ Live ထုတ်လွှင့်ဖော်ပြပြောဆိုခဲ့သဖြင့် လက်တွေ့မြေပြင် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ အဆိုပါအမျိုးသမီးမှာ ရခိုင်လူမျိုးဖြစ်ပြီး ရခိုင်ပြည်နယ်တွင် နေထိုင်ခြင်းမရှိဘဲ လားရှိုးမြို့တွင်နေထိုင်ကာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် တရားဥပဒေအရ အရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် မတ် ၂၉ ရက် တိမ်ညို-အောက်သကန် ကျေးရွာ တိုက်ပွဲဖြစ်စဉ်၌လည်း လူမှုကွန်ရက်စာမျက်နှာနှင့် website များတွင် တပ်မတော်က လုပ်ကြံတိုက်ပွဲဖန်တီး၍ အကြောင်းမဲ့ပစ်ခတ်မှုများကြောင့် ကျေးရွာနေ အမျိုးသမီးနှစ်ဦး အပါအဝင် ဒေသခံများ သေဆုံး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန် လုပ်ကြံဖော်ပြခဲ့ကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အောက်သကန်ကျေးရွာမှ အုပ်ချုပ်ရေး တာဝန်ရှိသူကိုယ်တိုင် ဖြေကြားနေမှုအား မတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် သတင်းထုတ်ပြန်ဖော်ပြခဲ့ပြီး ဖြစ်ကြောင်း။

သို့ဖြစ်၍ AA အဖွဲ့၏ ဒေသခံများအသွင်ယူ လုပ်ကြံဝါဒဖြန့်နေခြင်းနှင့် ဒေသခံများအား ခြိမ်းခြောက်၍ မဟုတ်မမှန် လိမ်လည်ပြောဆို ဝါဒဖြန့်နေခြင်းများအား ဒေသခံတိုင်းရင်းသား ပြည်သူလူထုအနေဖြင့် ယုံကြည်ခြင်း မပြုကြရန်နှင့် ထိုသို့ လုပ်ဆောင်နေမှုများ တွေ့ရှိ/ သတင်းရရှိပါက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုသောအားဖြင့် သက်ဆိုင်ရာအုပ်ချုပ်ရေးဌာနနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ကြပါရန် မေတ္တာရပ်ခံ တိုက်တွန်း သတင်းထုတ်ပြန်အပ်ပါကြောင်းဟု ဖော်ပြထားသည်။

သတင်းစဉ်

မန္တလေးမြို့၌ (၃၄) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပ

မန္တလေး မတ် ၃၁

(၃၄)ကြိမ်မြောက် လူထုစက်ဘီးစီးနင်းပွဲကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးစဉ်။

စက်ဘီးစီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးနင်းခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးကာ လစဉ်နောက်ဆုံးပတ်တွင် ကျင်းပလျက်ရှိရာ (၃၄)ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့စုရပ်နေရာ၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်ဘီးစီးကလပ်အသင်းများမှ စက်ဘီးအားကစားသမားများ၊ အားကာသိပ္ပံမှ စက်ဘီးစီးသမား ကျောင်းသားကျောင်းသူများ၊ စက်ဘီးစီးအားကစားဝါသနာရှင်ပြည်သူများ၊ ဝန်ထမ်းများ စုပေါင်းစက်ဘီးစီးနင်း ပါဝင်ဆင်နွှဲခဲ့ကြသူများ သတ်မှတ်စုရပ်နေရာတွင် ရောက်ရှိနေရာယူကြသည်။

ယနေ့ စုပေါင်းစက်ဘီးစီးနင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ စက်ဘီးအားကစားသမားဝါသနာရှင်ပြည်သူများ၊ ဝန်ထမ်းများအင်အား ၁၇၀ ကျော်တို့သည် စုရပ်နေရာမှ ၂၆ လမ်းအတိုင်း လမ်း ၈၀ သို့ ထိုမှ ၁၂ လမ်းသို့ ထိုမှ ၆၆ လမ်းအတိုင်း၊ ၂၆ လမ်းမှ ကျုံးတောင်ဘက် တာလွှတ်စုရပ်နေရာအထိ ကျုံးတစ်ပတ် စက်ဘီးစီးနင်းကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

အောင်ပွဲရပြေးခုန်ပစ်အားကစားသမားများအား ဂုဏ်ပြု

ရန်ကုန် မတ် ၃၁

စင်ကာပူနိုင်ငံတွင် မတ် ၂၈ ရက်မှ ၂၉ရက်အထိ ကျင်းပခဲ့သည့် (၈၁)ကြိမ်မြောက် စင်ကာပူအလွတ်တန်းဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ် အားကစားသမားများ ရွှေခြောက်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခုဆွတ်ခူးရရှိခဲ့ကြသည့် နည်းပြချုပ်၊ နည်းပြများ၊ အုပ်ချုပ်သူနှင့် အားကစားသမားများအား ဂုဏ်ပြုပွဲကို ယနေ့ညပိုင်းက တာမွေမြို့နယ် အားကစားနှင့်ကာယပညာသင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးတို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ အောင်ပွဲရ မြန်မာအားကစားသမား ရွှေတံဆိပ်များရရှိခဲ့ကြသည့် မြင့်မြင့်အေး (မီတာ ၅၀၀၀ မီတာ ၁၀၀၀၀)၊ အေးအေးအောင် (မီတာ ၁၅၀၀)၊ အေးအေးမြို့ (မီတာ ၃၀၀၀ တားဆီးကျော်)၊ သန်းသန်းစိုး (၂၀မီတာ လမ်းလျှောက်)၊ ရဲထက်အောင်(ကြိုးတပ်သံလုံးပစ်)၊ ငွေတံဆိပ်ဆုရ ဇာနည်ထွန်း (မီတာ၅၀၀၀)၊ ကြေးတံဆိပ်ဆုရ ဖြိုးကျော်ဇင်ဦး(မီတာ ၁၅၀၀)၊ အေးအေးအောင်(မီတာ ၈၀၀)တွင် ဆုရရှိသူများနှင့် နည်းပြချုပ်၊ နည်းပြများအား မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးသာအောင်တို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **အာကာစိုး**

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ရန်ကုန်အသင်း။ ဓာတ်ပုံ-စိုးညွန့်

✻ ကျောဖုံးမှ

ရန်ကုန်အသင်းသည် ပထမပွဲတွင် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းကို အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုး၊ ဒုတိယပွဲတွင် ကမ္ဘောဒီးယားကလပ် နာဂါဝေါအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ အုပ်စု(F)တွင် ဟနွိုင်း (ဗီယက်နမ်)နှင့် တမ်ပနိစ်ရိုဗာ (စင်ကာပူ) တို့က လေးမှတ်စီ၊ နာဂါဝေါ (ကမ္ဘောဒီးယား)က သုံးမှတ်ရထားပြီး ရန်ကုန်အသင်းမှာ အမှတ်မရသေးပေ။ ပြီးခဲ့သည့်ရာသီတွင် အာဆီယံဇုန် ဆီမီးဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့သည့် ရန်ကုန်အသင်းသည် ယခုနှစ်တွင် ရှုန်းကန်နေရပြီး ဟနွိုင်းအသင်းနှင့် နှစ်ကျော့မှာ အရေးပါလျက်ရှိသည်။ **ညီမြတ်သော်တာ**

● ကျောဖုံးမှ

အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။

အခြားရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများတွင် ဗျူဟ(မြန်မာ)က ကရင်လေး (TKO)ကို တတိယအချီ ၁ မိနစ် ၀၆ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ စောမူထော်ဂေး (မြန်မာ)က နာထဝပ် (ထိုင်း)ကို ဒုတိယအချီ ၁ မိနစ် ၂၂ စက္ကန့်တွင် အလဲထိုးဖြင့် လည်းကောင်း၊ ဒိုးလေး(ရိုးရာပုဂံ)က စည်သူအောင် (ရွှေဘားလား)ကို တတိယအချီတွင် ဆေးရှုံးဖြင့် အနိုင်ရခဲ့ပြီး ကျားဗဟိန်း (ခြသေ့်မင်း)နှင့် ကိုကိုအောင် (တောင်ဇလပ်)ပွဲတို့တွင် စတုတ္ထအချီ၌ ကျားဗဟိန်းက အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ ထို့အပြင် အခြားစိန်ခေါ်ပွဲများဖြစ်သည့် ကြယ်စင်ထွန်း(အဖြူရောင်သွေးသစ်)နှင့် အံဘွား (ကျားဖြူ)တို့ပွဲတွင် ပထမအချီ၌ အံဘွား ပင့်ထောက်လက်သီးများဖြင့် တရစပ်လိုက်လံထိုးသတ်မှုကြောင့် ကြယ်စင်ထွန်း အနားတောင်းခဲ့ရသော်လည်း လေးချီပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် အသည်းမာ ဇွဲပါလှစွာ ယှဉ်ပြိုင်ထိုးသတ်ခဲ့၍ အရှုံး/အနိုင်မပေါ်ဘဲ သရေပွဲဖြစ်ခဲ့သည်။ တစ်ဖန် ကျွဲကြီး(ဟူးကောင်းကျား)နှင့် ရွှေဝင်း (A M T -2) ပွဲတွင် ရွှေဝင်းက အလဲထိုးဖြင့် အနိုင်ရခဲ့ပြီး ဆလိုင်းချမ်းမြေ့ကို (ရွှေဘားလား)နှင့် ရဲသွေးအောင် (အဖြူရောင်သွေးသစ်)တို့ ပွဲတွင်တစ်ဖက်နှင့်တစ်ဖက် ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရှုံး/အနိုင်မပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို CANAL+ မှ တိုက်ရိုက်ထုတ်လွှင့် ပြသခဲ့ပြီး အခြား မျိုးဆက်သစ်ပွဲစဉ်များလည်း ထည့်သွင်းကျင်းပခဲ့သည်။ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ကလပ်အသင်းများကိုလည်း ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ ရိုးရာလက်ဝှေ့လေ့ကျင့်ရေးသုံးပစ္စည်းများ ကူညီထောက်ပံ့ပေးခဲ့သည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

❍ ကျောဖုံးမှ

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သောပွဲသည် မကျေပွဲပြန်လည်နွှဲလိုသော စိန်ခေါ်သူ ဂျပန်နိုင်ငံသား ကန်ဟာစဲဂါဝါက ဒုတိယအကြိမ် ပြန်လည်စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံတွင် ယနေ့ကျင်းပသည့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် ပွဲစသည်နှင့် အောင်လအန်ဆန် ညာအမြင့်ကန်ချက်များဖြင့် စတင်ခဲ့ပြီး ဘယ်၊ ညာ တွဲလုံးများသုံးကာ တရစပ် လိုက်လံထိုးသတ်ခဲ့သည်။ ပထမအချီ ၂ မိနစ်အကျော်မှာပင် အောင်လအန်ဆန် ညာဖြောင့်လက်သီးဖြင့် ကန်ဟာစဲဂါဝါ ကြမ်းပြင်သို့ လဲကျခဲ့သည်။ ဒုတိယအချီအစတွင် အောင်လအန်ဆန်သည် သူ့ပုံစံအတိုင်းတိုက်စစ်ဖွင့်ကာ ပင့်ထောက်လက်သီးများဖြင့် လိုက်လံထိုးသတ်ခဲ့သဖြင့် ကန်ဟာစဲဂါဝါ အနည်းငယ် ထိခိုက်ခဲ့ပြီး ဒုတိယအချီ ၄ မိနစ်အကျော်တွင် အောင်လအန်ဆန် ညာဖြောင့်လက်သီး ဒုတိယ အကြိမ်မိ၍ ကြမ်းပြင်သို့လဲအကျတွင် အလွတ်မပေးဘဲ အောင်လ တရစပ် လိုက်လံထိုးသတ်ခဲ့သဖြင့် ကြိုးဝိုင်းဒိုင်မှ ဒိုင်ပွဲရပ်ဖြင့် အောင်လအန်ဆန်အား အလဲထိုးအနိုင်ပေးခဲ့သည်။

အောင်လအန်ဆန်သည် ယခုပွဲအပါအဝင် MMA (Mixed Martial Arts) ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံနှင့် ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံပွဲများအပါအဝင် ကိုးပွဲဆက်အနိုင်ရခဲ့သည်။ ယနေ့ ယှဉ်ပြိုင်ထိုးသတ်သော ဂျပန်နိုင်ငံသား ကန်ဟာစဲဂါဝါနှင့် ပြီးခဲ့သော ၂၀၁၈ ခုနှစ် ဇွန် ၂၉ ရက်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အောင်လအန်ဆန်က ပဥ္စမအချီတွင် အလဲထိုးဖြင့် အနိုင်ရခဲ့သဖြင့် ယခုဒုတိယအကြိမ် မကျေပွဲ ပြန်လည်စိန်ခေါ်ထိုးသတ်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင် ယနေ့ကျင်းပသော MMA (Mixed Martial Arts) ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲကြီးတွင် ပြိုင်ပွဲပေါင်း ၁၆ ပွဲ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

မင်းထက်(မြန်မာ့အလင်း)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အုတ်တွင်း-ပေါက်ခေါင်း ရိုးမဖြတ်ကျော်ကားလမ်းတွင် ယာဉ်တစ်စီး ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ကာ ၁၆ ဦး သေဆုံး

အုတ်တွင်း မတ် ၃၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စု ကြက်သျှာရွာအနီး အုတ်တွင်း-ပေါက်ခေါင်း ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင် ၇၁/၇ အနီးတွင် မတ် ၃၀ ရက် ညနေ ၆ နာရီခွဲခန့်က ဖုန်းတာဝါတိုင် တည်ဆောက်ရန် အလုပ်သမားများ တင်ဆောင်လာသည့် ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားကာ လူ ၁၆ ဦး သေဆုံးသွားကြောင်း သိရသည်။

ချောက်ထဲသို့ ထိုးကျ

သတင်းအရ အုတ်တွင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ကိုကို၊ မြို့မစခန်းမှူး ဒုရဲမှူးချစ်ကိုကို ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးရာ အုတ်တွင်း-ပေါက်ခေါင်း ရိုးမဖြတ်ကျော်ကားလမ်းအတိုင်း အရှေ့မှ အနောက်သို့ တိုးမောင်(ခ)အောင်သူရ (၃၄ နှစ်) ၁၉ ရပ်ကွက် တောင်ငူမြို့နေသူ မောင်းနှင်ပြီး ယာဉ်မောင်း၊ ယာဉ်နောက်လိုက် အပါအဝင် နေ့စားအလုပ်သမား အမျိုးသား၊ အမျိုးသမီး ၄၀ တင်ဆောင်လာသည့် YGN-9H/---- ခြောက်ဘီးယာဉ်သည် ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင် ၇၁/၇ မရမ်းတံတားအနီး အရောက် အရှိန်လွန်ပြီး ကားလမ်း၏ ယာဘက်ရှိ ပေ ၂၀၀ ခန့်နက်သည့် ချောက်ထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။

၁၆ ဦးသေဆုံး

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသော ထန်းတပင်မြို့နယ်နေ ယာဉ်နောက်လိုက် ကျော်မင်းထွန်း (၁၆ နှစ်)နှင့် အမျိုးသားခြောက်ဦး၊ အမျိုးသမီးကိုးဦး စုစုပေါင်း ၁၆ ဦး သေဆုံးခဲ့ပြီး လိုက်ပါလာသူအားလုံး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည့်အနက် အမျိုးသမီးနှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း သိရသည်။

သန်းလွင်

ကျွန်းလှမြို့တွင် ဖခင်က အရက်မူးပြီး သားဖြစ်သူအား ဓားဖြင့်ခုတ်၍သေဆုံး

ကျွန်းလှ မတ် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ပိတောက်မြိုင်ရပ်ကွက်၌ မတ်၃၀ ရက် ညနေ ၅ နာရီခန့်က ဖခင်ဖြစ်သူက အရက်မူးပြီး သားဖြစ်သူအား ဓားဖြင့် ခုတ်၍ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါခုတ်မှုဖြစ်ကြောင်း သတင်းအရ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ထိုက်လင်းစိုး၊ မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းထိုက်၊ ဒုရဲအုပ်ကျော်ဇင်အောင်နှင့် ပူးပေါင်းအဖွဲ့သည် အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးရာ မျိုးဇော်အောင် (၂၃နှစ်)မှာ ဒဏ်ရာများရရှိပြီး သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖခင်ဖြစ်သူ မင်းသွင်သည် အရက်သောက်ပြီး နေအိမ်အပေါ်ထပ်တွင် အိပ်နေသော မျိုးဇော်အောင်အား ယခင်က ပြန်လည်ခုခံထိုးကြိတ်ခြင်းအပေါ် မကျေနပ်သဖြင့် ဓားမဖြင့် ခုတ်ခြင်းဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

မြန်မာ့ရုပ်မြင်သံကြား

၁-၄-၂၀၁၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - MRTV Travelogue
- ၈း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၁၅ - BBC Click
- ၉း၂၅ - "မြို့စလင်းသို့ တစ်ခါတစ်ခေါက်"
- ၉း၄၀ - ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Gods of Stepps" (Kazahstan)
- ၁၀း၃၀ - စိုက်ပျိုးရေးရာအဖြေရှာ "ပြောင်းမျိုးကောင်းများ ထုတ်လုပ်ရာ တပ်ကုန်း စိုက်/သုခြံမှာ"
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၄း၁၀ - Tasty Trip

ညပိုင်း

- ၁၆း၂၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၁၆း၄၅ - "သက်သာငွေရှာ သံမဏိကမ္ဘာ"(မြန်မာ)
- ၁၇း၀၅ - This Week's Special Interest
- ၁၇း၂၀ - ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ် "ရေကျောက်ရောဂါနှင့် တိုင်းရင်းဆေးပညာ အကြောင်း သိကောင်းစရာ"
- ၁၇း၃၅ - Yes or No Talk Show
- ၁၈း၂၅ - ဥပဒေရေးရာအဖြာဖြာ "ဥပဒေရေးရာသိကောင်းစရာ အဖြာဖြာ"(၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ဆောက်လုပ်ရေး ဝန်ကြီးဌာန"

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၃၁

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃၀ ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့နယ် မြစ်ကြီးနား-မြစ်ဆုံ-ဆွမ်ပရာဘွမ်ကားလမ်းတွင် နော်အောင်မောင်းနှင်ပြီး နော်လတ် လိုက်ပါလာသော ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၄၅ ပြားနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ရာဒါကောင်း(A)နေ နော်ဒီး(ခ) နောနော်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၅၀ ထပ်မံသိမ်းဆည်းရမိသည်။

အားငှေအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

သိမ်းဆည်းရမိ

ထို့အတူ မတ် ၃၀ ရက်က မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအုပ်စု ကံ့ကော်ကျေးရွာလမ်းဆုံ မူဆယ်-မန္တလေးကားလမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသူ ညောင်ပင်(ခ)ကျော်တင်(ခ) မောင့်မြင့်အား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းနေထိုင်သည့် နောင်ချိုမြို့နယ် ရွှေညောင်ပင်ကျေးရွာနေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ နှင့် ဘိန်းဖြူ ၈ ဂရမ်တို့ကို သိမ်းဆည်းရမိသည်။

အလားတူ မတ် ၃၀ ရက် ည ၈ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် အားငှေ မောင်းနှင်လာသည့် ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မူဆယ်မြို့တွင် လျှပ်စစ်ဝိုင်ယာကြိုးပေါက်ကာ မီးလောင်မှုဖြစ်

မူဆယ် မတ် ၃၁

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့ ခရစ်ယာန်ရပ်ကွက် အထက(၁)ကျောင်းအနီး၌ မတ် ၃၀ ရက် ညနေ ၃ နာရီခွဲခန့်က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်ကျွမ်း

ဖြစ်စဉ်မှာ အထက(၁)နောက်ကျောလမ်း နယ်မြေ(၅) ခရစ်ယာန်ရပ်ကွက်ရှိ ဦးလဂျာ(၄၆နှစ်)၏ နေအိမ်၌ သွပ်မိုးတွင်ကပ်လျက် သွယ်တန်းထားသည့် ဝိုင်ယာကြိုးပေါက်ပြဲပြီး မီးလောင်ကာ သွပ်မိုး၊ ထရံကာမြေစိုက် အလျားပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၀ ပေခန့်ရှိ အိမ်တစ်လုံးနှင့် ၎င်းအိမ်နှင့်ကပ်လျက်ရှိ ဘေးအိမ်သို့ကူးစက်၍ မျက်နှာကြက် မီးလောင်ကျွမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် သွပ်မိုးမြေစိုက် နေအိမ်တစ်လုံးနှင့် မျက်နှာကြက် မီးလောင်ကျွမ်းပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရပြီး ညနေ ၄ နာရီ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဗန်ရိုးထန်(ပြန်/ဆက်)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိမ်းမှောက်မှုဖြစ်

နေပြည်တော် မတ် ၃၁

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၁၈ မိုင် ၄ ဖာလုံ နေပြည်တော် တောင်ညိုအနီး၌ ယနေ့ ညနေ ၄ နာရီခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ကြောင်း ပန်းတင်အမြန်လမ်းမကြီးရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမှ ရန်ကုန်သို့ ယာဉ်မောင်း ထွန်းထွန်းလင်း ဒဂုံမြို့နယ်နေသူ မောင်းနှင်သော 2E/---- ယာဉ်သည် ဦးသန်းစိုး (၅၂နှစ်)နှင့် ရဲမင်းသူ (၂၂နှစ်)ကို တင်ဆောင်ပြီး မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာစဉ် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၁၈ မိုင် ၄ ဖာလုံသို့ အရောက်တွင် ကားရှေ့တိုက်ရော့ ပြုတ်ထွက်ပြီး အမြန်လမ်းဘေးသံပန်းကို တိုက်မိကာ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခြင်းဖြစ်သည်။

တိမ်းမှောက်သည့်ယာဉ်ကို တွေ့ရစဉ်။

အမှုဖွင့်အရေးယူ

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာရရှိ၍ ပန်းတင်အမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ်မြသန်းနှင့် တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့တို့က နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီးသို့ ဆေးကုသရန် ပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း ထွန်းထွန်းလင်းအား ပန်းတင်အမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ဇော်ဘီ

သံလွင်တံတားပေါ်တွင် ကားနှင့်ဆိုင်ကယ်တိုက်မိရာမှ ဆိုင်ကယ်မောင်းသူ သေဆုံး

ပေါင် မတ် ၃၁

မွန်ပြည်နယ် ပေါင်မြို့နယ် သံလွင်တံတားပေါ်တွင် မော်တော်ယာဉ်တစ်စီးက ရှေ့မှသွားနေသောယာဉ်ကို ကျော်တက်ရာ တစ်ဖက်ယာဉ်ကြောမှလာသော ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိပြီး ဆိုင်ကယ်မောင်းနှင်သူ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၀ ရက် နံနက်ပိုင်းက သံလွင်တံတား(မုတ္တမ) ဘက်ခြမ်း RP-10 နှင့် RP-11 ကြားတွင် မုတ္တမဘက်မှ မော်လမြိုင်ဘက်သို့ ပေါင်မြို့နေသူ ယာဉ်မောင်း မင်းထွန်းအောင် (၄၃ နှစ်) မောင်းနှင်လာသည့်ယာဉ်သည် ရှေ့မှသွားနေသောယာဉ်ကို ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ တစ်ဖက်ယာဉ်ကြောမှ မော်လမြိုင်မြို့နေ မောင်ကြည်ရအောင် (၂၅ နှစ်) မောင်းနှင်ပြီး နောက်တွင် မဖြိုးဖြိုးအေး (၂၆ နှစ်) ပန်းကုန်းကျေးရွာ ပေါင်မြို့နယ်နေသူ လိုက်ပါလာသည့် ဆိုင်ကယ်အား ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ ကြည်ရအောင်မှာ ရရှိသောဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး မဖြိုးဖြိုးအေးမှာ(စိုးရိမ်ရ) ဒဏ်ရာများရရှိသဖြင့် မော်လမြိုင်ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တင်ပို့ထားကြောင်း သိရသည်။

ကိုဟိန်း(ပေါင်)

ပျဉ်းမနားမြို့နယ်၌ ဓားမိန်း အပူလွန်ကဲရာမှ ဝိုင်ယာရှော့ဖြစ်ကာ နေအိမ်နှစ်လုံး မီးလောင်

နေပြည်တော် မတ် ၃၁

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်၌ ယနေ့ နံနက် ၅ နာရီခန့်က ဓားမိန်း အပူလွန်ကဲရာမှတစ်ဆင့် ဝိုင်ယာရှော့ဖြစ်ကာ နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပျဉ်းမနားမြို့ ဥယျာဉ်စုအုပ်စု ဦးကျေးရပ် အမှတ်(၂/၄၃၅)နေ ဦးကျော်အေး၏ သုံးပင်ပတ်လည်၊ သွပ်မိုး၊ ဝါးထရံကာ၊ ပျဉ်ခင်းနေအိမ်အောက်ထပ်တွင် တပ်ဆင်ထားသော ဓားမိန်း အပူလွန်ကဲပြီး ဝိုင်ယာရှော့ဖြစ်ကာ စတင်မီးလောင်ရာမှတစ်ဆင့် အနီးပတ်ဝန်းကျင်ရှိ ဦးဇော်လင်းအောင်၏ နေအိမ်သို့ မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်နိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်သူရကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်ရှစ်စီးနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၅ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

စိုးမိုး(ပြန်/ဆက်)

ကူးတို့မော်တော်ပေါ်မှ သားအမိနှစ်ဦး ဧရာဝတီမြစ်အတွင်း ခုန်ချ၊ အသက်ရှင်လျက် ကယ်ဆယ်မိ

စစ်ကိုင်း မတ် ၃၁

မန္တလေးမြို့ မရမ်းခြံဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ ပြေးဆွဲနေသော လမင်းသာ အမည်ရှိ ကူးတို့မော်တော်ပေါ်မှ သားအမိနှစ်ဦး ဧရာဝတီမြစ်အတွင်းခုန်ချမှု မတ် ၃၀ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ကြောင်း မင်းကွန်းအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မင်းကွန်းဒေသမှ မန္တလေးမြို့ မရမ်းခြံဆိပ်ကမ်းသို့ ကိုညီညီ မောင်းနှင်လာသော လမင်းသာ အမည်ရှိ ကူးတို့မော်တော်သည် ဧရာဝတီမြစ်လယ်အရောက် မော်တော်တွင် လိုက်ပါစီးနင်းလာသူခရီးသည် အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦးက သားဖြစ်သူ (၁၀ နှစ်)ခန့်ကို ချီပိုး၍ ဧရာဝတီမြစ်အတွင်း ရုတ်တရက်ခုန်ချခဲ့ကြောင်း မင်းကွန်းအုပ်ချုပ်ရေးမှူး ဦးမျိုးမြတ်ထွန်းက ပြောသည်။

"မင်းကွန်းကနေ မွန်းလွဲ သုံးနာရီက မော်တော်ထွက်သွားတာ။ ကျွဲစွန်းနားရောက်တော့ အမျိုးသမီးတစ်ဦးက သားကိုချီပြီး ရုတ်တရက်မြစ်ထဲခုန်ချသွားတယ်။ ခုန်ချတဲ့သူက မင်းကွန်းက မဟုတ်ပါဘူး။ မန္တလေးကလို့ ကနဦးသိထားပါတယ်။ မော်တော်မောင်းတဲ့သူက သိသိချင်းရပ်ပြီး လှေပေါ်ပါလာသူတွေ ချက်ချင်းဆယ်လို့ အသက်ရှင်လျက် ကယ်နိုင်ခဲ့တယ်"ဟု ၎င်းက ပြောသည်။

ယင်းကဲ့သို့ ဧရာဝတီမြစ်အတွင်း ရုတ်တရက် ခုန်ချစဉ် မော်တော်ပေါ်လိုက်ပါလာသူ ခရီးသည်အမျိုးသားက မော်တော်ပါရေပုံးများကို အသုံးပြု၍ ချက်ချင်းလိုက်လံဆင်းဆယ်ယူခဲ့သဖြင့် သားအမိနှစ်ဦးစလုံး အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုမင်း(အင်းတော်)

ဒါကာရှိ မီးလောင်မှုဖြစ်ပွားခဲ့သည့်အထပ်မြင့်အဆောက်အအုံ၏ပိုင်ရှင်များကို ဖမ်းဆီး

ဒါကာ မတ် ၃၁
ဒါကာမြို့ရှိ မီးလောင်မှုဖြစ်ပွားခဲ့သည့် အထပ်မြင့်အဆောက်အအုံ ပိုင်ရှင်များကို မတ် ၃၁ ရက်တွင် ဖမ်းဆီးလိုက်ပြီ ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်ရှိ ရဲများက ပြောသည်။

ယခု သီတင်းပတ်အစောပိုင်းတွင် မီးလောင်ခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်ရပ်ကြောင့်လူပေါင်း ၂၃ ဦးသေဆုံးခဲ့ကာ တိုင်းပြည်၏ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင်လုံခြုံမှု အဆင့်အတန်း လျော့ရဲရခြင်းနှင့် ပတ်သက်ပြီး အငြင်းပွားဖွယ်ဖြစ်လာခဲ့သည်။ ၂၂ ထပ်မြင့်သည့် အက်ဖ်တီတာဝါ မီးလောင်ခဲ့သည့်အတွက် လူပေါင်းများစွာ ပိတ်မိနေခဲ့ပြီး ပိတ်မိနေသူများ၏ ကြောက်မက်ဖွယ် အော်ဟစ်သံများကြောင့် အပြင်တွင်ရပ်ကြည့်နေကြသူများ ကြောက်လန့်ခဲ့ကြသည်။ ယခုအခါ လူနှစ်ဦးကို ထိန်းသိမ်းလိုက်ပြီဖြစ်ကြောင်း၊ ထိန်းသိမ်းထားသူနှစ်ဦးမှာ SMHI Faruque နှင့် Tasvir UI Islam တို့ဖြစ်ကြောင်း၊ Islamမှာ အတိုက်အခံ BNP ပါတီမှ ခရိုင်ခေါင်းဆောင်ဖြစ်ကြောင်း သိရသည်။

Faruque သည် အထပ်မြင့်အဆောက်အအုံကို ၄၅ ရာခိုင်နှုန်း ခန့်ပိုင်ဆိုင်သူဖြစ်ပြီး ၎င်းပိုင်ဆိုင်သည့် မြေပေါ်တွင် အဆောက်အအုံ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း ဒုတိယရဲမင်းကြီး ရာဟမ်က ပြောသည်။ ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင်ကိုလည်း ရဲများက လိုက်လံရှာဖွေနေကြောင်း၊ အဆိုပါအဆောက်အအုံသည် ၁၉၉၀ ပြည့်နှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ Islam ကိုလည်း မီးလောင် သွားသည့် အဆောက်အအုံကို တစ်စိတ်တစ်ပိုင်းပိုင်ဆိုင်သည့် ပိုင်ရှင်အဖြစ်လည်းကောင်း အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ရာတွင် မီးဘေးလုံခြုံရေး အစီအစဉ်များကို လိုက်နာရန် ပျက်ကွက်ခဲ့သည့်အတွက်လည်းကောင်း ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲများက ပြောသည်။ **အေအက်ဖ်ပီ**



မီးလောင်မှုဖြစ်ပွားခဲ့သည့် အဆောက်အအုံကို တွေ့ရစဉ်။

ဆိုရှယ်မီဒီယာဥပဒေကို တင်းကျပ်ရန် ဩစတြေးလျရဲများ စီစဉ်

မဲလ်ဘုန်း မတ် ၃၁
ဆိုရှယ်မီဒီယာပေါ်တွင် ရုန့်ရင်းကြမ်းတမ်းသည့် ဗီဒီယိုများ၊ ဓာတ်ပုံများကို မီဒီယာအော်ပရေတာများက ချက်ချင်းဖယ်ရှားပေးရန် အဆိုပြုထားသည့် ဥပဒေကြမ်းကို ဩစတြေးလျနိုင်ငံ၌ လာမည့်သီတင်းပတ်တွင် တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။ မတ် ၁၅ ရက်က နယူးဇီလန်နိုင်ငံရှိ ဘာသာရေးအဆောက်အအုံနှစ်ခုတွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၅၀ ခန့်သေဆုံးခဲ့ပြီး နောက်ပိုင်းတွင် ယခုလိုကြေညာမှု ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ယင်းပစ်ခတ်မှုတွင် ပါဝင်သည့် သေနတ်သမားမှာ ဩစတြေးလျနိုင်ငံသား ဖြစ်သည်။

၎င်းသည်လူများကို ပစ်ခတ်မှုပြုနေစဉ် ဖေ့စ်ဘုတ်မှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်မှုပြုလုပ်ခဲ့သည်။ ထို့နောက် ယင်းဗီဒီယိုမှာ ယူကျု့နှင့် တွစ်တာတို့တွင် ပျံ့နှံ့သွားသည်။ အကြမ်းဖက်မှုများကို ပြသသည့် ဗီဒီယိုများ လူမှုကွန်ရက်ပေါ်တွင်တင်လာပါက ချက်ချင်းမဖယ်ရှားပစ်သည့် လူမှုကွန်ရက်မီဒီယာကို အပြစ်ပေးရန် အဆိုပြုထားသည့် ဥပဒေလည်းဖြစ်သည်။ ၎င်းတို့၏နှစ်စဉ်ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ပြီး အမှုဆောင်အရာရှိများကို ထောင်ဒဏ်သုံးနှစ်အပြစ်ပေးနိုင်သည့် ဥပဒေလည်းဖြစ်သည်။ ရဲတပ်ဖွဲ့သို့ အကြောင်းကြားရန် ပျက်ကွက်သည့်အော်ပရေတာကိုလည်း ဒဏ်ငွေချမှတ်နိုင်မည် ဖြစ်သည်။

ဆိုရှယ် မီဒီယာကုမ္ပဏီကြီးများ အနေဖြင့်လည်း ၎င်းတို့၏နည်းပညာဆိုင်ရာ ထုတ်ကုန် များကို အကြမ်းဖက်သမားများက အမြတ်ထုတ်မသွားနိုင်စေရန် တာဝန်ယူရမည်ဟု ဝန်ကြီးချုပ် စကောက်မောရစ်ဆင်က ပြောသည်။ ဩစတြေးလျအစိုးရသည် ဆိုရှယ်မီဒီယာစည်းမျဉ်း ဥပဒေများကို တင်းကျပ်သွားရန် ဂျပန်နိုင်ငံနှင့်အတူ ဆွေးနွေးရန်လည်း ပြောကြားထားသည်။ **အင်န်အိတ်ချ်ကေ**

အစ္စရေး၊ ဂါဇာနယ်စပ်တွင် ဖြစ်ပွားသည့် ပဋိပက္ခများအတွင်း လေးဦးသေဆုံး

ဂါဇာ မတ် ၃၁
ဂါဇာကမ်းခြေမှ အစ္စရေးသို့ ဒုံးကျည် ငါးစင်းပစ်လွှတ်ခဲ့မှုကို တုံ့ပြန်သည့် အနေဖြင့် မတ် ၃၁ ရက် အစောပိုင်းတွင် ဟားမားစ် စစ်စခန်းများရှိရာသို့ အစ္စရေး သံချပ်ကာယာဉ်များက လက်နက်ကြီး ပစ်ခတ်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ပဋိပက္ခအတွင်း ထိခိုက်ဒဏ်ရာရရှိသူများကို သယ်ဆောင်လာစဉ်။

အစ္စရေးနှင့် ဂါဇာနယ်စပ် တစ်လျှောက် ပါလက်စတိုင်းပြည်သူများက ဆန္ဒဖော်ထုတ်မှုတစ်ခု ပြုလုပ်ခဲ့ပြီးနောက် နာရီအနည်းငယ်အကြာတွင် ထိုသို့ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဒုံးကျည်ပစ်ခတ်မှုနှင့် အစ္စရေးတို့ဘက်မှ တုံ့ပြန်ပစ်ခတ်မှုများအတွင်း သေကျေပျက်စီးသူမရှိခဲ့ကြောင်း ဂါဇာဒေသရှိအစ္စရေးတပ်ဖွဲ့နှင့် မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

အစ္စရေးသံချပ်ကာယာဉ်များသည် ဂါဇာကမ်းခြေနှင့် ဂါဇာအရှေ့ပိုင်းရှိ ဟားမားစ်တို့၏ တည်နေရာများကို ပစ်ခတ်ခဲ့သည်။ ဂါဇာဒေသခံထောင်ပေါင်းများစွာတို့သည် ဆန္ဒပြပွဲများစတင်ပေါ်ပေါက်ခဲ့သည့် တစ်နှစ်ပြည့်အထိမ်းအမှတ်အနေဖြင့် အစ္စရေးနယ်စပ်၌ စုဝေးခဲ့ကြသည်။ သို့သော်လည်း အီဂျစ်နိုင်ငံသားများ ဦးဆောင်သည့် ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက်တွင် သွေးထွက်သံယိုဖြစ်ပွားမှုအများအပြားကို ရှောင်လွှဲနိုင်ခဲ့သည်။

အစ္စရေးတို့ဘက်မှ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်း ပြည်သူလေးဦးသေဆုံးခဲ့ပြီး တစ်ဦးမှာ အဓိကစုဝေးချီတက်မှု မတိုင်မီပြုလုပ်သည့် ဆန္ဒဖော်ထုတ်မှုတစ်ခုအတွင်း သေဆုံးခဲ့ခြင်းဖြစ်ကာ သုံးဦးမှာ မတ် ၃၀ ရက် နှောင်းပိုင်းတွင်ဖြစ်ပွားသည့် ပဋိပက္ခများအတွင်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဂါဇာစီးတီးရှိ ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။ နောက်ထပ် ဂါဇာဒေသခံ ၃၁၆ ဦးတို့လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဆူပူအကြမ်းဖက်မှုများကို ရှောင်လွှဲနိုင်ရန်အတွက် အစ္စရေးနှင့် ဂါဇာရှိ အစ္စလာမ္မစ် အဖွဲ့များအကြား ကြားဝင်စေ့စပ်ညှိနှိုင်းရန် အီဂျစ်နိုင်ငံက ကြိုးပမ်းခဲ့သည်။ **အေအက်ဖ်ပီ**

မက်ဒရစ်မြို့ရှိ မြောက်ကိုရီးယားသံရုံး တိုက်ခိုက်ခံခဲ့ရမှုမှာ စိုးရိမ်ဖွယ် အကြမ်းဖက်မှုဟုဆို

မက်ဒရစ် မတ် ၃၁
စပိန်နိုင်ငံမက်ဒရစ်မြို့ရှိ မြောက်ကိုရီးယားသံရုံးကို ဖေဖော်ဝါရီလအတွင်းက အလစ်ဖမ်းတိုက်ခိုက်ခံရခြင်းမှာ စိုးရိမ်ဖွယ်ကောင်းသည့် အကြမ်းဖက်တိုက်ခိုက်မှုဟု မြောက်ကိုရီးယားဘက်က မတ် ၃၁ ရက်တွင် ပြောခဲ့သည်။

လွန်ခဲ့သောလက လက်နက်ကိုင် လူတစ်စုသည် စပိန်ရှိမြောက်ကိုရီးယားသံရုံးကိုဖောက်ခွဲဝင်ရောက်ခဲ့ပြီး အချက်အလက်များ၊ ကွန်ပျူတာများကို ယူဆောင်၍ မထွက်ပြေးမီ သံရုံးဝန်ထမ်းများကို ရိုက်ပုတ်ခဲ့ကြောင်း သိရသည်။ မြောက်ကိုရီးယားခေါင်းဆောင်ကင်နှင့် အမေရိကန်သမ္မတတို့ ဟနွိုင်းမြို့၌ မတွေ့ဆုံမီ တစ်ရက်ခန့်အလိုက ယင်းကဲ့သို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းစီးနင်းတိုက်ခိုက်ခံရပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ယခုလို မှတ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်ရပ်တွင် အက်ဖ်ဘီအိုင်ဘက်မှ ပြုလုပ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း မြောက်ကိုရီးယားဘက်က ယူဆခဲ့ပြီး အကြမ်းဖက်မှုအတွက် ကျူးလွန်သူများကို တရားဥပဒေအရအပြစ်ပေးရန် စပိန်အာဏာပိုင်များကို တောင်းဆိုခဲ့သည်။

အဆိုပါဖြစ်ရပ်သည် ဖေဖော်ဝါရီ ၂၂ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စပိန်နိုင်ငံရှိ မြောက်ကိုရီးယားသံရုံးကို လက်နက်ကိုင်တစ်စုကဝင်ရောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ကေစီအင်န်အေ သတင်းအေဂျင်စီမှ ဖော်ပြသောသတင်းထုတ်ပြန်ချက်တွင် ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။

မက်ဒရစ်မြို့တွင် ယင်းတိုက်ခိုက်ခံရမှုအတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီဖြစ်သည်။ ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ယင်းလက်နက်ကိုင်အုပ်စု၏ ခေါင်းဆောင်ဖြစ်သူမှာ မက္ကဆီကန်အမျိုးသား အေဒရင်ဟောင်ချိန်းဆိုသူဖြစ်ကြောင်း စပိန်တရားရုံးက အမည်ထုတ်ဖော်ခဲ့ပြီး တိုက်ခိုက်မှုကျူးလွန်ပြီး ငါးရက်ခန့်အကြာတွင် ၎င်းမှာ နယူးယောက်မြို့ရှိ အက်ဖ်ဘီအိုင်နှင့် အဆက်အသွယ်ရှိကြောင်းသိရသည်။ **အေအက်ဖ်ပီ**

ယူကရိန်းသမ္မတ ရွေးကောက်ပွဲ စတင်

ကီယက်ဗ် မတ် ၃၁
ယူကရိန်းနိုင်ငံတွင် သမ္မတရွေးကောက်ပွဲကို မတ် ၃၁ ရက်တွင် စတင်ကျင်းပခဲ့ပြီး ဝင်ရောက်ယှဉ်ပြိုင်သူပေါင်း ၃၉ ဦးခန့်ရှိကြောင်း သိရသည်။

တိုင်းပြည်တစ်ဝန်း မဲရုံပေါင်း ၂၉၉၀၀ ခန့်ဖွင့်လှစ်ထားပြီး နံနက် ၈ နာရီမှ စတင်ဖွင့်လှစ်ခဲ့ကာ ည ၈ နာရီတွင် ပိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားတိုင်းပြည် ၇၂ ခုတွင် မဲရုံပေါင်း ၁၀၁ ခု ဖွင့်လှစ်ထားကြောင်း သိရသည်။ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ လေ့လာသူပေါင်း ၂၃၄၄ ဦးခန့်ရှိပြီး မဲပေးမှုကိုစောင့်ကြည့်မည့် အပြည်ပြည်ဆိုင်ရာက အဖွဲ့အစည်းပေါင်း ၁၅ ခုရှိကြောင်း ယူကရိန်းဗဟိုရွေးကောက်ပွဲကော်မရှင်က ပြောသည်။

ရွေးကောက်ပွဲ ကာလအတွင်း ငြိမ်းငြိမ်းချမ်းချမ်းရှိစေရန် တရားဥပဒေ စိုးမိုးရေးအဖွဲ့ဝင်ပေါင်း ၁၃၄၃၈၁ ဦးခန့်ကို တပ်ဖြန့်ချထားကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်း ယူလီရာတီမိုရှန်ကို မဲထည့်နေစဉ်။

ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ပီထရို ပိုရိုရှန်ကို၊ အတိုက်အခံနိုင်ငံရေးသမား ယူလီယာတီမိုရှန်ကိုနှင့် သရုပ်ဆောင် ဗိုလိုဒီမာဇန်လီစကီ တို့က ရှေ့တန်းက ပြေးနေကြောင်းသိရသည်။ နောက်ဆုံးရလဒ်များကို မေ ၄ ရက်တွင် ကြေညာသွားမည်ဖြစ်ပြီး သမ္မတသည် ဇွန် ၃ ရက်တွင် စတင်တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ **ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

ဗဟိုအမေရိက နိုင်ငံသုံးနိုင်ငံကို အမေရိကန် အကူအညီပေးမှု ရပ်ဆိုင်း

ဝါရှင်တန် မတ် ၃၁
အမေရိကန်ပြည်ထောင်စုသည် ဗဟိုအမေရိကနိုင်ငံသုံးခုကို အကူအညီပေးမှု ရပ်ဆိုင်းရန် လုပ်ဆောင်နေကြောင်း သိရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် သမ္မတထရမ့်၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်လျက်ရှိပြီး မြောက်ပိုင်းတြိဂံနိုင်ငံများအဖြစ် ထင်ရှားသည့် အယ်ဆာဗေဒို၊ ဂွါတီမာလာနှင့် ဟွန်ဒူးရပ်စ်နိုင်ငံများအတွက် ၂၀၁၇ နှင့် ၂၀၁၈ ဘဏ္ဍာနှစ် ပြည်ပအကူအညီ အထောက်အပံ့ပေးအပ်မှု အစီအစဉ်များကို အဆုံးသတ်ရန် လုပ်ဆောင်နေကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ဗဟိုအမေရိက နိုင်ငံများအနေဖြင့် အမေရိကန်၏ အကူအညီအထောက်အပံ့များကို ရယူခဲ့ပြီးနောက်တွင်လည်း တရားမဝင် ရွှေ့ပြောင်းသွားလာသူများအရေးကိစ္စနှင့်ပတ်သက်၍ မည်သည့်လုပ်ဆောင်မှုမျိုးမှမတွေ့ရကြောင်း သမ္မတထရမ့်က တွစ်တာပေါ်၌ စောဒကတက်ခဲ့ပြီးနောက်တွင် ယင်းကြေညာချက်ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

အလားတူ ဟွန်ဒူးရပ်စ်၊ ဂွါတီမာလာနှင့် အယ်ဆာဗေဒိုနိုင်ငံများသည်လည်း အမေရိကန်ကပေးသည့် ငွေများကို နှစ်များစွာကြာအောင် အလုပ်မလုပ်ဘဲ ရယူနေခဲ့သည်ဟု ထရမ့်က ပြောကြားလိုက်ကြောင်း သိရသည်။

ဆင်ဟွာ

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကို ဖြေရှင်းရန် ဂျပန်နှင့် ဂွိုက်ဒိုပူးပေါင်းမည်

ကရာကတ် မတ် ၃၁
ဗင်နီဇွဲလား နိုင်ငံတစ်ဝန်း ဆက်လက်ဖြစ်ပွားနေသည့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ဂျပန်နှင့်အတူ လက်တွဲလုပ်ဆောင် သွားမည်ဖြစ်ကြောင်း ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန် ဂွိုက်ဒိုက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် စနေနေ့ကဖြစ်ပွားခဲ့သည့် အစိုးရဆန့်ကျင်သည့် ဆန္ဒပြပွဲတစ်ခု၌ မိန့်ခွန်းပြောကြားခဲ့စဉ်အတွင်း ဂွိုက်ဒိုက လတ်တလောဖြစ်ပွားနေသည့် အခြေအနေများ တိုးတက်မှုရရှိစေရန်အတွက် ရင်းနှီးမြှုပ်နှံသွားရန် ဂျပန်နိုင်ငံက ပြင်ဆင်နေသည်ဟု ပြောကြားခဲ့ကြောင်း ၎င်းကဆိုသည်။

စွမ်းအင်လည်ပတ်ဆောင်ရွက်မှုများတွင် တရားဥပဒေအရ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့်အတွက် သမ္မတနီကိုလပ်မာဒူရိုအစိုးရအဖွဲ့ကို ဂျပန်အစိုးရက အပြစ်တင်နေကြောင်း ဂွိုက်ဒိုကပြောသည်။ ဂျပန်၌ လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီများစွာရှိသည်ဟုလည်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

အစ္စရေးရွေးကောက်ပွဲမှာ နေတန်ယာဟု ဝန်ကြီးချုပ် ထပ်ဖြစ်မှာလား

ထွန်းသစ်စ

အစ္စရေးအစိုးရဟာ ဧပြီလမှာ ရွေးကောက်ပွဲတွေကျင်းပဖို့ ဆုံးဖြတ်ခဲ့သလို ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအနေနဲ့လည်း ပါလီမန်မှာ တစ်နေရာစာရရှိဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ သို့သော်လည်း ရွေးကောက်ပွဲမတိုင်မီ သူဟာ အကျင့်ပျက်ခြစားမှုစွဲချက်တွေနဲ့ ရင်ဆိုင်ရမယ့်အနေအထားကိုလည်း တွေ့နေရပါတယ်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု(ဝဲ) နှင့် သမ္မတထရမ့် (ယာ)တို့ တွေ့ဆုံခဲ့စဉ်။

ဧပြီလအစောပိုင်းမှာ ကျင်းပမယ်

နေတန်ယာဟုဟာ မကြာသေးမီက တရားရေးရာတွေနဲ့ နိုင်ငံရေးဒုက္ခတွေ ခံစားခဲ့ရသော်လည်း သူဟာ ရွေးကောက်ပွဲသစ် ကျင်းပပြီးစီးချိန်မှာ ဝန်ကြီးချုပ်အဖြစ် ဆက်လက်ရှင်သန်ရပ်တည်နိုင်ဖို့ အခွင့်အရေးပိုများတယ်လို့ လူထုသဘောထား ဆန်းစစ်ကောက်ယူခဲ့တဲ့ စစ်တမ်းတွေအရ သိရပါတယ်။ ရွေးကောက်ပွဲလွန်ကာလမှာ အကယ်၍ သူသာဝန်ကြီးချုပ်ဆက်ဖြစ်နေမယ်ဆိုပါက သူဟာအစ္စရေးနိုင်ငံရဲ့ သက်တမ်းအကြာဆုံး ဝန်ကြီးချုပ်ဖြစ်လာမှာ ဖြစ်ပါတယ်။

ခန့်မှန်းခြေရသုံးငွေစာရင်းနဲ့ အမျိုးသားရေးတာဝန်အကြောင်းပြချက်တွေနဲ့အတူ နေတန်ယာဟုရဲ့ အတိုက်အခံပါတီမှ ပါတီခေါင်းဆောင်တွေဟာလည်း ရွေးကောက်ပွဲကို ဧပြီလအစောပိုင်းမှာ ကျင်းပဖို့ သဘောတူခဲ့ပါတယ်။

ရက်မသတ်မှတ်ရသေး

ဧပြီလအစောပိုင်းမှာ ရွေးကောက်ပွဲတွေ ကျင်းပဖို့ ဆုံးဖြတ်ခဲ့ပေမယ့်လည်း ဘယ်နေ့မှာ အတိအကျ ကျင်းပမလဲဆိုတာကတော့ မသေချာသေးပါဘူး။ သို့သော်လည်း အစ္စရေးမီဒီယာတွေကတော့ ရွေးကောက်ပွဲတွေကို ဧပြီ ၉ ရက်မှာ ကျင်းပမယ်လို့ နှုပ်ကြောင်းပေးဖော်ပြခဲ့ကြပါတယ်။

သတင်းထောက်တွေကို နေတန်ယာဟုက သူ့အနေနဲ့ သူ့ရဲ့အောင်မြင်မှုတွေကိုလာမယ့် ရွေးကောက်ပွဲမှာ မြင်တွေ့နိုင်ဖို့ မျှော်လင့်ထားသလို လက်ရှိအတိုက်အခံကလည်း နောက်လာမယ့် အတိုက်အခံဖြစ်လာမယ်ဆိုပြီး ပြောခဲ့ပါတယ်။ လက်ရှိအတိုက်အခံဟာ အစ္စရေးနိုင်ငံရဲ့သမိုင်းမှာ ကာလအရှည်ကြာဆုံး လက်ယာနိုင်ငံရေးအုပ်စုလည်းဖြစ်ပါတယ်။

ကောင်းမွန်စွာ ကိုင်တွယ်ဖို့ အချိန်ယူရဦးမယ်

မဲဆန္ဒရှင်တွေထံက ရှင်းလင်းတဲ့ လုပ်ပိုင်ခွင့်ပေးဖို့ တောင်းဆိုရမှာဖြစ်သလို အစ္စရေးနိုင်ငံကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆက်လက်ချီတက်ခွင့် တောင်းဆိုရမှာဖြစ်ကြောင်း နေတန်ယာဟုက ပြောခဲ့ပါတယ်။

Ultra-Orthodox ပါတီနဲ့ဆိုင်တဲ့ အဓိကဥပဒေကြမ်းကို မဟာမိတ်ပါတီက သဘောတူမယ့်အချိန်မှာ အခုလိုမျိုး ရွေးကောက်ပွဲကျင်းပဖို့ ဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းပဲဖြစ်ပါတယ်။ Ultra-Orthodox ပါတီဟာ မဟာမိတ်ပါတီရဲ့ ၆၁ နေရာအနက် ၁၃ နေရာကို ရရှိထားပြီး မူဝါဒပိုင်းဆိုင်ရာကို လွှမ်းမိုးထားပါတယ်။

ဂါဇာအပစ်ရပ်စဲရေး သဘောတူညီချက် အငြင်းပွားမှုကြောင့် ကာကွယ်ရေးဝန်ကြီး အဗစ်ဒေါလိုင်ဘာမင်းန် နိုဝင်ဘာလမှာ နုတ်ထွက်သွားပြီးနောက် နေတန်ယာဟုရဲ့ ညွန့်ပေါင်းအဖွဲ့က ပါလီမန်မှာ တစ်နေရာသာ ကျန်ရှိခဲ့ပါတယ်။

ထို့အတူပဲ ကာကွယ်ရေးဝန်ကြီးပါဝင်တဲ့ ယိစ်ရေးလ်ဘိုင်တီနူပါတီဟာ ကာကွယ်ရေးဝန်ကြီး နုတ်ထွက်ခဲ့တဲ့အတွက် မဟာမိတ်ပါတီမှ ငါးနေရာ ဖယ်ပေးခဲ့ရပါတယ်။ မဟာမိတ်ပါတီဟာ နေရာအရေအတွက် တဖြည်းဖြည်းလျော့နည်းလာတဲ့အတွက် အဲဒီအချိန်မှာ နေတန်ယာဟုဟာ မဟာမိတ်ပါတီကို ကယ်တင်ဖို့ အလုပ်အတော်လုပ်ရမှာပဲဖြစ်သလို ဂါဇာအပစ်ရပ်စဲရေးနဲ့ ပတ်သက်တဲ့ ဝေဖန်မှုတွေကို ရင်ဆိုင်နေရတဲ့အတွက် အဲဒါတွေကို ကောင်းမွန်စွာကိုင်တွယ်နိုင်ဖို့လည်း ရက်သတ္တပတ်အတော်ကြာ အချိန်ယူရမှာဖြစ်ပါတယ်။

အချိန်အခါကောင်း မဟုတ်သေး

နေတန်ယာဟုက အခုလို နိုင်ငံအနေနဲ့ ထိလွယ်ရှလွယ်တဲ့ လုံခြုံရေးဆိုင်ရာအခြေအနေ အထူးသဖြင့် အစ္စရေးနိုင်ငံဟာ ဟစ်ဇ်ဘိုလာဥမင်ကို ဖျက်ဆီးဖို့အရေး စစ်ရေးဆိုင်ရာဆောင်ရွက်မှုတွေ လုပ်ဆောင်နေတဲ့အချိန်မှာ ရွေးကောက်ပွဲတွေဟာ သင့်တော်တဲ့ အချိန်အခါမဟုတ်သေးဘူးလို့ အငြင်းပွားပြောဆိုခဲ့ပါတယ်။

ဥမင်လိုဏ်ခေါင်းစစ်ဆင်ရေးဟာ မကြာမီပြီးဆုံးတော့မှာဖြစ်ကြောင်း ပြောခဲ့သလို ရွေးကောက်ပွဲကိုပြုလုပ်ဖို့ ဆုံးဖြတ်လိုက်ခြင်းဟာလည်း အချိန်အခါကောင်း မဟုတ်သေးဘူးလို့ မကြာသေးမီက နေတန်ယာဟုက ပြောခဲ့ပါတယ်။

> **“နိုင်ငံအနေနဲ့ ထိလွယ်ရှလွယ်တဲ့ လုံခြုံရေးဆိုင်ရာ အခြေအနေ အထူးသဖြင့် အစ္စရေးနိုင်ငံဟာ ဟစ်ဇ်ဘိုလာ ဥမင်ကို ဖျက်ဆီးဖို့အရေး စစ်ရေးဆိုင်ရာဆောင်ရွက်မှုတွေ လုပ်ဆောင်နေတဲ့အချိန်မှာ ရွေးကောက်ပွဲတွေဟာ သင့်တော်တဲ့ အချိန်အခါမဟုတ်သေး”**

အကောင်းဆုံးလူ

သို့သော်လည်း အတိုက်အခံပါတီအုပ်စုဖြစ်တဲ့ Zionist Union ကတော့ ရွေးကောက်ပွဲကို စောပြီးကျင်းပဖို့ သဘောတူခဲ့ပါတယ်။ ဘင်ဂျမင် နေတန်ယာဟုရဲ့ အချိန်ဟာ ကုန်ဆုံးသွားပြီလို့ အတိုက်အခံအုပ်စုဖြစ်တဲ့ Zionist Union ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြခဲ့ပါတယ်။

နေတန်ယာဟုဟာ အကျင့်ပျက်ခြစားမှုဆိုင်ရာ ပြဿနာပေါင်းသောင်းခြောက်ထောင်နဲ့ ရင်ဆိုင်နေရပြီး အပူမီးဝိုင်းလျက်ရှိပါတယ်။ ရဲတွေကလည်း နေတန်ယာဟုကို သက်သေသာဓကသုံးခုနဲ့ စွဲချက်တင်ခဲ့သလို ရှေ့နေချုပ်ကလည်း ဘယ်လိုဆက်ပြီး ဆောင်ရွက်ရမလဲဆိုတာနဲ့ပတ်သက်ပြီး စဉ်းစားနေတယ်လို့ သိရပါတယ်။

စွဲချက်တင်ရုံလောက်နဲ့တော့ နေတန်ယာဟုကို ဖြုတ်ချလို့မရသလို အကယ်၍ သူ့အနေနဲ့ ကျူးလွန်ခဲ့တယ်ဆိုရင်တောင် သူ့ရဲ့လီကွတ်ပါတီဟာ ရွေးကောက်ပွဲပြီးနောက် ပါလီမန်မှာ အလုံးအရင်းနဲ့ ကျန်ရှိနေဦးမှာဖြစ်ပါတယ်။

တချို့ လေ့လာစောင့်ကြည့်သူတွေက နေတန်ယာဟုဟာ ရွေးကောက်ပွဲမှာ ဖြစ်ပေါ်လာသမျှသော ကိစ္စရပ်တွေကိုရင်ဆိုင်ဖို့ အကောင်းဆုံးသူတစ်ယောက်ဖြစ်ကြောင်း သုံးသပ်ကြပါတယ်။

ဝန်ကြီးချုပ် လုပ်သက် ၁၂ နှစ်ကြာ

နေတန်ယာဟုရဲ့ ဝန်ကြီးချုပ် လုပ်သက်ဟာ မနည်းတော့ဘဲ စုစုပေါင်း ၁၂ နှစ်တောင်ကျော်ခဲ့ပါပြီ။ သူဟာ ၁၉၉၆ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိလည်းကောင်း၊ ထို့မှတစ်ဖန် ၂၀၀၉ ခုနှစ်မှ ယခုအချိန်အထိလည်းကောင်း ဝန်ကြီးချုပ်လုပ်ခဲ့တာပါ။

အကယ်၍သာ သူသာ နောက်တစ်နှစ်ထပ်ပြီး ဝန်ကြီးချုပ်ဖြစ်ခဲ့ပါက သူဟာအစ္စရေး တည်ထောင်သူဖခင်ကြီး ဒေးဗစ်ဘန်ဂူရီယန်ရဲ့ ၁၃ နှစ်ကြာအုပ်ချုပ်ခဲ့တဲ့ စံချိန်ကို ချိုးနိုင်တော့မှာဖြစ်ပါတယ်။

လာမယ့် ရွေးကောက်ပွဲလှုံ့ဆော်မှုမှာ ပူညံ့ပူညံ့ဖြစ်ဦးမယ့်သဘောကို တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် နေတန်ယာဟုရဲ့ ဆန့်ကျင်ဘက်အတိုက်အခံတွေက သူ့ရဲ့ဂုဏ်သိက္ခာတွေကို “ဦးဦးလုံခြုံရေး”လို့တောင် အမည်ပေးကင်ပွန်းတပ်မယ့်သဘောကို တွေ့ရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ဘယ်သူဖြစ်မလဲ

လက်ယာယိမ်းအတိုက်အခံ အင်အားစုတွေ ဆန့်ကျင်တဲ့ ဂါဇာအပစ်ရပ်စဲရေးသဘောတူညီမှုအပေါ် သက်ရောက်ခဲ့တဲ့ နေတန်ယာဟုရဲ့လုံခြုံရေးဆိုင်ရာ ထောက်ခံချက်အတော်များများဟာ အလုပ် ဖြစ်မဖြစ်တော့ မကျိန်းသေသေးပါဘူး။

နေတန်ယာဟုကို ယှဉ်ဖို့နဲ့ သူ့ရဲ့အတိုက်အခံ လက်ယာယိမ်းပါတီကိုယှဉ်ဖို့ ဗဟိုလက်ဝဲယိမ်းပါတီကလည်း မစွမ်းသာတဲ့သဘောကို တွေ့ရပါတယ်။

ဝန်ကြီးချုပ်နေတန်ယာဟုဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ထောက်ခံမှုကိုလည်း ရရှိထားပါတယ်။

မကြာသေးမီကပြောခဲ့တဲ့ နေတန်ယာဟုရဲ့ မှတ်ချက်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်ရေးနဲ့ အမေရိကန်သံရုံးကို အဲဒီကိုပြောင်းရွှေ့ဖွင့်လှစ်လိုက်ခြင်းဟာ အစ္စရေးရဲ့အကြီးဆုံး အောင်မြင်မှုပဲလို့ မှတ်ချက်ချပြောခဲ့ပါတယ်။

အစ္စရေးနိုင်ငံမှာ ရွေးကောက်ပွဲကို ဆောလျင်စွာကျင်းပခြင်းဟာ သတ်မှတ်ချက်တစ်ခုသာဖြစ်ပြီး ဘယ်အစ္စရေးအစိုးရမှ သက်တမ်းပြည့် အုပ်ချုပ်ဖို့ မလွယ်လောက်ပါဘူး။ ထိလွယ်ရှလွယ်ဖြစ်နေတဲ့ နိုင်ငံရဲ့လုံခြုံရေး အခြေအနေကြားထဲမှာ ကျင်းပမယ့် လာမယ့် ရွေးကောက်ပွဲမှာ နေတန်ယာဟုသာ အနိုင်ရခဲ့မယ်ဆိုပါက သက်တမ်းအကြာဆုံး ဝန်ကြီးချုပ်ဖြစ်လာဦးမှာပါ။ ။

ကိုးကား-အေအက်ဖ်ပီ

မော်လိုက်မြို့နယ် ကင်းတပ်ကျေးရွာ (ယခင်မြို့ဟောင်း) တွင် တည်ရှိသည့် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထားကိုးကွယ်တော်မူခဲ့သော သမိုင်းဝင် နန်းဦးရွှေဘုံသာ စေတီတော်ကို ဖူးတွေ့ရစဉ်။ ဓာတ်ပုံ - ပန်းကမ္ဘာ

ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်တစားလာရောက်လည်ပတ်လေ့ရှိသည့် မော်လိုက်မြို့

မော်လိုက်သားလေး

၁၈၈၆ ခုနှစ်တွင် အင်္ဂလိပ်တို့မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ချင်းတွင်းမြစ်အတိုင်းဆန်တက်ပြီး ကင်းတပ်ဒေသ အထက်ချင်းတွင်းခရိုင်မြို့အဖြစ် သတ်မှတ်ကာ ရုံး၊ ထောင်၊ ဆေးရုံ၊ ကြေးနန်း စသည့် အဆောက်အအုံများ ဆောက်လုပ်ခဲ့ကြသည်။

ထိုအချိန်က မော်လိုက်သည် သူကြီးအုပ်ချုပ်သော ရွာတစ်ရွာ ဖြစ်သည်။ ယင်းနောက် ကဏ္ဍုအင်း ခေါ် ကင်းတပ်အင်း ရေလျှံခြင်း၊ ရောဂါထူပြောခြင်း စသည်တို့ကြောင့်အရေးပိုင် မစ္စတာဖောက်ကား(လ်) လက်ထက် ၂၄-၆-၁၉၁၆ တွင် ကင်းတပ်တောင်ဘက် ၆ မိုင်အကွာရှိ ချင်းတွင်းမြစ်၏ လက်ယာဘက်ကမ်း မော်လိုက်ရွာသို့ ပြောင်းရွှေ့ခဲ့ပြီး ရုံးစိုက်ခဲ့ရာမှ အထက်ချင်းတွင်း ခရိုင်မော်လိုက်မြို့ဟု ထင်ရှားလာခဲ့သည်။

ယင်းကဲ့သို့ ထင်ရှားလာခဲ့သည့် မော်လိုက်မြို့သည် ယခုအခါ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာသည်နှင့်အမျှ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်တစားဖြင့် လာရောက်လည်ပတ်လေ့ရှိသည့် မြို့လေးတစ်မြို့ဖြစ်လာရာ ၂၀၁၈ ခုနှစ် တစ်နှစ်တာအတွင်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင် စုစုပေါင်း ၇၉၂ ဦး ဝင်ရောက်လာခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ခရိုင်ဦးစီးမှူးရုံးမှ သိရသည်။

အဆိုပါ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များသည် မော်လိုက်မြို့ရှိ ကိုလိုနီခေတ် အဆောက်အအုံများ၊ ဂေါက်ကွင်းနှင့် ပျားစွဲဆင် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတို့ကြောင့် ယင်းတို့တည်ရှိရာ မော်လိုက်မြို့သို့ စိတ်ဝင်တစားဖြင့် လာရောက်လည်ပတ်ရခြင်းဖြစ်ကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်တစား လာရောက်လေ့ရှိသည့် ကိုလိုနီခေတ် အရေးပိုင်ရုံး (ယခု စုပေါင်းရုံးကြီး) ကို တွေ့ရစဉ်။

သဘာဝရှုခင်းများဖြင့် လှပနေသည့် မော်လိုက်မြို့ဆိပ်ကမ်းတစ်နေရာကို တွေ့ရစဉ်။ ဓာတ်ပုံ - စည်သူအောင် (ပန်းကမ္ဘာ)

မော်လိုက်မြို့ရှိ ကိုလိုနီခေတ် (သစ်တောဝန်နေအိမ်)ကို ပြည်တွင်း ပြည်ပခရီးသွား ဧည့်သည်များ စိတ်ဝင်တစား လာရောက်ကြည့်ရှုလေ့လာနေသည်ကို တွေ့ရစဉ်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များ မော်လိုက်မြို့ရှိ သမိုင်းဝင် ရှေးအကျဆုံး ဂေါက်ကွင်းကို သုံးဘီးဖြင့် လှည့်လည်ကြည့်ရှုကြစဉ်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များ ပျားစွဲဆင်စခန်းရှိ ဆင်များကို အစာကျွေးနေကြစဉ်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အရည်အသွေးစစ်ဆေးရေးကုမ္ပဏီအဖွဲ့ဝင်များ တွေ့ဆုံ

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အရည်အသွေးစစ်ဆေးရေးကုမ္ပဏီအဖွဲ့ဝင်များ တွေ့ဆုံစဉ်။

ပဲခူး မတ် ၃၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ တော်ဝင်ဟံသာခန်းမ၌ မတ် ၃၁ ရက်က ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက BRCB(T)နှင့် Third Party (QC Team) များနှင့် တွေ့ဆုံပွဲ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခင် ခေတ်အဆက်ဆက်က တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ခံစစ်ဆေးသည့် ကော်မတီရှိခဲ့သော်လည်း အင်ဂျင်နီယာပိုင်းဆိုင်ရာ အသိပညာနည်းပါးခြင်း၊ အဂတိလိုက်စားခြင်းတို့ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အရည်အသွေးများ အားနည်းခဲ့ကြောင်း၊ ယခုအခါ ဌာနဆိုင်ရာနှင့် တင်ဒါအောင်ကုမ္ပဏီတို့ကြားတွင် ဖြောင့်မတ်မှန်ကန်သည့်အင်ဂျင်နီယာနည်းစနစ်များ၊ အရည်အသွေးများအား စစ်ဆေးသည့် QC Team များ ထည့်သွင်းရခြင်းဖြစ်ကြောင်း၊ ယခင်ခေတ်များ တွင် ပညာရှင်များသည် အာဏာရှင်နှင့် စီးပွားရေးလုပ်ငန်းရှင်များအောက်တွင် ရပ်တည်ခဲ့ရပြီး တိုင်းပြည်၏ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်အချိန်မပြည့်မီ ပျက်စီးခဲ့ကြောင်း၊ ယင်းအခြေအနေကို ကျော်လွှားနိုင်ရန် မိမိတို့ တိုင်းဒေသကြီးအစိုးရမှ ဦးဆောင်၍ တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် BRCB (T) ကို ဖွဲ့စည်းခဲ့ပြီး (QC) ကုမ္ပဏီများ ရွေးချယ်သုံးစွဲခဲ့ကြောင်း၊ QC Team များအနေဖြင့်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုစနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသိပညာကို အခြေခံသည့် လူ့အဖွဲ့အစည်းတစ်ခုကို ပြောင်းလဲရာတွင် တီထွင်ဖန်တီးခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးပါကြောင်း၊ တက်ရောက်လာသည့် QC ကုမ္ပဏီများကို အရည်အသွေးစစ်ဆေးရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း စစ်ဆေးဆောင်ရွက်ရန်နှင့် အဂတိကင်းပြီး ကိုယ်ပိုင်အလင်းရောင်ဖြင့် မှန်ကန်တည့်မတ်စွာ ရပ်တည်ရန် လမ်းညွှန်မှာကြားခဲ့သည်။

အဖွဲ့ခေါင်းဆောင် ဦးထိုက်လင်းက တိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းများတွင် QC ကုမ္ပဏီများ ရွေးချယ်ပေးခဲ့မှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ တက်ရောက်လာသည့် QC ကုမ္ပဏီများမှ တာဝန်ရှိသူတို့က လက်ရှိမြေပြင်တွင် လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာ၊ ဒေသခံပြည်သူတို့နှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရင်ဆိုင်နေရသည့် အခက်အခဲများအား ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် ဝန်ကြီးချုပ်က ၁၀ နှစ်ခံမည့် အဆောက်အအုံတစ်ခုကို နှစ် ၃၀အထိ ခံနိုင်ပါက တိုင်းပြည်အတွက် ဘဏ္ဍာငွေဆုံးရှုံးမှု ပိုမိုသက်သာနိုင်မည်ဖြစ်ကြောင်း၊ ဒါကြောင့် QC လုပ်ငန်းသည် အရေးပါသည်ကို နားလည်သဘောပေါက်ကြစေလိုကြောင်း၊ QC ကုမ္ပဏီများသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း သတ်မှတ်ဝတ်စုံဝတ်ဆင်ထားရန်၊ အတ္တနှင့်ပရမ္မတပြီး မွန်မြတ်သောနှလုံး သားဖြင့် တိုင်းပြည်တည်ဆောက်ရေး၊ ပြုပြင်ပြောင်းလဲရေး ကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ထပ်မံပြောကြားသည်။

တင်စိုး(ပဲခူး)

မြို့တွင်းလမ်းနှင့် ရေမြောင်းများ တိုးချဲ့ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား မတ် ၃၁

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မြစ်ကြီးနားမြို့၌ ဖွင့်လှစ်သည့် Palm Spring Goft Resort နှင့် အင်ခိုင်ဘွမ် Villa ဖွင့်ပွဲတက်ရောက်ဖွင့်လှစ်ပေးပြီး မြို့တွင်းလမ်းနှင့် ရေမြောင်းများ တိုးချဲ့ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဈေးကြီးလမ်းတစ်လျှောက် လမ်းလယ်ပန်းခံဆောင်ရွက်ရန်လျာထားမှုနှင့် မီးရထားသံလမ်းကူးနေရာတွင် လမ်းတိုးချဲ့ဆောင်ရွက်မည့် အခြေအနေနှင့် ကျွန်းပင်သာရပ်ကွက်အတွင်းရှိ ဇော်ဂျွန်းလမ်းနှင့် ကျွန်းရွှေဝါလမ်းတို့ကို တိုးချဲ့ခင်းကျင်းဆောင်ရွက်နေမှု၊ လမ်းဆုံနေရာ၌ မီးပွိုင့်တပ်ဆင်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် လယ်ကုန်းရပ်ကွက်အတွင်း စည်ပင်သာယာရေးအဖွဲ့၏ ကတ္တရာ၊ ယာဉ်၊ စက်ယန္တရား၊ ဂိုဒေါင်နှင့် ဝန်ထမ်းအိမ်ရာဝင်းမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဆမားလမ်းကို တိုးချဲ့ခင်းကျင်းဆောင်ရွက်နေမှုနှင့် ဆမားလမ်းနှင့် ဇော်ဂျွန်းလမ်းဆုံ၌ ရေနုတ်မြောင်း ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က လမ်းတိုးချဲ့ဆောင်ရွက်ရာတွင် ရေနုတ်မြောင်းများ စနစ်တကျ ဖောက်လုပ်ရေး၊ လမ်းနယ်မလွတ်သည့် မီးတိုင်နှင့် ဖုန်းတိုင်များကို ရွှေ့ပြောင်းစိုက်ထူရေး တာဝန်ရှိသူများအား မှာကြားသည်။

မြစ်ကြီးနားမြို့ ဈေးကြီးလမ်းတစ်လျှောက် ဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ကြည့်ရှုစစ်ဆေးစဉ်။

ပြည်နယ် (ပြန်/ဆက်)

ငဖဲမြို့နယ်တောင်ပေါ်ဒေသ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းများ ပြီးစီးမှုကွင်းဆင်းစစ်ဆေး

ငဖဲ မတ် ၃၁

မင်းဘူးခရိုင် ငဖဲမြို့နယ် တောင်ပေါ်ဒေသကျေးရွာများတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်သောစိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က မတ် ၃၁ ရက်က ကြည့်ရှုစစ်ဆေးလျက်ရှိသည်။

စိမ့်စမ်းရေလှောင်ကန် တည်ဆောက်ပြီးစီးမှုကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် မူလခွင့်ပြုငွေကျပ်သန်း ၁၅ ဒသမ ၈၉ ဖြင့် လင်းမြတ်မင်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ပဇီကျေးရွာ စိမ့်စမ်းရေသွယ်ခြင်း ပေ ၁၀၀၀၀ နှင့်ဂါလန် ၅၀၀၀ ဆံ့ရေကန်တည်ဆောက်ခြင်းနှင့် ၂၅ သန်းဖြင့် ဆောင်ရွက်သော ဆင်လမ်းကျေးရွာစိမ့်စမ်းရေသွယ်ခြင်း ပေ ၁၈၀၀၀ နှင့်ဂါလန် ၅၀၀၀ ဆံ့ အများ သုံးရေကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကုမ္ပဏီမှတာဝန် ရှိသူများနှင့်ကျေးရွာကော်မတီဝင်များက ရှင်းလင်းပြောကြားခဲ့ရာ မြို့နယ်ကျေးလက်ဦးစီးမှူးက စနစ်တကျ ဝိုင်းဝန်းထိန်းသိမ်းသုံးစွဲသွားကြရန် ပြန်လည်မှာကြားခဲ့သည်။

အဆိုပါစိမ့်စမ်းရေသွယ်တန်းပြီးအများသုံးရေကန်များမှ ပဇီကျေးရွာရှိ လူဦးရေ ၄၀၀ ကျော်၊ ဆင်လမ်းကျေးရွာရှိ လူဦးရေ ၁၃၀ ကျော်နှင့် အိမ်မွေးတိရစ္ဆာန်များပါ သောက်သုံးရေဖူလုံစွာ ရရှိသုံးစွဲလျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၁-၃-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၁၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၈၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၁၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၉၈၆၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၂၀/၉၈၅ ကျပ်	၉၈၅/၁၀၀၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၃၀/၉၉၅ ကျပ်	၁၀၀၀/၁၀၁၅ ကျပ်
အောက်တိန်း ၉၂	၇၅၀/၈၂၅ ကျပ်	၈၅၅/၈၆၅ ကျပ်
အောက်တိန်း ၉၅	၈၄၀/၈၉၅ ကျပ်	၉၄၀/၉၅၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၂၀ · ၄
ဥရောပ	တစ်ယူရို	ကျပ် ၁၇၁၉ · ၆
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၂၅ · ၉
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၂၀၀၅ · ၃
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၈၀ · ၀
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၈၃ · ၆
တရုတ်	တစ်ယွမ်	ကျပ် ၂၂၆ · ၄၈
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၂ · ၀၇၄
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၄ · ၀၆
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၇၃ · ၇၀
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ · ၀၃၈

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- အောင်နိုင်ဦး
စာတည်းမှူး	- စိုးစိုးနိုင်
သတင်းထောက်ချုပ်	- မြင့်ဆွေ
စာတည်းများ	- ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	- ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	- တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	- (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သကြၤန်ကာလအတွင်း အဝေးပြေးယာဉ်လိုင်းများ ရပ်နားထားခြင်းမရှိ ပုံမှန်ပြေးဆွဲပေးသွားမည်

ပုသိမ် မတ် ၃၁

ဧရာဝတီတိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြေးဆွဲပေးနေသော အဝေးပြေးယာဉ်လိုင်းများကို သကြၤန်ကာလအတွင်း ပုံမှန်ပြေးဆွဲမည်ဖြစ်ပြီး သတ်မှတ်နှုန်းထားယာဉ်စီးခများထက် ပိုမိုတောင်းခံလာပါက ခရီးသွားပြည်သူများက တိုင်ကြားနိုင်ကြောင်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ သကြၤန်ကာလအတွင်းမှာ ယာဉ်လိုင်းတွေကို ပြေးဆွဲပေးသွားဖို့အတွက် ပိုင်ရှင်တွေရဲ့ ဆန္ဒနဲ့အညီ ပြေးဆွဲသွားပါမယ်။ ယာဉ်ပြေးဆွဲမှုကိုတော့ လုံးဝရပ်နားသွားဖို့တော့မရှိပါဘူး။ ပုံမှန်အတိုင်းပဲ ပြေးဆွဲသွားမှာပါ။ အနည်းအကျဉ်းလောက်တော့ ရပ်နားတာရှိမှာပေ့ါ။ ပိုင်ရှင်တွေကိုတော့ ယာဉ်ရပ်နားပါ၊ ပြေးဆွဲကြပါလို့တော့ မပြောပါဘူး။ သူတို့သဘောအတိုင်းပဲ လုပ်သွားမှာ ဖြစ်ပါတယ်”ဟု တိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းများ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်က ပြောသည်။

ပုသိမ်မြို့မှ အနယ်နယ် အရပ်ရပ်သို့ ပို့ဆောင် ဆက်သွယ် ပေးနေသော အဝေးပြေး ဝင်းကို တွေ့ရစဉ်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ တစ်ဆင့်ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပခုက္ကူ၊ ပြည်မြို့များသို့ ယာဉ်အစီး ၆၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း၊ ထို့အပြင် မြန်အောင်၊ မြောင်းမြ၊ ကြံခင်း၊ ဟသ်ၤာတမြို့များသို့ ပုံမှန် အဝေးပြေးဝင်းနှစ်ခုမှ အစီး ၁၄၀ ခန့် ပြေးဆွဲပေးလျက်ရှိကြောင်း အဆိုပါရုံးမှ သိရသည်။

သကြၤန်ကာလအတွင်း ယာဉ်စီးခများ ပိုမိုတောင်းခံမှုများရှိပါက ခရီးသွားမိတ်ဆွေများသည် တိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းယာဉ်များ စနစ်တကျ ပြေးဆွဲရေး ကြီးကြပ်မှုကော်မတီရုံးသို့ တယ်လီဖုန်းဖြင့် ချက်ချင်းတိုင်ကြားနိုင်ကြောင်း၊ ယခင်နှစ်များတွင် ယာဉ်စီးခပိုမိုတောင်းခံမှု၊ စည်းကမ်းဖောက်ဖျက်မှုများ မရှိခဲ့ကြောင်း၊ အဆိုပါရုံးမှ ပြေးဆွဲနေသောယာဉ်များအား ဥပဒေနှင့်အညီ ပြေးဆွဲနိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သကဲ့သို့ ယာဉ်ပိုင်ရှင်နှင့် ကားဂိတ်များကို သကြၤန်ကာလအတွင်း လိုက်နာရမည့် စည်းကမ်းများကို သိရှိစေရန်အတွက် အကြောင်းကြားစာများပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထွန်းဇော်

တာချီလိတ်မြို့၌ လေထုအရည်အသွေး အညွှန်းကိန်း ၅၀၂ နီညိုရောင်အဆင့်အထိ မြင့်တက်နေ

တာချီလိတ် မတ် ၃၁

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူများ ဝင်ရောက်ဖုံးလွှမ်းမှုကြောင့် မတ် ၃၁ ရက်တွင် လေထုအညွှန်းကိန်း ၅၀၂ နီညိုရောင်အဆင့်အထိမြင့်တက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာချီလိတ်မြို့တွင် လေထုအရည်အသွေးတိုင်းတာမှုများ ပြုလုပ်ရာ မတ် ၂၉ရက်နေ့က အညွှန်းကိန်း ၁၅၆၊ မတ် ၃၀ ရက်တွင် မီးခိုးမြူပိုများလာပြီး လေထုအရည်အသွေးအညွှန်းကိန်း ၄၄၈ အထိရှိခဲ့ပြီး မတ် ၃၁ ရက်တွင် လေထုအရည်အသွေး အညွှန်းကိန်း ၅၀၂ အထိ မြင့်တက်လာခြင်းဖြစ်သည်။

လေထုအရည်အသွေး အညွှန်းကိန်းမှာ သုည မှ ၅၀ အထိ ကောင်းမွန်သည့်အနေထား၊ ၅၀ မှ ၁၀၀ ကြား အဝါရောင်အဆင့်၊ အတန်အသင့်ကောင်းမွန်သည့်အနေအထား၊ အညွှန်းကိန်း ၁၀၁ မှ ၁၅၀ ကြား လိမ္မော်ရောင်အဆင့်ဖြစ်ပြီး အဆုတ်ရောဂါရှိသူများ၊ ခါတ်မတည့်သူများအတွက် ထိခိုက်စေနိုင်သည့် အနေအထား၊ အညွှန်းကိန်း ၁၅၁ မှ ၂၀၀ အထိ အနီရောင်အဆင့်ဖြစ်ပြီး ကျန်းမာရေး ထိခိုက်စေနိုင်သည့် အနေအထား၊ အညွှန်းကိန်း ၂၀၁ မှ ၃၀၀ အထိ ခရမ်းရောင်အဆင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည့် အနေအထား၊ ၃၀၁မှ ၅၀၀ အထိ နီညိုရောင်အဆင့် အန္တရာယ်ဖြစ်စေနိုင်သည့် အနေအထားဖြစ်ကြောင်း သိရသည်။

တာချီလိတ်မြို့တွင် လေထုအရည်အသွေး ညစ်ညမ်းနေမှုကို လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များက ကျန်းမာရေးအသိပေးခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေခြင်း၊ မီးခိုးငွေ့ လျှော့ချရန် ရေမှုန်ရေမွှားပက်ဖျန်းခြင်းနှင့် လေထုအရည်အသွေး တိုင်းတာခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ မိုင်းဆတ်မြို့၊ မိုင်းတုံမြို့များတွင်လည်း မီးခိုးမြူများ ဖုံးလွှမ်းမှု ဖြစ်ပေါ်လျက်ရှိရာ ဌာနဆိုင်ရာများနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးသတ်ယာဉ်များဖြင့် ရေဖျန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဖြိုးလေး(ပြန်/ဆက်)

မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းပညာပေးလှုပ်ရှားမှု ပြုလုပ်

ဘိုကလေး မတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့ပေါ်၌ မြို့ပေါ်ရပ်ကွက်များ သန့်ရှင်းသာယာလှပစေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေ

မြို့သန့်ရှင်းသာယာလှပရေးအတွက် ပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်ကြစဉ်။

အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ YPDO လူမှုရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မြို့တွင်း အမှိုက်ကောက်သန့်ရှင်းရေး အသိပညာပေးလှုပ်ရှားမှုကို မတ် ၃၁ ရက်က ဘိုကလေးမြို့ ပြည်သူ့အားကစားကွင်းရှေ့မှ စတင်၍ အမှိုက်ကောက် သန့်ရှင်းရေးလှုပ်ရှားမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

“ ဒီလူငယ်တွေရဲ့ လုပ်ရပ်ကို ကြိုဆိုပါတယ်။ မြို့တွင်းသန့်ရှင်းသာယာလှပရေးကိုဦးတည်ပြီး အမှိုက်ကောက်ပညာပေးလှုပ်ရှားမှုအစီအစဉ်ကို မြို့မှာတက်ကြွစွာ ဆောင်ရွက်နေတဲ့အဖွဲ့ပါ။ ကျွန်တော်တို့အနေနဲ့ ဒီကလေးတွေအပြင် စိတ်ဝင်စားသူတွေ ပူးပေါင်းပါဝင်လာအောင်၊ စည်းကမ်းမဲ့ အမှိုက်ပစ်မှုတွေ လျော့နည်းလာအောင်၊ အမှိုက်တွေသိမ်းဆည်းရာမှာလည်း အဆင်ပြေစေရေးအတွက် လိုအပ်တဲ့ အကူအညီတွေပေးနေခြင်းဖြစ်ပါတယ်” ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ပြောသည်။

အဆိုပါအစီအစဉ်ကို ပြည်သူ့အားကစားကွင်းရှေ့မှ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် အမှိုက်ကောက်ခြင်း၊ ပညာပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ရေမြောင်းများတူးဖော်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြပြီး လစဉ်တနင်္ဂနွေနေ့တိုင်း သန့်ရှင်းရေး ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

သူဇာနွယ် (ဖျာပုံ)

ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာခါတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံ ကျွေးခြင်းကို လျှော့ချရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူရေးကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများ ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များဖြင့်သွင်းပေးရန်။
- ❖ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ❖ ကန်ရေအရောင်အသွေး သတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း(၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေ ရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါးဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။
- ❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေး ပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

သကြၤန်ကာလအတွင်း မှုခင်းကျဆင်းရေးအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်

ကြာအင်းဆိပ်ကြီး

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ သကြၤန်ကာလအတွင်း ပြည်သူများ မှုခင်းဆိုင်ရာပြဿနာများ မဖြစ်ပေါ်စေရေးအတွက် ရည်ရွယ်ပြီး မတ် ၃၁ ရက်က ခလယ်ကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တံခွန်တိုင် ခေတ္တနယ်မြေရဲစခန်းမှူး ရဲအုပ်စောကျော်လင်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ တံခွန်တိုင် မီးသတ်တပ်ဖွဲ့ဝင်များသည် ကျေးရွာအတွင်း နေအိမ်များနှင့် ဈေးဆိုင်များတွင် သကြၤန်ကာလအတွင်း မူးယစ်သောက်စားပြီး ခိုက်ရန်ဖြစ်ပွားမှု မရှိစေရေး၊ မူးယစ်ဆေးဝါးနှင့် ကာမစိတ်ကြွဆေးများရောင်းချခြင်း မရှိရေးစသည်များကို အကြိုမှုခင်းပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်

ရေစကြို

သကြၤန်ကာလနီးကပ်လာသည်နှင့်အမျှ အပျော်လွန်ရာမှ လူမှုဆင်းရဲဒုက္ခများ မဖြစ် ပေါ်စေရေး၊ ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် ရေစကြိုမြို့နယ်ရဲတပ်ဖွဲ့မှူး- ရဲမှူးမြင့်ဇေဦးစီး၍ မြို့မရဲစခန်းမှူး ဒုရဲမှူးဆန်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ကြပ်ကြီးတင့်လွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း၊ အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်မင်း၊ အမှတ်(၇) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃၀ ရက် နံနက်က ရေစကြိုမြို့အဝင် ရွှေဂူကြီးလမ်းဆုံတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ရောင်ပြန်စတေကာများ ကပ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ကြကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

မြို့သစ်

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မကွေးတိုင်းအတွင်းရှိ ပြည်သူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ အသိပညာပေးခြင်းနှင့် လှည့်လည်ဟောပြောခြင်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ ရက်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ ဦးစီးကာ မြို့သစ်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သည့်အဖွဲ့သည် မြို့သစ်မြို့မြို့နယ်စည်ပင်သာယာဈေးကြီး၏ အနောက်ဘက်ကွက်သစ်ရပ် ရပ်ကွက်ရုံးရှေ့၌ ပြည်သူများအား မှုခင်းကြိုတင် ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း လမ်း၊ စည်းကမ်းလိုက်နာရေး အသိပညာပေး ဟောပြောခဲ့ပြီး တက်ရောက်လာသူများအား မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သန်းဝင်းထွန်း (မြို့သစ်)

ပုလော

ပုလောမြို့နယ် ပိတပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် မတ် ၃၀ ရက်က မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲကို ကျင်းပခဲ့ရာ ပုလောမြို့အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးကျော်မြင့်က မူးယစ်ဆေးအန္တရာယ်နှင့် ဆိုးကျိုးများကို ပညာပေးဗာတ်လမ်းများဖြင့်လည်းကောင်း ပုလောမြို့ယာယီမီးသတ်တာဝန်ခံ ဦးကျော်ဇေယျလွင်က မီးဘေးအန္တရာယ်နှင့် မီးသတ်ဆေးဘူးအသုံးပြုပုံကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တရုတ်နိုင်ငံတင်ပို့မည့် ဆန်တန်ချိန် ငါးသောင်းခန့် မူဆယ်နယ်စပ်တွင် ပိတ်မိနေသည့်အတွက် မူဆယ်နယ်စပ်သို့ ထပ်ဝင်လာမည့်ဆန်များ ရပ်ဆိုင်းထားရ

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ ကုန်ကားများဝင်ရောက်နေစဉ်။

တရုတ်နိုင်ငံတင်ပို့မည့် ဆန်တန်ချိန် ငါးသောင်းခန့် မူဆယ်နယ်စပ်တွင် ပိတ်မိနေသည့်အတွက် မူဆယ်နယ်စပ်သို့ ထပ်ဝင်လာမည့်ဆန်များ ရပ်ဆိုင်းထားရကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောသည်။

"မူဆယ်နယ်စပ်မှာ ပိတ်မိနေတဲ့ ဆန်တန်ချိန် ငါးသောင်းခန့်က လုံးဝမထွက်သေးဘူး။ တရုတ်က စပိတ်ထားတာ ဖေဖော်ဝါရီ ၂၅ ရက်ကတည်းက ပိတ်တာအခုထိပဲ။ ဒါပေမယ့် ဒီကြားထဲမှာ ပါမစ်ကလေးနဲ့တော့ နည်းနည်းပါးပါး သွားလို့ရတယ်။ ဒီပါမစ်ကလည်း သွားလို့ရပေမယ့် တော်တော်လေးကို ခက်ခက်ခဲခဲ သွားနေရတယ်။ ရှင်းရှင်းပြောရမယ်ဆိုရင် အောက်ကတင်ခိုင်းထားတဲ့ ဆန်တွေတောင် ရပ်ခိုင်းထားရတယ်။ မူဆယ်မှာ ထားစရာနေရာ မရှိလို့ပါ" ဟု ၎င်းကပြောသည်။

လက်ရှိဆန်ဈေးကွက်အတွင်း ၂၀၁၉ နွေဆန်များ ဝင်ရောက်လာမည်ဖြစ်သောကြောင့် မူဆယ်နယ်စပ်တွင် ပိတ်မိနေသည့်ဆန်များ အရောင်းထွက်မှသာ ဆန်ဈေးကွက် အလားအလာကောင်းမည်ဖြစ်ကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

"ဒီမှာပိတ်မိနေတဲ့ဆန်တွေက မိုးစပါးခေါ်တာပေါ့။ မိုးတွင်းမှာ စိုက်ပြီးတော့ ဆောင်းရာသီမှာ ကြိတ်ခွဲသိမ်းတဲ့စပါးတွေ၊ အဲဒီကထွက်လာတဲ့ ဆန်တွေ၊ ဒီဆန်တွေက ဒီမှာတောင် ဒီလောက်လာ ပုံနေမယ်ဆိုရင်တော့ အခုနွေစပါးထွက်လို့ ရှိရင်လည်း နွေစပါးကဘာမှ လှုပ်လို့ရမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှေ့မှာ မိုးစပါးက အများကြီးကျန်နေတာကိုး၊ မိုးစပါး ကျန်နေတာအပြင် အခု နွေစပါးကထပ်ပြီးတော့ ဝင်ထောက်လိုက်မယ်ဆိုရင် နွေစပါးကလည်းဘာမှ ဈေးရမှာမဟုတ်ဘူး" ဟု ဆန်ကုန်သည်တစ်ဦးက ပြောသည်။

သို့ဖြစ်၍ ယခုလ ၁၅ ရက်က ကုန်သည်စက်မှုအသင်းချုပ်၌ ပြုလုပ်သော ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ (၂၅) ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် ဒုတိယ ဥက္ကဋ္ဌ ဦးအောင်သန်းဦးတို့က မူဆယ်နယ်စပ်တွင် ရောက်ရှိနေသော ဆန်တန်ချိန် ငါးသောင်းခန့်အတွက် ယူနန်ပြည်နယ်အစိုးရနှင့်လည်းကောင်း၊ ယူနန်ပြည်နယ်မှ ဝယ်ယူသူများနှင့်လည်းကောင်း အထူးဦးစားပေးညှိနှိုင်းပေးရန် တင်ပြတောင်းဆိုခဲ့သည်။

"အစိုးရကတော့ တရုတ်- မြန်မာနယ်စပ်ကနေပြီး ဆန်တွေကို တရားဝင် သွားခွင့်ပေးဖို့ ကုန်သွယ်ရေးဝန်ကြီးဌာနကနေ အစိုးရချင်း (G to G) ပေါ့၊ နှစ်ဖက်ညှိနှိုင်းပြီးတော့ လုပ်ပေးမယ်ဆိုရင် ပိုအဆင်ပြေမှာပဲ။ တရုတ်ပြည်မှာလည်း ဒီကိစ္စကို ပြည်နယ်အဆင့်တောင် မကိုင်ဘူး။ ဗဟိုအစိုးရနဲ့ ကိုင်ထားတာဆိုတော့ မြန်မာအစိုးရနဲ့ ညှိနှိုင်းပြီး လုပ်မှပဲရမယ်။ ကုန်သည်က အသင်းလောက်နဲ့ ညှိနှိုင်းလို့ကတော့ ဘယ်လိုမှ ဖြစ်မှာ မဟုတ်ဘူး" ဟု မူဆယ်ဆန် ကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောသည်။

ထို့အပြင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲ၌ တောင်သူလယ်သမားများ စပါးပေါ်ချိန်တွင် ဈေးကောင်းရရန်အတွက်လည်းကောင်း၊ အသေးစားနှင့် အလတ်စားဆန်စပါး လုပ်ငန်းလုပ်ကိုင်သူများအတွက်လည်းကောင်း အဓိကလိုအပ်နေသည့် နယ်စပ်မှ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရေး အဆင်ပြေလွယ်ကူချောမွေ့စေရန် အထူးဦးစားပေး၍ အစိုးရချင်း ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲ တင်ပို့ရောင်းချမှုအတွက် Quota ရရှိရေး၊ နှစ်နိုင်ငံ MoU စာချုပ်ချုပ်ဆိုရေးကိစ္စများကို အမြန်ဆုံး ထိရောက်စွာကူညီဆောင်ရွက်ပေးရန် တင်ပြတောင်းဆိုထားသည်။

မြန်မာနိုင်ငံသည် ပြည်ပသို့ ဆန်တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ လည်းကောင်း၊ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ လည်းကောင်း တင်ပို့လျက်ရှိပြီး နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် တရုတ်နိုင်ငံဘက်၌ တရားမဝင် ကုန်စည်ဖမ်းဆီးရေး စီမံချက်များ လုပ်ဆောင်နေသောကြောင့် တရုတ်ကုန်သည်များ ဆန်အဝယ်ရပ်တန့်သဖြင့် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဆန်တင်ပို့မှု လျော့ကျလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့နေသည့် ဆန်ဈေးကွက် တရားဝင်ဖြစ်ရေး အဆိုပြုထားပြီး တရုတ်နိုင်ငံဘက်မှ AQSIQ ခေါ် အပင်ပိုးမွှားကင်းစင်ရေးကို ပြန်လည်စစ်ဆေးပေးရန် ပြောဆိုနေသောကြောင့် ကုန်သည်များကလည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ရာတွင် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၂ ဒသမ ၁၁၅ သန်းကျော် တင်ပို့ထားပြီး တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၉၉ ဒသမ ၄၆၇ သန်း ရရှိထားသည်။

ပြီးခဲ့သည့်နှစ် ပြည်ပဆန်တင်ပို့မှု စာရင်းများကို ကြည့်ပါက ဆန်တန်ချိန် ၃ ဒသမ ၆ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး တင်ပို့မှု၏ ထက်ဝက်နီးပါးမှာ တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် တင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။

ငြိမ်းငြိမ်း၊ ခတ်ပုံ-သန့်ဇင် (မူဆယ်)

ဒီးမော့ဆိုမြို့နယ်၌ နွေစပါး ၁၅၇၉ ကေကျော် စိုက်ပျိုးပြီးစီး

ဒီးမော့ဆို မတ် ၃၁

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ခုနှစ် နွေစပါး ၃၂၅၈ ကေ စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် မတ်နောက်ဆုံးပတ်အထိ နွေစပါး ၁၅၇၉ ကေ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

ဒီးမော့ဆိုမြို့နယ်တွင် နွေစပါး စိုက်ပျိုးနိုင်ရန် ဆည်၊ ကန်၊ ချောင်း၊ မြောင်းမှ ရေများကို ဖေဖော်ဝါရီ ပထမပတ်မှ စတင်၍ ရေပေးဝေလျက်ရှိရာ မတ်နောက်ဆုံးပတ်အထိ မြို့မအုပ်စုတွင် ၅၃ ကေ၊ ဆင်တောင်ကျေးရွာအုပ်စုတွင် ၄၁၅ ကေ၊ ဘုရားဖြူကျေးရွာအုပ်စုတွင် ၂၂ ကေ၊ အိုကေကျေးရွာအုပ်စုတွင် ၅၅ ကေ၊ ဝါသောခိုရွာသစ် ကျေးရွာအုပ်စုတွင် ကေ ၈၀၊ ငွေတောင်ကျေးရွာအုပ်စုတွင် ၃၆၆ ကေ၊ စံပြခြောက်မိုင်ကျေးရွာ အုပ်စုတွင် ၁၇၆ ကေ၊ ဒေါတော်ကူးကျေးရွာအုပ်စုတွင် ၆၈ ကေ၊ ဒီးမော့ဆိုကျေးရွာအုပ်စုတွင် ၃၄ ကေ၊ နောင်ပုလဲကျေးရွာအုပ်စုတွင် ကေ ၂၂၀၊ သေးဆူလဲကျေးရွာအုပ်စုတွင် ကေ ၅၀ နှင့် ဒေါကလော်ဒူကျေးရွာအုပ်စုတွင် ကေ ၄၀ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

ဒီးမော့ဆိုမြို့နယ်၌ နွေစပါးစိုက်ပျိုးနေကြစဉ်။

တောင်သူများ လယ်မြေအတွင်း ရေရရှိပြီး အချိန်မှစ၍ ပျိုးထောင်ကာ စိုက်ပျိုးခြင်း၊ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်းလည်းရှိပြီး ကျေးရွာအုပ်စု အလိုက် နွေစပါးများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ နည်းစနစ်ကျ စိုက်ပျိုးနိုင်ရန် ကွင်းဆင်းဝန်ထမ်းများက တောင်သူများနှင့် တွေ့ဆုံ၍ အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်အတွင်း ယခုအချိန်ထိ နွေစပါးကေ ၁၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး ဧပြီလအတွင်း နွေစပါးလျာထားကေအားလုံး စိုက်ပျိုးနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဌေးဌေးစိန်ထံမှ သိရသည်။

ရီရယ်(ဒီးမော့ဆို)

မျိုးစေ့ ဝယ်လိုအား၊ ရောင်းလိုအား ကြိုတင်ခန့်မှန်း ချိတ်ဆက်သည့် အပလီကေးရှင်း မိတ်ဆက်

ပုသိမ် မတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် welt hunger hilfe တို့ ပူးပေါင်းပြုလုပ်သော မျိုးစေ့ဝယ်လိုအား ရောင်းလိုအား ကြိုတင်ခန့်မှန်း ချိတ်ဆက်သည့် အပလီကေးရှင်းမိတ်ဆက်ပွဲကို မတ် ၂၉ ရက်က ပုသိမ်မြို့ ပုသိမ်ဟိုတယ်ခန်းမ၌ ကျင်းပသည်။ မိတ်ဆက်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဇော်တို့က လက်ကိုင်ဖုန်းများအတွင်း EGS ရောင်းလိုအား ဝယ်လိုအားစနစ် အပလီကေးရှင်းကို ဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာန ၂၆ မြို့နယ်အတွက် အပလီကေးရှင်း အသုံးပြုရန် တက်ပလက် ၂၆ ခု မျိုးစေ့ထုတ်ခြင်းခုနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတို့အတွက် လက်တော့ ခြောက်လုံးတို့ကို မြို့နယ်ကိုယ်စားလှယ်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ အပလီကေးရှင်းကို ဧရာဝတီတိုင်းဒေသကြီးတွင် ပထမဆုံး စတင်အသုံးပြုခြင်းဖြစ်ပြီး ယင်းအပလီကေးရှင်း၌ ဖုန်း၊ တက်ပလက်၊ ကွန်ပျူတာဖြင့် အသုံးပြုနိုင်ရန် သုံးမျိုးထုတ်လုပ်ထားကြောင်း၊ ယင်းအပလီကေးရှင်းသည် မျိုးစေ့ထုတ်တောင်သူများအား မှတ်ပုံတင်စာရင်းသွင်းခြင်း ၊ အရည်အသွေးမီ မျိုးကောင်း မျိုးသန့်များ ဆက်သွယ်ဝယ်ယူနိုင်ခြင်း၊ အပလီကေရှင်းကို အသုံးပြုပြီး RS မျိုးများ မှာယူနိုင်ခြင်း ၊ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ် တောင်သူများ ၎င်းတို့ရောင်းချနိုင်သည့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ ရောင်းချနေမှုများကို အချိန်နှင့် တစ်ပြေးညီ ထည့်သွင်းဖော်ပြနိုင်ခြင်း၊ မျိုးစေ့ဈေးနှုန်းများ ထည့်သွင်းဖော်ပြခြင်းတို့ ပါဝင်ကြောင်း သိရသည်။

ယင်းအပလီကေးရှင်းကို အသုံးပြုခြင်းမှ စိုက်ပျိုးရေးဦးစီးဌာန၊ လုပ်ငန်းရှင်၊ NGO ၊ စပါးစိုက်တောင်သူ ၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်သူများ၊ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ဝယ်ယူရောင်းချရာတွင် စိုက်ပျိုးရေးဦးစီဌာန မျိုးကောင်းမျိုးသန့်ခြံများသို့ သွားစရာမလိုဘဲ အချိန်နှင့် တစ်ပြေးညီ မှာယူစားရင်းပေးသွင်းနိုင်ပြီး မှာယူသော မျိုးကောင်း မျိုးသန့်များကို ဖြန့်ဝေပေးနိုင်မှု အခြေအနေ၊ မှာယူလိုသော စပါးမျိုးစေ့များကို မက်ဆေ့ဖြင့်ပို့၍ မှာယူနိုင်သဖြင့် တောင်သူလယ်သမားများအတွက် အကျိုးရှိသော အပလီကေးရှင်းတစ်ခုဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနလက်အောက်ရှိ မျိုးကောင်းမျိုးသန့်ထုတ်လုပ်မှု ခြံငါးခု၊ သုတေသနလက်အောက်တွင် တစ်ခုရှိပြီး မျိုး ကောင်းမျိုးသန့် မျိုးစေ့ တစ်နှစ်လျှင် တင်း ၁၀၀၀၀ ကျော် ထုတ်ပေးလျက်ရှိကြောင်း၊ အများအားဖြင့် တိုင်းဒေသကြီးအတွင်း ပေါ်ဆန်းမွှေး၊ ဆင်းသုခ၊ မနောသုခ စပါးမျိုးစေ့များကို ထုတ်ပေးလျက်ရှိကြောင်း ယခုလို အပလီကေးရှင်း မရှိသေးသည့်အတွက်ကြောင့် တောင်သူများ မျိုးစေ့ထုတ်လုပ်သည့် စိုက်ပျိုးရေးဦးစီးဌာန လုပ်ငန်းရှင်များထံ သွားရောက်ပြီး ချိတ်ဆက်ဝယ်ယူရသည့်အတွက် အချိန်ကုန်၊ ငွေကုန်ပြီး အခက်အခဲများ ရှိကြောင်း သိရသည်။

မင်းထွန်းဇော်

မူးယစ်ဆေးဝါးပပျောက်ရေး ဘိန်းအစားထိုးလုပ်ငန်းအတွက် ယာသီးနှံမျိုးစေ့နှင့် သွင်းအားစု ဓာတ်မြေဩဇာပံ့ပိုး

သီပေါ မတ် ၃၁

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ၂၀၁၈-၂၀၁၉ ခုနှစ် မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထငါးနှစ်စီမံကိန်း ဘိန်းအစားထိုး ယာသီးနှံ (မျိုးစေ့)သွင်းအားစု ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ခြင်းနှင့် တောင်သူပညာပေးသင်တန်းကို မတ် ၂၉ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က အမှာစကားပြောပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦးက မူးယစ်ဆေးဝါး ပပျောက်ရေး ဘိန်းအစားထိုးလုပ်ငန်းအတွက် ယာသီးနှံမျိုးစေ့နှင့် သွင်းအားစု ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ရခြင်း လုပ်ငန်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစေ့ထုတ်ပြောင်းမျိုးစေ့၊ သွင်းအားစုဓာတ်မြေဩဇာနှင့် ပဲပုပ်မျိုးစေ့များကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက တောင်သူများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ငမြောင်တောင်ပိုး နှိမ်နင်းရေး ပညာပေးသင်တန်းကျင်းပရာ တောင်သူလယ်သမား ၁၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းခင်းခြင်းများအတွက် ဘိလပ်မြေအိတ် ၂၅၀၀၀ ထောက်ပံ့

စစ်ကိုင်း မတ် ၃၁

စစ်ကိုင်းမြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုးလမ်းခင်းခြင်းများအတွက် ဘိလပ်မြေအိတ်များ ထောက်ပံ့ပေးနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဘိလပ်မြေအိတ် ၂၅၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှသိရသည်။

ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းရန် တင်ပြထားသော စစ်ကိုင်းမြို့မှ ရပ်ကွက်များ၊ ဆားတောင်မြို့၊ အုန်းတော၊ ရွာသစ်ကြီး၊ ညောင်ပင်ဝန်းကျေးရွာတို့အား ဘိလပ်မြေအိတ်များ ထောက်ပံ့နိုင်ရေးအတွက် မတ် ၂၈ ရက်က စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေး ကော်မတီရုံးခန်းတွင် စစ်ကိုင်းမြို့နယ်မှ ကိုယ်စားလှယ်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ တင်ပြတောင်းခံထားသည့် ရပ်ကွက်ကျေးရွာတို့ကို ရရှိထားသည့် ဘိလပ်မြေအိတ် အလုံးရေ ၂၅၀၀၀ အား ခွဲဝေညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒီဘတ်ဂျက်မှာ ဘိလပ်မြေ အိတ် ၂၅၀၀၀ ခွဲတမ်းရပါတယ်။ လမ်းခင်းမယ့်သူက ကျောက်နဲ့ လုပ်အားခပဲကုန်မှာပါ။ စည်ပင်က ဘိလပ်မြေထောက်ပံ့ပေးတာပါ။ ရပ်ကွက်တွေရော ကျေးရွာတွေပါ ဘိလပ်မြေအိတ် တစ်သိန်းကျော်ထောက်ပံ့ဖို့ ကျွန်တော်တို့ စည်ပင်သာယာရေးကော်မတီကို တောင်းခံထားပါတယ်။ အခုက အိတ် ၂၅၀၀၀ ပဲရတော့ သူတို့တောင်းသလောက်မပေးနိုင်ဘဲ အားလုံးကို မျှပြီးပေးခဲ့ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောသည်။

စစ်ကိုင်းမြို့နယ် စည်ပင်သာယာနယ်နိမိတ်အတွင်းနှင့် စစ်ကိုင်းမြို့နယ် ဆားတောင်မြို့၊ ရွာသစ်ကြီး၊ အုန်းတော၊ ညောင်ပင်ဝန်း တိုက်နယ်များတွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းများခင်းမည်ဆိုပါက စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးကော်မတီထံသို့တင်ပြပြီး ဘိလပ်မြေအိတ်တောင်းခံနိုင်ကြောင်းနှင့် တင်ပြလာမှုအပေါ် ကွင်းဆင်းတိုင်းတာပြီး ဘိလပ်မြေအိတ်များ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ၂၀၁၈ ခုနှစ်ကလည်း စစ်ကိုင်းမြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းခြင်းများအတွက် ဘိလပ်မြေအိတ်များ ထောက်ပံ့ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီကဘိလပ်မြေအိတ် အလုံးရေ ၈၅၀၀ ကို စစ်ကိုင်းမြို့ပေါ် ၁၁ ရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းခြင်းများအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုမင်း (အင်းတော်)

စစ်ကိုင်းမြို့နယ်အတွင်း၌ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေစဉ်။

မြို့ပေါ်ရပ်ကွက်များတွင် လူမှုရေးပင်စင်များ ပေးအပ်

မြင်းခြံ မတ် ၃၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်တွင် နိုင်ငံတော်မှထောက်ပံ့ပေးအပ်သော လူမှုရေးပင်စင်များကို ရပ်ကွက် / ကျေးရွာများအရောက် ထောက်ပံ့ပေးအပ်ခြင်းအား ယမန်နေ့က ပေးအပ်ခဲ့သည်။

နိုင်ငံတော်မှ လူမှုရေးပင်စင်ထောက်ပံ့ပေးခြင်းများကို အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွားများအား တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် ထုတ်ပေးလျက်ရှိရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန ခရိုင် ဦးစီးမှူး ဒေါ်နန်းမောက်ဆိုင်နှင့် မြို့နယ်အမျိုးသမီးကော်မတီဝင်များက ထောက်ပံ့ကြေးများကို ပေးအပ်ခဲ့ကြသည်။ မြို့ပေါ်ရပ်ကွက်ဖြစ်သောအမှတ် ၂ ရပ်ကွက်တွင် အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၃၁ ဦးအား စုစုပေါင်းငွေကျပ် ကိုးသိန်း သုံးသောင်းကို ပေးအပ်ခဲ့ကြောင်းသိရသည်။

မြင်းခြံမြို့နယ်တွင် အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၁၄၆၄ ဦးရှိပြီး ငွေကျပ် ၄၃၉၂၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ရာ မြင်းခြံတစ်ခရိုင်လုံးတွင် အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၄၃၆၉ ဦးအတွက် ငွေကျပ် ၁၃၁၀၇၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးက ပြောကြားခဲ့သည်။ **ဇော်မင်းနိုင် (မြင်းခြံ)**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့စဉ်။ (မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွန်းဦး၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ကျော်ကျော်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးဆွေ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကိုကို၊ သထုံခရိုင် လူမှုဝန်ထမ်းမှဌာနစိတ်မှူး ဒေါ်မေရတနာထွန်းတို့က သက်ကြီးဘိုးဘွား ၁၀၆၁ ဦးအတွက် ထောက်ပံ့ငွေများအား သက်ဆိုင်ရာရပ် / ကျေးအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်းသိရသည်။)

ကိုဟိန်း(ပေါင်)

မကွေးမြို့၌ လမ်းလျှောက်သင်္ကြန်ကို ရိုးရာဓလေ့များဖြင့် ကျင်းပသွားမည်

မကွေး မတ် ၃၁

မကွေးမြို့တွင် ဒုတိယအကြိမ်မြောက် ကျင်းပမည့် လမ်းလျှောက်သင်္ကြန်ပွဲတော်အား ယခင်နှစ်ကထက် ရိုးရာဓလေ့များကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ ရေလုံလောက်စွာ ရရှိနိုင်ရန်လည်း ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်အား ငွေကျပ်သန်း ၄၀ ခန့်မှန်းထားကြောင်း လမ်းလျှောက်သင်္ကြန် ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

"မကွေးမြို့ကျောက်သားဥယျာဉ်က နေ မဲထီးလမ်းအထိ ကမ်းနားလမ်းတစ်လျှောက် ပြုလုပ်သွားမှာပါ။ မုခ်ဦးနှစ်ခု၊ ဖျော်ဖြေရေးမဏ္ဍပ် သုံးခု၊ ရိုးရာရေကစားမဏ္ဍပ်သုံးခုနဲ့ ရေကစားမဏ္ဍပ် ၂၈ ခု ပါဝင်မှာဖြစ်ပါတယ်။ လမ်းလျှောက်သင်္ကြန်မှာ ရိုးရာသနပ်ခါးတွေ သွေးလိမ်းနိုင်အောင် ပြုလုပ်ထားရှိပေးမှာဖြစ်ပြီး မြန်မာ့ရိုးရာမုန့်တွေနဲ့ စတုဒိသာကျွေးမွေးတာတွေလည်း ပါရှိမှာဖြစ်ပါတယ်" ဟု လမ်းလျှောက်သင်္ကြန် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ပြောသည်။

"ဒီနှစ် လမ်းလျှောက်သင်္ကြန်မှာ အရင်နှစ်က လိုအပ်ချက်တွေကို ပြင်ဆင်ဖြည့်ဆည်းသွားမှာဖြစ်ပြီး ပုသိမ်ထီးတို့ ထန်းရွက်တို့နဲ့ အလှဆင်တာတွေ၊ ဆံရစ်ဝိုင်း မိန်းမပျိုလေးတွေလည်း ပါရှိမှာပါ" ဟု ၎င်းက ဆက်ပြောသည်။

အလိုအလျောက် ရေဖျန်းပက်နေရာ ၁၅နေရာထားရှိ၍ ငွေဖလားနှင့် ရေလောင်းကစားရန် စီစဉ်ထားမည်ဖြစ်ကြောင်း၊ လမ်းလျှောက်သင်္ကြန်ပွဲနှင့် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ယခင်နှစ်က အကြိုနေ့ ညပိုင်းတွင် ပြုလုပ်ခဲ့သော်လည်း ယခုနှစ်တွင် ဖွင့်ပွဲကို အကြိုနေ့ နံနက်ပိုင်းတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းနိုင်ဦး(ဇဖဲ)

ပထမအကြိမ် လမ်းလျှောက်သင်္ကြန်ကို ယမန်နှစ်က ကျင်းပခဲ့စဉ်။

မိုင်းယောင်းတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မိုင်းယောင်း မတ် ၃၁

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို မတ် ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် ဌာနဆိုင်ရာတာဝန် ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဝင်နှင့် လုပ်ငန်းဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့မိမြို့ဖနှင့် ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဗဟိုမဏ္ဍပ်ကို မြို့လယ်ကောင်ရှိ ဗလမင်းထင်ကျောက်တိုင်အနီးတွင် ထားရှိမည်ဖြစ်ပြီး မဟာသင်္ကြန်ပွဲတော်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ ရိုးရာယဉ်ကျေးမှုအကများ၊ ယိမ်းအကများ၊ ရှမ်းရိုးရာသိုင်းအက၊ လမ်ဝုန်းအက၊ ဆစ်ဆောင်ပန်းနားအက၊ လွယ်လအကများ စသည်ဖြင့် ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး သက်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်မှုများ လည်း ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ သင်္ကြန်ပွဲတော်ကာလအတွင်း အထူးသတိပြုရန်လိုအပ်

ကော့သောင်း မတ် ၃၁

ထိုင်းနိုင်ငံတစ်ဝန်း သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမားများ ၂၀၁၉ ခုနှစ် သင်္ကြန်ပွဲတော်ကာလအတွင်း ထိုင်းနိုင်ငံအာဏာပိုင်များ၏ ထုတ်ပြန်ထားသည့် ကြီးလေးပြင်းထန်သည့် သင်္ကြန်ပွဲတော်ကာလစည်းကမ်းချက်များကြောင့် အထူးသတိပြုကြရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံအစိုးရက ယခုနှစ်သင်္ကြန်ပွဲတော်ကို ထိုင်းရိုးရာယဉ်ကျေးမှုဓလေ့များနှင့်အညီ ဆင်ယင်ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် အတာသင်္ကြန်ပွဲတော် ရေကစားကြမည့်သူများသည် အများပြည်သူအကြားတွင် လုံခြုံစွာဝတ်စားထားခြင်းမရှိသောသူများ၊ အရက်သေစာသောက်စားထားသူများ၊ ရေအားပြင်းသည့်ရေပိုက်နှင့်ရေပြွန်အသုံးပြုသူများ၊ အရက်သေစာသောက်စားပြီး ယာဉ်အသုံးပြုသူများ၊ လူမှုကွန်ရက်မှတစ်ဆင့် အရက်သေစာသောက်သုံးရန် စည်းရုံးလှုံ့ဆော်သူများကို ထောင်ဒဏ်နှင့် ငွေဒဏ်များ ချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ကြိုတင်အသိပေးထားခြင်းဖြစ်ပြီး ရေကစားသူများလိုက်နာရမည့် စည်းကမ်းချက်များကို ထိုင်း-မြန်မာ ဘာသာစကားနှစ်မျိုးဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်ထုတ်ပြန်ထားကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

ကူးစက်မြန် ရေကျောက်ရောဂါ

ရေကျောက်ရောဂါဆိုသည်မှာ Varicella - Zoster Virus (VZV) ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသော ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်ပါသည်။

ရောဂါလက္ခဏာများ

ရေကျောက်ရောဂါသည် ခန္ဓာကိုယ်အနှံ့ယားယံသော အရည်ကြည်ဖုများ မထွက်မီ (၂) ရက်ခန့်အလိုတွင်
- ဖျားခြင်း၊
- နုံးချည့်ခြင်း၊ အစားအသောက်ပျက်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်နာကျင်ကိုက်ခဲခြင်း

တို့ ဖြစ်တတ်ပါသည်။

ရေကျောက်ရောဂါ၏ထူးခြားသောလက္ခဏာများ

ခန္ဓာကိုယ်အနှံ့ ယားယံသော အရည်ကြည်အဖုအပိမ့်ထွက်ခြင်းပင်ဖြစ်သည်။ အဆိုပါ အဖုအပိမ့်များသည် ရင်ဘတ်၊ ကျောကုန်းနှင့် မျက်နှာတို့၌ စတင်ပေါ်ပေါက်ပြီး တစ်ပတ်အတွင်း၌ ခန္ဓာကိုယ်အနှံ့သို့ ပျံ့နှံ့သွားတတ်ပါသည်။ ၎င်းနောက် အနာဖေးကွာကာ အမာရွတ်ထင်ကျန်တတ်ပါသည်။

ကလေးငယ်များ၊ အသက်ကြီးသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ခုခံအားကျဆင်းနေသူများတွင် ပြင်းထန်နောက်ဆက်တွဲဆိုးကျိုးများအဖြစ် အဆုတ်ရောင်ခြင်း၊ ဦးနှောက်ရောင်ခြင်းနှင့် သွေးဆိပ်တက်ခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

ကူးစက်နိုင်သည့်နည်းလမ်းများ

- ရေကျောက်ရောဂါဖြစ်ပွားနေသူ၏ အရည်ကြည်အဖုအပိမ့်၊ အသုံးအဆောင်ပစ္စည်းများနှင့် နှာရည်များကို တိုက်ရိုက်ထိတွေ့ကိုင်တွယ်မိခြင်း၊
- ရောဂါဖြစ်ပွားနေသူ ချောင်းဆိုးနှာချေခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊

ကာကွယ်နိုင်သည့်နည်းလမ်းများ

❖ တစ်ကိုယ်ရေသန့်ရှင်းမှုကို အထူးအလေးထားဆောင်ရွက်ရန်
❖ လက်ကိုစနစ်တကျ ဆေးကြောရန်
❖ ရောဂါဖြစ်ပွားသူအား အနာဖေးကွာကျသည်အထိ အိမ်၌ သီးခြားထားရှိ၍ ကုသမှုခံ ယူစေရန်
❖ လူထူထပ်သောနေရာများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ရန်

မိမိတွင် ရေကျောက်ရောဂါဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ သွားရောက်ပြသ၍ ကုသမှုခံယူပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန် ဆိုင်ကယ်စီးရေ ၈၀၀ ကျော်ဖြင့် ပညာပေးလှုပ်ရှားမှု မူဆယ်၌ပြုလုပ်

မူဆယ် မတ် ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ဆိုင်ကယ်စီးနင်းသူများ ဆိုင်ကယ်စီးဦးထုပ် ဆောင်းကြရေးအတွက် အသိပညာပေး လှုပ်ရှားမှုတစ်ရပ်အဖြစ် ဆိုင်ကယ်အစီးရေ ၈၀၀ ကျော်ဖြင့် မတ် ၃၁ ရက်က မူဆယ်မြို့အတွင်း စီတန်းလှည့်လည်ခဲ့ကြောင်း သိရသည်။

မူဆယ်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးချစ်စိန်က "မြန်မာနိုင်ငံ အမျိုးသား ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေး စီမံချက်(၅)ရပ်မှာပါတဲ့ ပြည်သူလူထု ပါဝင်လှုပ်ရှားတဲ့ Campaign ကို ယာဉ်ထိန်းတပ်ဖွဲ့က ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်၊ ပြည်သူတွေ ဆိုင်ကယ်စီးရင် ဦးထုပ်ဆောင်းရမယ်ဆိုတဲ့ သတိလေးရပြီး ပြည်သူများ ပူးပေါင်းပါဝင်မှသာလျှင် အောင်မြင်မှာဖြစ်တဲ့အတွက် အခုလို အသိပညာပေးလှုံ့ဆော်မှုတွေ၊ ဟောပြောပွဲတွေ ပြုလုပ်ပေးနေတာပါ၊ ယာဉ်မတော်တဆထိခိုက်မှု ဖြစ်လာခဲ့ရင် အသက်အန္တရာယ်ထိခိုက်နိုင်တဲ့ ဦးခေါင်းကို ကာကွယ်နိုင်ဖို့ ရည်ရွယ်ဆောင်ရွက်တာဖြစ်ပါတယ်၊ ခုလိုပြုလုပ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုတွေ လျော့ကျလာမယ်လို့လည်း မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

ပညာပေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသော မူဆယ်မြို့ခံပြည်သူတစ်ဦး။

မူဆယ်မြို့ သိန်းသန်းချီကားကြီးကွင်းရှိ ဆိုင်ကယ်အသင်းမှ ဂိတ်မှူး ကိုထူးကြီးကလည်း "အရင်က မူဆယ်မြို့မှာ ဒါမျိုးတစ်ခါမှ မလုပ်ဖူးဘူး၊ ခုလိုလုပ်ပေးတာ အလွန်ကောင်းပါတယ်၊ တချို့က ဆိုင်ကယ်စီးရင် ဦးထုပ်မဆောင်းချင်ဘူး၊ အခုလိုလုပ်ပေးတဲ့အတွက် ဆိုင်ကယ်စီးရင် ဦးထုပ်ဆောင်းရမယ်၊ စည်ကမ်းရှိရှိ မောင်းနှင်ရမယ်ဆိုတာ ပြည်သူတွေ ပိုသိလာမယ်"ဟု ပြောသည်။

အဆိုပါ အသိပညာပေး လှုပ်ရှားမှုတွင် မူဆယ်မြို့ မင်္ဂလာမူဆယ် ဗဟိုခန်းမဆောင်၌ ဟောပြောပွဲကို နံနက်ပိုင်းက ပြုလုပ်ခဲ့ပြီးနောက် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ မြို့ခံပြည်သူများ တက်ရောက်ခဲ့ကြကာ ဟောပြောပွဲအပြီးတွင် တက်ရောက်သူ လူ ၈၀၀ ကျော်အား တာဝန်ရှိသူများက ဆိုင်ကယ်ဦးထုပ်များနှင့် အသိပညာပေး စာတန်းပါ အင်္ကျီများကို အခမဲ့ ဖြန့်ဝေပေးပြီးနောက် မင်္ဂလာမူဆယ်မှ သိန်းသန်းချီ အဝေးပြေးကားဝင်းအထိ ဆိုင်ကယ်များ စီတန်းလှည့်လည်မောင်းနှင်၍ အသိပညာပေးလှုပ်ရှားမှု ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ယခု ၂၀၁၉ ခုနှစ်အတွင်း နှစ်စမှ ယနေ့အထိ ရှမ်းပြည်နယ်တစ်ခုလုံးတွင် ဆိုင်ကယ်ပါဝင်သော ယာဉ်မတော်တဆမှု အမျိုးမျိုးကြောင့် စုစုပေါင်း လူဦးရေ ၈၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ဗန်ရိုးထန်(ပြန်/ဆက်)**

ရေရှားပါးနေသောကျေးရွာသို့ ရေသယ်ယာဉ်ဖြင့် ရေများသွားရောက်လှူဒါန်း

မလှိုင် မတ် ၃၁

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်မှ သောက်သုံးရေရှားပါးမှု ကြုံတွေ့နေသော မြင်းဦးလှည့်ကျေးရွာအုပ်စု မြင်းဦးလှည့်ကျေးရွာသို့ သောက်သုံးရေများကို မြို့နယ်မီးသတ်တပ်ဖွဲ့က မတ် ၃၁ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

မလှိုင်မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးဇေယျာအောင်၏ ညွှန်ကြားမှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် မြင်းဦးလှည့်ကျေးရွာ (ရွာမ)ရှိ အုတ်ကန်ထဲသို့ ရေများဖြည့်ပေးကာ ကျေးရွာနေ ဒေသခံပြည်သူများထံသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်အောင်၏ စီမံမှုဖြင့် ရေများ မျှဝေပေးခဲ့ကြခြင်းဖြစ်သည်။ ထို့နေ့မှာပင် မလှိုင်မြို့နယ်မှ ဗလငါးတန် လူမှုကူညီရေးအသင်းကလည်း အလှူရှင်နှင့်ပူးပေါင်း၍ အသင်းပိုင် ဂါလန် ၃၂၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် မြင်းဦးလှည့်ကျေးရွာ အနောက်ဘက်အုတ်ကန်သို့ ရေဖြည့်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြင်းဦးလှည့်ကျေးရွာသည် မလှိုင်မြို့နှင့် ခုနှစ်မိုင်ခန့်ကွာဝေးပြီး ကျေးရွာတွင် အိမ်ခြေ ၁၅၀ ခန့်၊ လူဦးရေ ၇၀၀ နီးပါးရှိကာ မလှိုင်မြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးလေ့ရှိသောကျေးရွာများတွင် ပါဝင်ကြောင်း၊ ယခု အလှူရှင်များ လာရောက်လှူဒါန်းသည့်ရေမှာလည်း ကျေးရွာ၏ သောက်သုံးရေလိုအပ်ချက်အရ သုံးရက်တာမျှသာ အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ **ဘိုဘို (မလှိုင်)**

ပူတာအိုခရိုင် နွေရာသီ အခြေခံအားကစားသင်တန်းများပြီးစီး၍ သင်တန်းဆင်းပွဲကျင်းပ

ဘောလုံးကစားနည်းများကို သရုပ်ပြသနေသော သင်တန်းဆင်းလူငယ်များ

ပူတာအို မတ် ၃၁

ပူတာအိုခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော ၂၀၁၉ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းများ ပြီးစီးသဖြင့် သင်တန်းဆင်းပွဲကို မတ် ၃၀ ရက်က ပူတာအိုမြို့ ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပူတာအိုခရိုင် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အားကစားသင်တန်းများတွင် တက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့သင်ကြားခဲ့သည့် အားကစားနည်းစနစ်များကို အမြဲမပြတ် ဆက်လက်လေ့ကျင့်ပြီး ကချင်ပြည်နယ် အားကစားပွဲများတွင် ခရိုင်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်နိုင်သည်အထိ ကြိုးစားရန် လိုအပ်ကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးဆောင်သည့် အားကစားသမား ရွေးချယ်ရေးအဖွဲ့က ပူတာအိုမြို့သို့လာရောက်၍ လူရွေးချယ်သဖြင့် ရွေးချယ်ခံရအောင် ကြိုးစားကြရန်လည်း လိုအပ်ကြောင်း၊ ပြည်နယ်ဂုဏ်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်သော အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မန္တလေး အားကစားနှင့် ကာယပညာသိပ္ပံ ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်အောင်က နွေရာသီ အခြေခံအားကစားသင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုစကား ပြောကြားပြီး အား/ကာသိပ္ပံ(မန္တလေး) ၌ တက်ရောက်နိုင်ရန် ပဏာမ ရွေးချယ်မည့်အစီအစဉ်များနှင့် ကျောင်းနှင့်ပတ်သက်သည့်အချက်များကို အသေးစိတ်ရှင်းလင်းခဲ့သည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် အားကစား နည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြပြီး သင်တန်းသား သင်တန်းသူများက အားကစားနည်းအလိုက် စုပေါင်းသရုပ်ပြခဲ့သည်။ အဆိုပါသင်တန်းသို့ ပူတာအိုမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူ ၁၀၀ ကျော် တက်ရောက်ခဲ့ပြီး ဘောလုံး၊ အေရိုးဗစ်၊ စားပွဲတင်တင်းနစ်နှင့် Fitness Dance အားကစားနည်းလေးမျိုးကို သင်တန်းကာလ တစ်လကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ဖုန်ကန် (ပူတာအို)**

ဆေးလိပ်ငွေ့ကင်းစင်ရေး အစီအစဉ်အရ ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကျင်းပ

နမ့်စန် မတ် ၃၁

၂၀၁၉ ခုနှစ် ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် အစီအစဉ်အရ ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်၌ ကျောင်းအခြေပြု မီနီမာရသွန် အပြေးပြိုင်ပွဲကို မတ် ၃၀ ရက်က ကျင်းပခဲ့သည်။

မြို့နယ်ခန်းမရှေ့မှ စတင်ကျင်းပသည့် အဆိုပါပြိုင်ပွဲတွင် မြို့နယ်ခန်းမရှေ့မှ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအထိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် အသွားအပြန် လေးမိုင်ခရီးကို ယှဉ်ပြိုင်စေခဲ့ပြီး ပြိုင်ပွဲတွင် နမ့်စန်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ အသက် ၁၈ နှစ်အောက် ကျောင်းသားကျောင်းသူ ၂၃၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မာရသွန်ပြိုင်ပွဲတွင် ယှဉ်ပြိုင်နေသော ကျောင်းသား ကျောင်းသူများ

ပြိုင်ပွဲကို အမျိုးသား အမျိုးသမီးခွဲ၍ ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများနှင့် ပန်းဝင်သူများအား ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၊ ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်တို့က ဆုများချီးမြှင့်ခဲ့ကြသည်။ **သူရအောင် (ပြန်/ဆက်)**

မင်းဘူးမြို့၌ ရေနုတ်မြောင်းများရှင်းလင်းခြင်းနှင့် လမ်းပြုပြင်မှုများ ဆောင်ရွက်နေ

မင်းဘူး မတ် ၃၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မင်းဘူးမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန် ရည်ရွယ်၍ ရပ်ကွက်များရှိ ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ရှင်းလင်းခြင်းနှင့် မြို့တွင်းမှ ယိုယွင်းပျက်စီးနေသည့် ကတ္တရာလမ်းများတွင် ပြုပြင်ဖာထေးခြင်းလုပ်ငန်းများကို မတ်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြို့အင်္ဂါရပ်နဲ့အညီ သန့်ရှင်းသာယာလှပစေရေးအတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်၊ အခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ခွင့်ပြုရန်ပုံငွေ ကျပ် ၄၅ သိန်းနဲ့ မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက်ရှိ ယိုယွင်းပျက်စီးနေတဲ့ ကတ္တရာလမ်းတွေကို ပြုပြင်ဖာထေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေပါတယ်၊ ဒါ့အပြင် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀ နဲ့ ဦးဩဘာသလမ်းနဲ့ ပြည်တော်သာလမ်းက ရေနုတ်မြောင်း အရှည် ပေ ၂၄၀၀ ကို ရေစီးရေလာကောင်းမွန်စေရန် ရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇေလတ်က အနီးကပ် ကြပ်မတ်ဆောင်ရွက်နေတာဖြစ်ပါတယ်၊

ရေစီးရေလာကောင်းရေးအတွက် ရေမြောင်းအတွင်းမှအမှိုက်များကို ရှင်းလင်းဖယ်ရှားနေစဉ်။

သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေကြပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ပြောသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

ဇာနည်မော် ဆရာတော် ဘဒ္ဒန္တဇဋိလ (ပိဋကတစ်ပုံဆောင်) ဦးဆောင်သော လယ်တီမူ အနာဂါမ် ဆရာသက်ကြီး ဝိပဿနာရှုနည်းဖြင့် ဒုတိယအကြိမ် ဘဝအလင်းရောင် အဘိဓမ္မာ သင်္ကြန်တွင်း ဝစီထိန်း(၅)ရက် အထူးတရားစခန်းပွဲ

လယ်တီ ကမ္မဋ္ဌာနာစရိယပုဂ္ဂိုလ်များ

၁။ ဦးဝါယမိန္ဒ (ဒီပဲယင်းဆရာတော်)
၂။ ဦးကေသဝ (အမတ ဒါယီဆရာတော်)
၃။ ဦးဣန္ဒာစရိယ
၄။ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာခင်ယုန္နယ်

နေရာ - ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၊ သရက်တောဝင်း၊ လမ်းမတော်မြို့နယ်။

နေ့ရက်- ၁၂-၄-၂၀၁၉ရက်မှ ၁၇-၄-၂၀၁၉ ရက်အထိ

အချိန် - ၁၂-၄-၂၀၁၉ ရက်(သောကြာနေ့) ညနေ ၅ နာရီအရောက် ကြိုတင် စာရင်းသွင်းဆက်သွယ်ရန် ဖုန်းနံပါတ်များ
၀၉-၅၁၄၀၅၅၆၊
၀၉-၂၆၃၆၂၉၃၂၆၊
၀၉-၄၄၄၄၃၇၃၂၉

ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အသိပေးကြေညာချက်

"BIO ENERGY"Bio Product Group ကုန်အမှတ်တံဆိပ်သည် ဦးမိုးမင်းထွန်း(ဘ)ဦးထွန်းကြည် ၉/မထလ(နိုင်) ၂၀၅၈၃၆မှ မန္တလေးမြို့တော် စာချုပ်စာတမ်း၊ မှတ်ပုံတင်ဌာနမှူးရုံးတွင် ၄-၆-၂၀၁၂ရက်စွဲပါစာအမှတ် ၄/၁၄၁၇ဖြင့် အတိအလင်းမြွက်ဟကြေညာကာ မှတ်ပုံတင်သွင်းထားသော တစ်ဦးတည်း မူပိုင်ခွင့်ရ ကုန်အမှတ်တံဆိပ်ဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

ယခုအခါ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် ဆင်တူယိုးမှားပြု၍လည်းကောင်း၊ စာသားများအား ကူးယူ၍လည်းကောင်း အသုံးပြုနေသော တရားဝင်ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးထုပ်များအား ဈေးကွက်အတွင်း တွေ့ရှိနေရပါသည်။ ၎င်းဆေးထုပ်များသည် "BIO ENERGY" Bio Product Group မှထုတ်လုပ်သော ဆေးထုပ်များ မဟုတ်ပါကြောင်းနှင့် BIO ENERGY Logo နှင့် ကုန်အမှတ်တံဆိပ်အား ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ ဆေးထုပ်ပေါ်၌ ရိုက်နှိပ်ထားသော စာသားများအား ကူးယူ၍ အသုံးပြုခြင်းနှင့် ရုံးစာရွက်စာတမ်းများအား ဦးမိုးမင်းထွန်း၏ ခွင့်ပြုချက် မရရှိဘဲ သုံးစွဲခြင်းအား စုံစမ်း၍ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်မမအောင်(LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၈၆၁၅
(၄/၀၁)၊ ဘုရားဖြူရပ်၊ တောင်ကြီးမြို့
ဖုန်း-၀၉-၂၅၉၉၈၂၀၀၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၂၈

ဦးဝင်းထိုက်စိုး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်အေးအေးနိုင်) **နှင့်** ၁။ ဦးထွန်းထွန်းဝင်း ၂။ ဦးမင်းထိုက်ကျော်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၅) ရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ် (၄၈၂/ခ)နေ(၁)တရားပြိုင် ဦးထွန်းထွန်းဝင်းနှင့်(၂)တရားပြိုင် ဦးမင်းထိုက်ကျော်တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ(သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၉ ခုနှစ် ဧပြီ ၂၆ရက်(၁၃၈၀ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် မတ် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မောင်မောင်အေး)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ဆိပ်ဖြူမြို့နယ်တရားရုံးတော်
၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၁)

ဒေါ်တင်လေး **နှင့်** ၁။ ဒေါ်ခင်စန်းမြင့် ၂။ ဒေါ်သီသီမြင့် ၃။ ကိုအောင်မျိုးနိုင် ၄။ မမြသန္တာ ၅။ ကိုစိုးလင်းနိုင် ၆။ မဇင်သန္တာစိုး ၇။ ဦးသောင်းနိုင် ၈။ ဒေါ်ခင်ဦးမေ ၉။ ဦးကျော်ဦးမြင့်

တရားလို **တရားပြိုင်**

ဆိပ်ဖြူမြို့နယ်၊ မြင်ကဝအုပ်စု၊ အောက်ဆိပ်ရွာနေ (၃) တရားပြိုင် ကိုအောင်မျိုးနိုင်(၄) တရားပြိုင် မမြသန္တာ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်လေးက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ခုနှစ် ဧပြီ ၈ရက် (၁၃၈၀ပြည့်နှစ် တန်ခူးလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူက တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့မှောက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ်၊ မတ် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သဇင်မြင့်ဇော်)
မြို့နယ်တရားသူကြီး
ဆိပ်ဖြူမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ်(၁၂၉၄/က)၊မြေ အကျယ်အဝန်း(၂၀ပေ×၆၀ပေ)ရှိ၊ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့မြေစာရင်းတွင် (ဒေါ်သန်းကျင် RGN-၀၁၉၈၂၅) အမည်ဖြင့်တည်ရှိသော နှစ်(၆၀)ဂရန်မြေကွက် ဖြစ်ပါသည်။ မြေအမည်ပေါက် ကွယ်လွန်ပြီး ၎င်း၏အမွေ ဆက်ခံခွင့်ရှိသူ သားသမီးများထံမှ ယခုရောင်းချသူက တရားရုံးအနိုင်ဒီကရီဖြင့် တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိလာခဲ့ပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင် အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေအိမ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါပြီးသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဦးသာလှိုင်(စဉ်-၁၉၅၅၆)
အထက်တန်းရှေ့နေ
အမှတ် ၃၉၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၉၇၆၃

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်ကော်မြို့၊ လောဓမ္မရပ်ကွက်၊ အကွက်အမှတ်(၁၄၀/လောဓမ္မတိုးချဲ့)၊ ဦးပိုင်(၃၈၃)၊ ဧရိယာ(၀ဒသမ၀၉၆)ဧကရှိမြေသည် ဦးစိုးဝင်းနိုင်အမည်ဖြင့် နှစ်(၁၀) မြေငှားဂရန်ရရှိထားပြီး ဦးစိုးဝင်းနိုင်နှင့်ဇနီးဒေါ်ထွေးထွေးရီတို့ ကွယ်လွန်၍ ကျန်ရှိသားသမီးသုံးဦးဖြစ်သူ ဦးစိုးပြည့်ဖြိုးအောင်၊ ဦးစိုးပြည့်ဖြိုးပိုင်၊ ဦးစိုးထက်နောင်လင်းတို့မှ အမွေဆက်ခံကြောင်း စာချုပ်စာတမ်းမှတ်ပုံတင်ထားရှိပြီး ဦးစိုးဝင်းနိုင်အမည်ဖြင့် ရရှိထားသောမြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် သက်ဆိုင်ရာသို့ ကျန်ရှိသားသမီးသုံးဦးအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေး လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ **ဦးစိုးထက်နောင်လင်း ၂/လကန(နိုင်) ၁၀၆၀၂၂**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ ၈လမ်း၊ အမှတ် (၁၃-က)၊ ပထမထပ်နေ ဦးတင်စိန် ၁၂/သကတ(နိုင်) ၁၂၅၅၀၇ပိုင် တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးတင်စိန်ထံမှ ကျွန်ုပ်က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းနိုင်
ဖုန်း-၀၉-၂၅၀၂၇၂၂၈၅

IWUMD ESAP IFAD

Vacancy Announcement

Eastern States Agri-business Project (ESAP)
Irrigation and Water Utilization Management Department (IWUMD)
International Fund for Agriculture Development (IFAD)

Position: National Project Manager

Duty Station: Nay Pyi Taw

Basic Salary: USD 2000 per one month.

Contract Duration: One year with three months' probation, Extendable based on the performance.

For detail TOR can be requested to esapifad@gmail.com and or can be downloaded from MIMU website (www.themimu.info).

Qualified candidates may submit CV along with recent passport size photo, relevant certificates by email to the following addresses; esapifad@gmail.com.

For inquiry please contact: IWUMD, MOALI Office 15 Tel:009567410099, 09795910725

Closing Date: 22nd April 2019 (05:00 PM)

ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉/က-ခ+၃၃/က-ခ)၊ လူနေရပ်ကွက်အမှတ်(မေခအိမ်ရာ)၊ မေဃဝတီကျောင်းလမ်း၊ မြေကွက်အမှတ်(၂၇)၊ အကျယ်အဝန်း(၇၄၀၀-စတုရန်းပေ)ရှိ ဦးမြင့်ရှိန်အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူ ဦးမြင့်ရှိန်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၅၄၃/၂၀၁၃)အရ ပိုင်ဆိုင်ထားသူ ဒေါ်ပုလဲ(၁၂/ဗဟန(နိုင်)၀၃၆၉၂၉)၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၁၄၂၈/၂၀၁၃) အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးရန်နောင်ဝင်း(၇/ပမန(နိုင်)၁၀၇၅၁၃)ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီးဖြစ်ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ် ၉၃၆၊ ဧရိယာ ပေ(၄၀×၆၀) ဟုခေါ်တွင်သည့် ဒေါ်ခင်စောဝင်း အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့်စပ်လျဉ်း၍ ၂၀၀၉ခုနှစ် စက်တင်ဘာ(၇)ရက်စွဲပါ သားသမီးများအား အမွေလွှဲပြောင်းပေးခြင်းကတိစာချုပ်ဖြင့် ဒေါ်ချိုစန္ဒာစိုး၊ ဦးမောင်မောင်စိုး၊ ဦးလျှပ်ပန်းစိုး၊ ဒေါ်နှင်းပွင့်သူ(ခ) ဒေါ်နှင်းပွင့်စိုးတို့ကလည်းကောင်း၊ ၎င်းတို့ထံမှ ဦးမိုးကျော်အောင် ၁၀/မလမ(နိုင်)၁၀၅၃၀၄က ၂၀၁၃ခုနှစ် ဇူလိုင် ၂၅ရက်စွဲပါ နှစ်ဖက်သဘောတူကတိစာချုပ်ဖြင့်လည်းကောင်း၊ ဦးမိုးကျော်ထံမှ ဦးသက်နိုင်မြင့် ၁၃/တကန(နိုင်)၀၀၄၉၅၃က ၂၀၁၄ ခုနှစ် မတ် ၁၃ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့်လည်းကောင်းအသီးသီးဝယ်ယူခဲ့ကြပြီး ဦးသက်နိုင်မြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်းနိုင်(တရားလွှတ်တော်ရှေ့နေ)
အမှတ် ၁၇၊ လေးလွှာ၊ မလွကုန်းလမ်း၊
ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်
ဖုန်း-၀၉-၂၀၁၆၉၉၈၊ ၀၉-၇၃၀၅၅၅၇၀

အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၉၃၅)၊ ဧရိယာ ပေ(၄၀×၆၀) ဟုခေါ်တွင်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ် ၉၃၅ဟု ခေါ်တွင်သည့် ပါမစ်မြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့နှင့် စပ်လျဉ်း၍ ပါမစ်အမည်ပေါက်ပိုင်ရှင် ဦးတင်နွယ်ထံမှ ဦးမောင်မောင်လတ် ၁၂/လမတ(နိုင်) ၀၀၄၀၂၄က ၂၀-၅-၂၀၁၀ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိ စာချုပ်ဖြင့်လည်းကောင်း၊ ဦးမောင်မောင်လတ်ထံမှ ဒေါ်မြင့်မြင့်မော်က ၁၉-၂-၂၀၁၄ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်ဖြင့်လည်းကောင်း ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ရောင်းချသူ ဒေါ်မြင့်မြင့်မော် ၁၄/ဖပန(နိုင်)၀၄၂၄၆၃က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်းနိုင်(တရားလွှတ်တော်ရှေ့နေ)
အမှတ် ၁၇၊ လေးလွှာ၊ မလွကုန်းလမ်း၊
ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်
ဖုန်း-၀၉-၂၀၁၆၉၉၈၊ ၀၉-၇၃၀၅၅၅၇၀

တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ဘောဂ ဗလရပ်နေ မဆိုင်းလုလုဇင်(ခ) မဆိုင်းလုလုစင် ၁/ကမန(နိုင်) ၀၄၂၅၁၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မဆိုင်းလုလုဇင်(ခ)မဆိုင်းလုလုစင်

မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ (၃)ရပ်ကွက်၊ ဆေးရုံဟောင်းလမ်းနေ ဦးတင်နွယ်၏သမီး ဒေါ်ခင်လေးနွယ်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၅-၁၉၆၅ ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ (၅)ရပ်ကွက်စံပြ(၂) လမ်းနေ ဦးသန်းလှိုင်၏သမီး ဒေါ်နွယ်မာလှိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၆-၁၉၇၈ ဖြစ်ပါသည်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၃-၂၀၁၉ရက် စာမျက်နှာ (၂၇) ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဦးမင်းဇော်ဦး ၅/ပတန(နိုင်) ၀၈၃၄၈၁ အစား ၇/ပတန(နိုင်) ၀၈၃၄၈၁ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2N/7734,Toyota Alphard GGH 20L Micro Bus ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသွယ်မိုး ၁၂/သလန(နိုင်)၀၁၀၄၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့နယ်**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ Tosta ကုမ္ပဏီနှင့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော Tosta Plaza ငါးခန်းတွဲ ၁၁ထပ်တိုက် ရှိ တိုက်အမှတ် ၉၀၂ကို Tosta Plaza မှ ရောင်းချထားသူ ဒေါ်အေးသန်းသန်းထူး ၁၂/ရကန(နိုင်) ၀၄၃၁၅၅မှ ၎င်းအမည်ဖြင့် Owner Book ထုတ်ယူခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ယနေ့ညဟောကြားမည့်ဆရာတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၏ ကြီးမှူးကျင်းပသော

ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်

အရှင်ဇနကာဘိဝံသ ချမ်းမြေ့ဆရာတော်

သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

၁၃၈၀-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်

၁-၄-၂၀၁၉ (တနင်္လာနေ့) ည (၇ : ၃၀) နာရီ

တရားအလှူ ပေးလှူမည် ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေရာ - ရွှေတိဂုံစေတီတော်မြတ်ကြီးခြေတော်ရင်း၊ ပြည်သူ့ဥယျာဉ်၊ ရန်ကုန်မြို့။

SKY NET BUDDHA CHANNEL / MRTV-4 MAHARBAWDI CHANNEL / FOR TUNE TV တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားပါမည်။ ကြို/ ပို့မော်တော်ယာဉ်များ (အခမဲ့)စီစဉ်ပေးထားပါသည်။

အောက်ဖော်ပြပါဖုန်းနံပါတ်များကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

ဦးအောင်အောင် - ၀၉၂၆၂၆၂၆၅၅၉ / ဦးအရှည်ကြီး - ၀၉-၄၄၃၁၀၈၅၂၂

➡ တာမွေ၊ ကျောက်မြောင်း၊ သယ်န်းကျွန်း၊ တောင်ဥက္ကလာပ မြို့နယ်ရှိ ⬅

တိုက်ခန်းအမြန်ဝယ်လိုသည်

သိန်း (၅၀၀) နှင့် သိန်း (၁၀၀၀) ကြား 09-966 777 969

မိခင်အမည်မှန်

တမူးမြို့၊ ဈေးတန်း (၃)ရပ်ကွက်နေ မသဲသက်ခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးခိုင် ၅/တမန(နိုင်)၀၅၅၂၅၈ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ အင်းပေါင်အလကမှ အဋ္ဌမတန်းဖြေဆိုပြီးသူ မဖူးဖူး(ခ) မဖူးသဥ္ဇာနိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဆန်း ၉/ရမသ(နိုင်)၀၈၇၃၇၁ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

တမူးမြို့၊ အထက(၁) ပဥ္စမတန်း (A)မှ မောင်စွမ်းမိုးထိုက်နှင့် မောင်ဇော်မိုးထိုက်တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်စွမ်းမိုးထိုက်(ခ)မောင်ဇော်မိုးထိုက်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၄၉၀၇ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝင်း ၅/ရဘန(နိုင်)၀၈၁၃၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့

မိဘအမည်မှန်

တမူးမြို့၊ ဈေးတန်း(၉)ရပ်ကွက်နေ မောင်မာန်ခန့်လွန်၊ မကျိန်လော့ကိမ်တို့၏ မိဘအမည်မှန်မှာ ဦးလင်မွန်ခုတ် ၅/တမန(နိုင်)၀၇၄၀၆၁နှင့် ဒေါ်နိုလမ့်ကျိန် ၄/တဇန(နိုင်)၀၂၂၄၁၀ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မသင်းသင်းစိုး၏ဖခင် ဦးထွန်းရွှေနှင့် ဦးမောင်ချို ၅/တဆန(နိုင်)၀၉၄၇၇၈ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF ELECTRICITY AND ENERGY
NATIONAL ELECTRIFICATION PROJECT
SPECIFIC PROCUREMENT NOTICE

Date : 1st April, 2019

Invitation for Bids

IDA, Credit No	:	5727-MM
Contract Title	:	Installation of Distribution Lines and Transformers for Adaptation Villages in Sagaing, Shan(South), Kayah, Bago(East), Bago (West), Naypyitaw, Ayeyarwaddy and Yangon for National Electrification Project

Reference No: MOEE-NEP/C1-W12A/19

1. The Republic of the Union of Myanmar has received financing from the World Bank towards the cost of the National Electrification Project, and intends to apply part of the proceeds towards payments under the contract for Installation of Distribution Lines and Transformers MOEE-NEP/C1-W12A/19 for Adaptation Villages in Sagaing, Shan (South), Kayah, Bago (East), Bago (West), Naypyitaw, Ayeyarwaddy and Yangon.

2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for Installation of Distribution Lines and Transformers MOEE-NEP/C1-W12A/19 for Adaptation Villages in Sagaing, Shan(South), Kayah, Bago (East), Bago (West), Naypyitaw, Ayeyarwaddy and Yangon in the following locations. The number and identification of lots comprising this installation bidding MOEE-NEP/C1-W12A/19 process for Adaptation Villages in Sagaing, Shan (South), Kayah, Bago (East), Bago (West), Naypyitaw, Ayeyarwaddy and Yangon is:

Lot 1 : Sagaing & Monywa District (Sagaing Region) - 61 villages
Lot 2 : Yinmabin & Shwebo District (Sagaing Region) - 49 villages
Lot 3 : Taunggyi/Loilen/Langkho District (Shan(South) Region) & Loikaw District (Kayah Region)- 37 villages
Lot 4 : Bago & Taungoo District (Bago(East) Region) / Dak Khi Na & Oke Tha Ra District (Naypyitaw Region) - 80 villages
Lot 5 : Pyay & Tharyarwaddy District (Bago (West) Region) - 129 villages
Lot 6 : Pathein/ Hinthada/ Myaung Mya & Maubin District (Ayeyarwaddy Region) - 41 villages
Lot 7 : Eastern/ Southern & Northern District (Yangon Region) - 33 villages

3. Bidding will be conducted through the National Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to paragraphs 1.6 and 1.7 setting forth the World Bank's policy on conflict of interest.

4. Interested eligible bidders may obtain further information from Project Management Office (National Electrification Project), Project Manager and nep.pmomoep@gmail.com] and inspect the bidding documents during office hours [09:30 to 16:00 hours] at the address given below.

5. A complete set of bidding documents in English may be obtained free of charge by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through email only.

6. Bids must be delivered to the address below on or before 30th April, 2019 (10:00 A.M) - Myanmar Time. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives and anyone who choose to attend at the address below.

7. All bids must be accompanied by "Bid-Security"

8. The address (es) referred to above is (are):

Attention: Project Manager
Project Management Office (National Electrification Project)
Office Building No.27, Ministry of Electricity and Energy
City: Nay Pyi Taw
Country: The Republic of the Union of Myanmar
Telephone: +95 67 3431175
Facsimile number: +95 67 3431176
Electronic mail address: nep.pmomoep@gmail.com

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/8946 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန
Expression of Interest (EOI) အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ အောက်ဖော်ပြပါလုပ်ငန်း(၃)ခုကို စီးပွားရေးအရအကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် B.O.T စနစ်ဖြင့် နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ရာ ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်/ကုမ္ပဏီများသို့ စိတ်ပါဝင်စားမှုဖော်ပြချက် Expression of Interest (EOI)အဆိုပြုလွှာများပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လှပဒါးငါးမွေးမြူရေးစခန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှပဒါးကျေးရွာ၊ မြေအကျယ်အဝန်း ၂၀၁.၇၈ ဧက
(ခ) ရေယာဉ်လွှန်းကျင်းလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်ဝိုင်းကျေးရွာ၊ မြေအကျယ်အဝန်း ၂၇.၉၇ ဧက
(ဂ) မအူပင် ဝါးတော ငါးမွေးမြူရေးစခန်း ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ဧက (၃၀၀)

၂။ အဆိုပြုလွှာပုံစံအား ၅-၄-၂၀၁၉ရက်မှ ၂၄-၄-၂၀၁၉ရက်အထိ ရုံးချိန်အတွင်း စီမံရေးရာဌာနစုတွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး အဆိုပြုလွှာများကို ၃၀-၄-၂၀၁၉ရက် ၁၅:၀၀ နာရီနောက်ဆုံးထား၍ ရုံးအမှတ် (၃၆)၊ ငါးလုပ်ငန်းဦးစီးဌာန၊ စီမံရေးရာဌာနစုသို့တင်ပြရပါမည်။ (သတ်မှတ်အချိန်ထက်နောက်ကျတင်ပြသည့် အဆိုပြုလွှာများကို လက်ခံမည်မဟုတ်ပါ။)

၃။ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်/ကုမ္ပဏီများမှပေးပို့လာသည့် (EOI) အဆိုပြုလွှာများအပေါ် အခြေခံ၍ ဒုတိယအဆင့်လုပ်ငန်းအလိုက် Open Tender ထပ်မံခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ငါးလုပ်ငန်းဦးစီးဌာန၊ ဖုန်း-၀၆၇၃-၄၀၈၄၇၄၊ ၀၆၇၃-၄၁၈၅၃၁ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

ဖခင်အမည်မှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ ကံ့ကော် T.G.T.C မှ မောင်ကျော်နှင်းခိုင်၏ ဖခင်အမည်မှန်မှာ ဦးဘိုဖြူ ၉/ပမန(နိုင်)၀၃၄၈၆၄ ဖြစ်ပါကြောင်း။

ဦးဘိုဖြူ

ပျောက်ဆုံးကြောင်း

ကျွန်တော် ထွန်းထွန်းရွှေ (ဘ) ဦးကျော်ရွှေ ၁၁/တကန(နိုင်)၀၈၃၄၅၁ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၃၆၇၅၃၂၈

ပျောက်ဆုံး ကြောင်း

ကျွန်တော် မင်းမင်းထိုက် (ဘ) ဦးဝင်းမောင် ၉/သစန(နိုင်) ၁၇၇၈၅၂၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၅၇၆၆၃၆၀**

ဝုဒ္ဓ မမွဲ သံယံ **San brotherhood**

Air-Con, ရေခဲသေတ္တာ၊အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။

Air-Con အဟောင်းများကို ဈေးကောင်းပေးဝယ်သည်။

တပ်ဆင်ပြီးဈေးနှုန်း Copper Pipe 10Ft
၁။ နာမည်ကြီး Brand
၂။ စိတ်ချရသည့်အာမခံ
၃။ အထူးအာမခံ (Compressor)

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"

ဇဝန (သယ်န်းကျွန်း) 09-5148138, 09-424222217
သမိုင်း(မရမ်းကုန်း) 01-709373, 09-73116475
နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
FMI City(လှိုင်သာယာ) 01-3681854, 09-5084831
နိဗ္ဗာန်လမ်း (ကြည့်မြင်တိုင်) 01-703684, 09-43130068
ဒညင်းကုန်း (ရွှေပြည်သာ) 09-5012419, 09-73126244
သုဓမ္မာလမ်း(မ/ဥက္ကလာ) 09-5190383, 09-73251535
အင်းဝအိမ်ရာ (တ/ဒဂုံ) 01-709114, 09-5019316
ရွှေဂုံတိုင်မီးပွိုင့် (ဗဟန်း) 09-43083868, 01-703241
ကျောက်မြောင်း (တာမွေ) 09-73004800, 09-73066836
ဆင်မင်းဈေးအနီး(အလုံ) 01-704101, 09-5002738
Capital အနီး (ဒေါပုံ) 09-5053114, 01-708842
ဘုရင့်နောင်လမ်းမ (လှိုင်) 09-5024365, 09-424222218

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ ရွှေနံ့သာရပ်ကွက်၊ မြေဧရိယာ ၀.၁၁၃မဝ၈၂ဧက၊ မြေကွက်အမှတ်(ဥ-၃၇၉)၊ ဦးမောင်ကျော် ၉/ပမန(နိုင်)၂၂၃၅၇၆ (ဘ) ဦးထင်ရွှေ အမည်ပေါက်ပါမစ်မြေကွက်ကို ဦးဌေးအောင် ၉/မတလ(နိုင်)၀၄၂၈၁၇ (ဘ) ဦးသင်းမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ သံလွင်-၃လမ်းရှိ မြေကွက်အမှတ်(ဥ-၁၅၀၈)၊ ဒေါ်စောညွန့် ၉/ဥတသ(နိုင်)၀၁၀၈၆၇(ဘ)ဦးစိန်ညို အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်လီမေ ၁၃/နဆန(ပြု)၀၀၀၀၇၈ (ဘ) ဦးရှိကွမ်းတင်မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အထွေထွေကိုယ်စားလှယ်လွှဲစာမိတ္တူ၊ မြေကွက်ယာယီချထားပေးသည့် စလစ်မိတ္တူများတင်ပြပြီးမြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်းပစ္စည်းများပြောင်းရွှေ့ခြင်း
အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
09254009334,
09254009335,
09254009336

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/7537 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/8466 Jinbei Mini Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးမြင့် ၉/မရမ(နိုင်)၀၂၅၃၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

တံဆိပ်အမည်အမှတ်အသား သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂×၆၄ကြား၊ ဒေလီယာလမ်း၊ အမှတ်(၀/၄၆)နေ ဦးအောင်ကျော်မိုး(ဘ)ဦးဇော်ဝင်း ၅/မမန(နိုင်)၀၅၀၀၉၅၏ လွှဲအပ်ညွှန်ကြားချက်အရ KYL KO YAN LIN **စက်ရုံသုံး၊ အိမ်သုံး၊ အပ်ချုပ်စက်နှင့် အပိုပစ္စည်းအမျိုးမျိုး၊ စက်ချုပ်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေး**အမည်ရှိ အောက်ဖော်ပြပါအမည်တံဆိပ် အမှတ်အသားကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄၄၂၅/၂၀၁၉)အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

RD (၄၄၂၅/၂၀၁၉)

အထက်ဖော်ပြပါ **KYL KO YAN LIN** အမည်တံဆိပ်အမှတ်အသားဖြင့် စက်ရုံသုံး၊ အိမ်သုံး၊ အပ်ချုပ်စက်နှင့် အပိုပစ္စည်းအမျိုးမျိုး၊ စက်ချုပ်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးကို မန္တလေးမြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဆိုင်ခွဲများဖွင့်လှစ်လုပ်ကိုင်ရန်အတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ **KYL KO YAN LIN** အမည်အမှတ်တံဆိပ်ဖြင့် **စက်ရုံသုံး၊ အိမ်သုံး၊ အပ်ချုပ်စက်နှင့် အပိုပစ္စည်းအမျိုးမျိုး၊ စက်ချုပ်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး**လုပ်ငန်းအား မန္တလေးမြို့တွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်မိတ်ဆွေပိုင်ဖြစ်သော **KYL KO YAN LIN** ဟူသော တံဆိပ်အမည်အမှတ်အသားကို မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ဂျပန်ဘာသာစသည့် ဘာသာစကားမျိုးစုံတို့ဖြင့် အသုံးပြုကာတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲခြင်းများမပြုကြပါရန်နှင့် အဆိုပါ **KYL KO YAN LIN** ဟူသော အမည်အမှတ်အသား၏ရှေ့မှသော်လည်းကောင်း၊ အလယ်မှသော်လည်းကောင်း၊ နောက်မှသော်လည်းကောင်း တစ်စုံတစ်ရာစာသားများဖြည့်စွက်၍ တံဆိပ်အမည်အား မှတ်ပုံတင်ခြင်းမပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ အကယ်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်မိုး(ဘ)ဦးဇော်ဝင်း	**ဦးခင်မောင်ကျော်ဆန်းထိုက်ဝင်း**	**ဒေါ်မြမြဌေး**
၅/မမန(နိုင်)၀၅၀၀၉၅	**(LL.B)**	**(LL.B)**
လွှဲအပ်သူ	**တရားလွှတ်တော်ရှေ့နေများ**	

အိုင်ကြီးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၀၂၅၃၄၈၀၁၊ ၀၉-၄၀၂၆၆၆၈၆၃

နိုင်ငံကျော် ဖွဲ့ထက် စိန်ရွှေရတနာဆိုင်
ဆိုင်အမှတ်(၈)ဆိုင်သစ်ဖွင့်ပွဲ
လမ်း(၈၀)၊ ၃၂ × ၃၃လမ်းကြား၊ မန္တလေးမြို့

ဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံကျော် ဖွဲ့ထက် စိန်ရွှေရတနာဆိုင်
ဆိုင်အမှတ်(၈)ဆိုင်သစ်ဖွင့်ပွဲ
လမ်း(၈၀)၊ ၃၂ × ၃၃လမ်းကြား၊ မန္တလေးမြို့

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးဆန်းဝင်း (ဖွဲ့ထက် စိန်ရွှေရတနာဆိုင်) ၏ မန္တလေးမြို့တွင် (၃၀-၃-၂၀၁၉ - စနေနေ့)၌ ဖွင့်လှစ်ခဲ့သည့် ဆိုင်ခွဲအမှတ် (၈) ဖွင့်လှစ်ခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပြီး လှိုက်လှိုက်လှဲလှဲ ကြိုဆို ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌ နှင့်
အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4A/2308 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/6824 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/5817 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကျွန်တော် စောအယ်ကလူဖောနှင့် ကျွန်မ မကြည်ကြည်ဝင်းတို့သည် ၂၉-၃-၂၀၁၉ရက်တွင် နှစ်ဖက်မိဘလူကြီးများရှေ့၌ စေ့စပ်ကြောင်းလမ်းပြီးစီးခဲ့ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
စောအယ်ကလူဖော-မကြည်ကြည်ဝင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၆၈၊ ကြိုးဆွဲကွင်း)၊ ဦးပိုင်အမှတ် (၂၉)၊ ဧရိယာ ၅ ဒသမ ၈၉၃၈ဧကအား မုံရွာမြို့နယ်၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန အမည်ဖြင့် မြေငှားဂရန်မြေလွဲလျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်(မြေလွှဲ)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လီတွေ့အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အများသိစေရန် အသိပေးရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော မကွေးမြို့၊ ရန်ကင်းဈေးအနီး၊ အထက(၁)လမ်းနှင့် ယုဇနလမ်းထောင့်နေ ဦးသူရစိုး ၈/မကန(နိုင်)၀၂၅၃၂၁နှင့် ဒေါ်အေးအေးမော် ၈/မကန(နိုင်)၀၂၅၃၂၂ ဇမ္ဗူရာဇ် စိန်ရွှေရတနာဆိုင်၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသူရစိုး လက်ရှိအသုံးပြုနေသော Thuya Soe ဟူသော Facebook Account အမည်သည် Hack ခံရပြီး မသမာသူလူများက ခိုးယူသုံးစွဲနေကြောင်း မကြာသေးမီအချိန်ကာလက သိရှိရပါသည်။ ထိုသို့ခိုးယူသုံးစွဲပြီး Thuya Soe ဟူသောအမည်ဖြင့် ဦးသူရစိုး၏ဓာတ်ပုံနှင့်တကွ Facebook လူမှုကွန်ရက်စာမျက်နှာတွင် ဦးသူရစိုးနှင့် ဒေါ်အေးအေးမော်တို့၏ ဂုဏ်သိက္ခာနှင့် မိသားစုဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေရန်သော်လည်းကောင်း၊ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန်သော်လည်းကောင်း အသုံးအနှုန်းများ ရေးသားဖော်ပြခဲ့ကြောင်း ကျွန်ုပ်တို့မိတ်ဆွေများ၏ ပြောပြချက်အရ သိရှိရပါသည်။

အဆိုပါရေးသားဖော်ပြချက်များသည် ဦးသူရစိုးနှင့် ဒေါ်အေးအေးမော်တို့ ကိုယ်တိုင်သော်လည်းကောင်း၊ ၎င်းတို့၏မိသားစုဝင်များသော်လည်းကောင်း ရေးသားဖော်ပြခြင်း လုံးဝ(လုံးဝ)မရှိပါကြောင်းနှင့် ဦးသူရစိုးအနေဖြင့် Thuya Soe ဟူသော Facebook Account အမည်အား ဆက်လက်သုံးစွဲခြင်းမရှိတော့ပါကြောင်း အများသိစေအပ်ပါသည်။

ထို့ကြောင့် အဆိုပါ ဦးသူရစိုး၏ ဓာတ်ပုံအားအသုံးပြုကာ Thuya Soe ဟူသော Facebook Account အမည်ဖြင့် ရေးသားဖော်ပြချက်များနှင့်ပတ်သက်၍ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေပြီး ဦးသူရစိုးနှင့် ဒေါ်အေးအေးမော်တို့၏ ကောင်းမွန်သောဂုဏ်သိက္ခာနှင့် အသရေကို ထိခိုက်နစ်နာစေသည့်အတွက် ထိုသို့ရေးသားဖော်ပြသူအား ရှာဖွေစုံစမ်းပြီး တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ

ဦးအောင်နိုင်ဝင်း စဥ်-၁၂၄၉၂	ဒေါ်မိုးမိုးထက် စဥ်-၁၀၀၁၅	ဦးဇော်ဇော်ထွန်း စဥ်-၅၀၀၈၁
LL.B, D.B.L, D.I.L	LL.B, D.B.L, D.I.L	LL.B
(တရားလွှတ်တော်ရှေ့နေ)	(တရားလွှတ်တော်ရှေ့နေ)	(အထက်တန်းရှေ့နေ)

၆၃လမ်း၊ လမ်း ၄၀ထောင့်၊ မဟာမြိုင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၀၂၅၅၆၀၀၁၊ ၀၉-၄၀၀၃၀၀၃၃၈၊ ၀၉-၄၀၂၅၇၀၉၁၅

စုပေါင်းပိုင်အဆောက်အအုံ (CONDOMINIUM)အဖြစ်သတ်မှတ်ကြော်ငြာခြင်း

